
www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

## သိုင်းလောကအငြိုးခံ မိုးပျံမြေခွေး

၃



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီ အဖြစ်အပျက်ကတော့ ကျွန်မရဲ့ ဖေဖေမြောင်ရင်ဖုန့် ကိုယ်တိုင်ပြောပြတဲ့ အဖြစ်အပျက်ပါပဲရှင်၊ ကိုယ်တော်ကြီး ပြောတဲ့ အဖြစ်အပျက်နဲ့ အတော်ကြီး ကွာခြားနေပါတယ်၊ နှစ်ပေါင်းနှစ်ဆယ့် ခုနစ်နှစ်ကျော် မှတ်သားလာရတာဆိုတော့ တစ်ချို့နေရာတွေမှာ ကွဲလွဲ ကောင်း ကွဲလွဲနိုင်ပါတယ်၊ ဒါပေမယ့် ဒီလောက် ကွဲကွဲပြားပြားကြီးတော့ မဖြစ်နိုင်ဘူးလို့ ကျွန်မထင်တယ်"

တရုတ်ဘုန်းကြီးအိုကြီး မျက်ခုံးဖြူပေါင်စုက ခေါင်းယမ်းပြီး ပြောတ၏။

"လုံမလေး ဖခင်ပြောတာ မဖြစ်နိုင်ပါဘူး"

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲရှင့်၊ သူကိုယ်တိုင် ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်ပဲရှင်"

"သူကိုယ်တိုင်ကြုံတွေ့ရတယ်ဆိုတာက ဘေးကလူလောက်

www.burmeseclassic.com

www.burmeseclassic.com



မသိနိုင်တဲ့ ကြုံတွေ့ရမှုမျိုးပါ။ သူဟာ သည်းထိတ်ရင်ဖို တိုက်ခိုက်နေရပါတယ်၊ ကျုပ်တို့ကတော့ ဘေးကနေ ခပ်အေးအေးပဲ ကြည့်နေရပါတယ်၊ ကျုပ်တို့လောက် ဘယ်လိုလုပ် ကွဲကွဲပြားပြား သိနိုင်ပါ့မလဲ လုံမလေးရဲ့''

မြောင်ယိုလန်က 'အင်း' ဟုပြောကာ ထပ်မံ၍ မပြောတော့ပေ။ သူမသည် ဖခင်ပြောပြသည့် စကားများကို ပြန်လှန်စဉ်းစားနေ၏။

ထိုစဉ် .....

''ခင်ဗျားတို့နှစ်ယောက်ပြောတဲ့စကားတွေဟာ အတော်ကလေး ကွဲပြားနေပါတယ်၊ ကွဲပြားမှာပေါ့ဗျာ၊ တစ်ယောက်က အမှန်အတိုင်း ပြောပြီး တစ်ယောက်က လိမ်ညာပြောနေမှတော့ ဒီအဖြစ်အပျက်ဟာ ဘယ်မှာ ထပ်တူ ဖြစ်နိုင်ပါတော့မလဲ''

ထိုစကားသံသည် ခန်းမကြီးထဲ၌ နားထောင်နေကြသည့် သိုင်းသမားအားလုံးကို အကြီးအကျယ် ထိတ်လန့်သွားစေခဲ့တော့သည်။

လူအားလုံး အသံလာရာသို့ ခေါင်းထောင်ကြည့်မိကြ၏။

ဤမျှ ကြာမြင့်ခဲ့ပြီဖြစ်သော အတိတ်မှ အဖြစ်အပျက်တစ်ခုအား ပြန်ပြောသူနှစ်ယောက်အနက် မည်သူမှားသည်၊ မည်သူမှန်သည် ဟု ဝင်ရောက် အဆုံးအဖြတ်ပေးသူကား မည်သူနည်း။

ထိုစကားကို ဝင်ရောက်ဖြေဆိုသူမှာ မျက်နှာ၌ ဓားဒဏ်ရာများကြောင့် အမာရွတ်များ ပြည့်နှက်နေပြီး လက်တစ်ဘက် ပြတ်နေသည့် အစေခံကြီး ဖြစ်နေသတည်း။

❀ ❀ ❀



## အခန်း (၁၄)
## သွေးကတိသစ္စာ

ဂုဏ်သရေရှိ အဆင့်မြင့်ပုဂ္ဂိုလ်ကြီးများ စကားပြောနေသည့်နေရာ၌ ဤလိုအစေခံမျိုးက ရုတ်တရက် ဝင်ပြောခြင်းမှာ လွန်စွာရိုင်းပျသည့် ကိစ္စတစ်ရပ်ဖြစ်သော်လည်း ချောင်ယွင်ချီမှာ ယင်းအဖြစ်အပျက်နှင့် ပတ်သက်၍ အလွန်တရာ စိတ်ဝင်စားနေပြီဖြစ်၍ ကြားဖြတ်မေးမြန်းလေတော့သည်။

''လုပ်စမ်းပါဗျ၊ ဘယ်သူက လိမ်ပြောနေတာလဲ၊ အပြည့်အစုံ ရှင်းပြမှ ကျုပ်တို့ သိတော့မပေါ့ဗျ''

ထိုအစေခံကြီးက ဆက်ပြောသည်။

''ဓေါစောက မျက်နှာဖြူပေါင်စု ကိုယ်တော်ကြီးနဲ့ သခင်မလေး မြောင်ယိုလန်တို့ ပြောတဲ့ကိစ္စ ဖြစ်ပျက်ခဲ့တဲ့နေရာမှာ ကျုပ်ကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



ရှိခဲ့ပါတယ်၊ ဒါကြောင့် အဲဒီအဖြစ်အပျက်တွေကို ကျုပ် အမှန်အတိုင်း သိမြင်ခဲ့ပါတယ်၊ ဒီမှာရှိတဲ့ သိုင်းသမားအားလုံးက နားထောင်ချင်တယ် ဆိုရင်တော့ ကျုပ်အနေနဲ့ ပြောပြဖို့ ဝန်မလေးပါဘူး''

မျက်ခုံးဖြူပေါင်စုက မိုးချုန်းသံဖြင့် အော်မေးလေ၏။

''မင်းက ကိုယ်တွေ့မျက်မြင်ဖြစ်ခဲ့တယ် ပြောရလောက်အောင် မင်းက ဘယ်သူမို့တုန်း ပြောစမ်း၊ မင်းဟာ ခေါင်းဆောင်ကြီးဖန်နဲ့ သခင်ကလေးထန်တို့ရဲ့ နောက်လိုက် သိုင်းသမားလား''

အစေခံကြီးက ပြုံးလိုက်၏။

သူ့မျက်နှာပေါ်က အမာရွတ်များကြောင့် သူ့အပြုံးမှာ လှမလာဘဲ သူ့ကို ပို၍ အရုပ်ဆိုးသွားစေ၏။

''ကိုယ်တော်ကြီးကသာ ကျုပ်ကို မမှတ်မိတာပါဗျ၊ ကျုပ်ကတော့ ကိုယ်တော်ကြီးကို ကောင်းကောင်းကြီး မှတ်မိနေပါတယ်''

''ဟောကောင်.....လေရှည်မနေစမ်းနဲ့ ငါ မေးတာကို ဖြေစမ်း၊ မင်းဘယ်သူလဲ၊ ငါ့ကို ဝေ့လည်ကြောင်ပတ် လုပ်နေရင် အရိုးတစ်ခြား အသားတစ်ခြား ဖြစ်သွားမယ်၊ နားလည်ရဲ့လား''

မျက်ခုံးဖြူပေါင်စု၏မျက်နှာမှာ ရှာတော့မည့်မိုးကဲ့သို့ မည်းအုံနေလေပြီ။ အစေခံကြီးသည် မြောင်ယိုလန်အား အကူအညီ တောင်းသလို လှမ်းကြည့်သည်။

''ကျုပ် ဒီအဖြစ်အပျက်တွေကို ခရေစေ့တွင်းကျ ပြောပြချင်ပါတယ်၊ ဒါပေမယ့် ကျုပ်ကို ခြိမ်းခြောက်နေတဲ့လူ ရှိနေပါပြီ၊ စကားကို ဆုံးအောင်မပြောရဘဲ တစ်ဝက်တစ်ပျက်နဲ့ အသေဆိုး သေရမယ့် အဖြစ်မျိုးကို ကျုပ် မလိုလားဘူး''

မြောင်ယိုလန်က လှမ်းမေးသည်။

''ရှင့်ကို ဘယ်သူက ခြိမ်းခြောက်နေလို့လဲဟင်''

အစေခံကြီးသည် မျက်ခုံးဖြူပေါင်စုအား တစ်ချက်လှမ်းကြည့်ပြီးနောက်.....

'''သခင်မလေးအနေနဲ့ ဒီလောက် နားမဝေးသင့်ပါဘူးဗျာ၊ ကျုပ်ကို အကြမ်းတမ်းဆုံး စစ်ကြောမေးမြန်းနေတဲ့လူဟာ ဘယ်သူလဲ၊ ဒီလူဟာ ကြောက်စရာအကောင်းဆုံးပါပဲ''

မြောင်ယိုလန်သည် ဆည်းလည်းသံကဲ့သို့သော အသံမျိုးဖြင့် ဟက်ဟက်ပက်ပက် ရယ်လေတော့၏။

''ရှင်က မျက်ခုံးဖြူပေါင်စုကိုယ်တော်ကြီးကို ပြောနေတာကိုး၊ ဒီလူသိုက်ထဲမှာ သူက ဝါစဉ်အကြီးဆုံးရှင်၊ သိုင်းလောကထဲမှာလဲ အတော်နာမည်ရနေတယ်၊ ဒီတောင်ကလပ်ထိပ်မှာ ရန်သူကို ကာကွယ်နိုင်မယ့် လူဆိုလို့ သူတစ်ယောက်ပဲ ရှိပါတယ်၊ ဒီလိုပုဂ္ဂိုလ်ကြီးဟာ ရှင့်ကို လက်ဖျားနဲ့ တို့ပုံ့မလားရှင်''

အစေခံကြီးက မဲ့ပြုံးပြုံး၍ ပြောလေ၏။

''လက်ဖျားနဲ့ မတို့ပေမယ့် ဓားနဲ့တော့ ထိုးချင်ထိုးမှာပေါ့ သခင်မလေးရာ၊ သခင်မလေးအနေနဲ့ ကျုပ်ကို ဘာမှ အကာအကွယ် မပေးနိုင်ဘူးဆိုရင်တော့ ကျုပ် ဘာမှ ဆက်မပြောလိုတော့ပါဘူး''



www.burmeseclassic.com

www.burmeseclassic.com



မြောင်ယိုလန်သည် ခေတ္တမျှ တွေဝေစဉ်းစားလိုက်သည်။ ထို့နောက် ညည်းညည်းညူညူကလေး ပြောသည်။

"အင်း.....ခက်တာပဲ၊ ကျွန်မကလဲ သိုင်းပညာမတတ်တော့ ရှင့်ကို ဘယ်လိုမှ အကူအညီ မပေးနိုင်ဘူး။ ဪ.....အင်း.....အင်း"

သူမသည် တစ်စုံတစ်ခုကို သတိရလိုက်ဟန်ဖြင့် ခန်းမ အထက်၌ ချိတ်ဆွဲထားသည့် ပိတ်စရှည်နှစ်စကို လှမ်းကြည့်လိုက်သည်။

သူမသည် 'မိုးအောက်မြေပြင် ပြိုင်ဘက်ကင်း' ဟူသော စာတန်းကို လက်ညှိုးထိုး၍ ပြောလိုက်သည်။

"အဲဒီ ပိတ်စရှည်ကို ရှင် ဖြုတ်လိုက်စမ်းပါ"

အစေခံကြီးသည် ခါးကြားမှ ဓားမြှောင်တိုနှစ်ချောင်းကို ဆွဲထုတ်လိုက်ပြီး ပိတ်စရှည်အား ဆိုင်းထားသည့် ကြိုးများကို ပစ်ပေါက် ဖြတ်တောက်လိုက်သည်။

ပိတ်စရှည်ကြီးသည် လေထဲ၌ ဝဲ၍ ကျလာလေ၏။ အစေခံကြီး က လက်တစ်ဘက်ဖြင့် ဖမ်းလိုက်သည်။

"အဲဒီပိတ်စရှည်ကို ရှင့်ရင်ဘတ်မှာ ချည်ထားလိုက်စမ်းပါ"

အစေခံကြီးမှာ အံ့ဩနေသဖြင့် 'ဗျာ' ဟုသာ ပြန်ပြောမိသည်။

ထိုပိတ်စရှည်ကို ရင်ဘတ်၌ ချည်ထားရကောင်းနိုးနိုး၊ အောက်သို့ ပြန်ချထားရနိုးနိုးဖြင့် ယောင်တိယောင်ချာ ဖြစ်နေလေ တော့သည်။

♛ ♛ ♛



အခန်း(၁၈)

## မြောင်ရင်ဖုန့် ကမ္ဗည်းစာတန်း

မြောင်ယိုလန်သည် အစေခံကြီး ဒိုတ့်ချတ့် ဖြစ်နေပုံကိုကြည့်ပြီး ပြုံးလိုက်မိသည်။

"ရှင်.....သေသေချာချာပဲ ဖတ်ကြည့်စမ်းပါဦးရှင်၊ ဒီပိတ်စ ပေါ်မှာ ဘာတွေ ရေးထားသလဲ၊ ဒီပိတ်စပေါ်မှာ 'မိုးအောက်မြေပြင် ပြိုင်ဘက်ကင်း' ဆိုတဲ့ ကမ္ဗည်းစာတမ်း ပါပါတယ်ရှင်။ ဒီကမ္ဗည်း စာတမ်းဟာ ကျွန်မဖေဖေရဲ့ ဘွဲ့အမည်ပါပဲ။ ဒီကမ္ဗည်းစာတမ်း ရှင်နဲ့ အတူ ရှိနေသမျှ ကာလပတ်လုံး ဘယ်သူမှ ရှင့်ကို လက်ဖျားနဲ့ မတို့စေရဘူး မှတ်ပါ။ ရှင့်ကို စော်ကားတဲ့လူဟာ ကျွန်မဖေဖေကို စော်ကားတဲ့လူပါ၊ သူ့ကို ဖေဖေပြန်ပြီး တုံ့ပြန်ပါလိမ့်မယ်"

အစေခံကြီးရော သိုင်းသမားများပါ သဘောပေါက်သွား

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

မှန်သည်ပေါ့။

မြောင်ရင်ဖုန့် ကမ္ဘည်းစာတမ်းကို မည်သူက တိုက်နိုက်စော်ကားရဲမလဲ။

တိုက်နိုက်ရဲသူသည် မြောင်ရင်ဖုန့်ကို စိန်ခေါ်သူ ဖြစ်သွားပေလိမ့်မည်။

အစေခံကြီးသည် ဝမ်းမြောက်ဝမ်းသာစွာ ပိတ်စရှည်ကြီးကို ရင်ဘတ်၌ စည်းနှောင်လိုက်သည်။

နိုးအောက်မြေပြင် မြို့ဘက်ကင်း ဩဇာအာဏာသည်မည်မျှ စူးရှသနည်းဆိုသော် အစေခံကြီးကို စားမလို ဝါးမလို ကြည့်နေသည့် မျက်နှာဖြူပေါင်စုသည်ပင်လျှင် သူ့ထိုင်ခုံ၌ တဖြည်းဖြည်း ပြန်ထိုင်ချလိုက်သည်ကို အားလုံး တွေ့ရှိလိုက်ကြရလေ၏။

ပေါင်စုသည် ထိုအစေခံကြီးကိုကြည့်၍ စဉ်းစားနေ၏။

လွန်ခဲ့သည့် နှစ်ဆယ့်ရှစ်နှစ်ခန့်က အဖြစ်အပျက်ကို ပြန်လည်မြင်ယောင်လာအောင် စဉ်းစားသည်။

အစေခံကြီး၏ရုပ်သွင်သည် သူ့မျက်စိထဲ လုံးဝ ပေါ်မလာဘဲ ရှိနေလေ၏။

"ရှင်.....အဲဒီထိုင်ခုံပေါ်မှာ ထိုင်ပါရှင်၊ အေးအေးဆေးဆေး ပြောပြပါ"

မြောင်ယိုလန်၏ ကြင်နာသောစကားများကို ကြားလိုက်ရသဖြင့်



အစေခံကြီး ပြုံးချိုသွားသည်။

"ကိစ္စမရှိပါဘူးဗျာ၊ ကျုပ် ရပ်ပြီး စကားပြောနိုင်ပါတယ်၊ စောစောက သခင်မလေး ဆက်ပြောဖို့ကျန်နေတဲ့ အကြောင်းအရာကလေးကို နည်းနည်း ဆက်ပြောပါလား"

"ကျွန်မ ဘာများ ကျန်ခဲ့လို့လဲရှင်"

"အဲ.....ဟို.....ဟို.....သူ့ရဲကောင်းကြီး ဟူယိတောင်းရဲ့သားငယ်ကလေးဟာ နောက်ဆုံး ဘာဖြစ်သွားသလဲ၊ အဲဒီသားငယ်ကလေးအကြောင်း သခင်မလေး မပြောရသေးပါဘူး"

မြောင်ယိုလန်က သက်ပြင်းချရင်း.....

"အင်း.....ပြောရမှာပေါ့ရှင်၊ ဒီလိုရှင့်၊ ဘဘကြီးဟူနဲ့ သူ့ဇနီးရဲ့ အလောင်းတွေကို ဖေဖေဟာ စားပွဲရှည်ကြီးပေါ် တင်ပြီး ဦးညွှတ် ဂါရဝပြုပါတယ်၊ 'ခင်ဗျားတို့ စိတ်ချလက်ချ သွားကြပါတော့၊ ခင်ဗျားတို့ရဲ့ သားကလေးကို လူလားမြောက်အောင် ကျုပ် စောင့်ရှောက်ပါ့မယ်'လို့ ကတိသစ္စာပြုတယ်"

အစေခံကြီးက.....

"အင်း.....သူ့ရဲကောင်းကြီးမြောင်လောက် တည်ကြည်တဲ့လူကတော့ ဒီလောကမှာ မရှိပါဘူးဗျာ"

မြောင်ယိုလန်က ဆက်ပြော၏။

"ကျွန်မဖေဖေဟာ ဒီလို သစ္စာပြုပြီးတဲ့အခါမှာ ကလေးငယ်ကို မွေးမြို့ ကိုယ်ကို လှည့်လိုက်ပါတယ်၊ အဲဒီအခါမှာ ကလေးငယ်ဟာ

www.burmeseclassic.com

www.burmeseclassic.com



သူ့မိခင်ထားတဲ့နေရာမှာ မရှိတော့ပါဘူးရှင်''

ခန်းမကြီးထဲ၌ ဟင်ခနဲ ဟယ်ခနဲ အသံများ ဆူညံသွားသည်။

''တည်းခိုခန်းထဲမှာ လူတွေ အာရုံစိုက်နေကြတာက ဟူယီတောင်းနဲ့သူ့ဇနီး သေဆုံးပုံကိုပဲ၊ ကလေးငယ်ကိုတော့ ဘယ်သူမှ သတိမထားမိကြဘူး။ ကလေး မရှိမှန်းလဲ သိရော ဖေဖေဟာ ခေါင်းဆောင်ကြီးဖန့်နဲ့ သခင်လေးထန်ရဲ့ နောက်လိုက်တွေကို လိုက်ရှာဖို့ အမိန့်ပေးလိုက်တယ်၊ ဖေဖေဟာ ဟူယီတောင်းရဲ့ ကန်ချက် အထိခံထားရတဲ့အတွက် ပြေးပြေးလွှားလွှား မလုပ်နိုင်ပါဘူး။ 'အဲ့'ခနဲ အော်လိုက်တဲ့ ကလေးငယ်အသံကို တည်းခိုခန်းရဲ့ အနောက်ဘက်မှာ ကြားလိုက်ရတာနဲ့ ဖေဖေလဲ အားတင်းပြီး ပြေးကြည့်ပါတယ်''

ချောင်ယွင်ချီ မနေနိုင်မထိုင်နိုင် ဖြတ်၍ ဝင်မေးပြန်သည်။

''ကလေးကို တွေ့ရောလား''

''ဖေဖေ့ကို ဘေးက သိုင်းသမားတွေက ဝိုင်းပြီး ဖေးမပေးကြရပါတယ်၊ တည်းခိုခန်းရဲ့အနောက်ဘက် ခပ်လှမ်းလှမ်းမှာ ရေစီးသန်တဲ့ ချောင်းတစ်ခု ရှိပါတယ်၊ လမ်းခုလတ်မှာ ကလေးရဲ့ အနီးပိတ်စကို ကောက်ရတယ်၊ တစ်ယောက်ယောက်က ကလေးကို ဒီလမ်းအတိုင်း ယူပြေးပြီဆိုတာ သေချာသွားတာပေါ့''

ချောင်ယွင်ချီက အလောတကြီး ဝင်မေးပြန်၏။

''ကလေးလေးကို တွေ့ရသလားဟင်''

သိုင်းသမားများသည် မြောင်ယိုလန် စကားပြောပျက်အောင်



ဝင်ပြောရပါမည်လား ဟူသည့်အကြည့်များဖြင့် ချောင်ယွင်ချီအား ဝိုင်းကြည့်ကြသဖြင့် ချောင်ယွင်ချီမှာ အသာငြိမ်လိုက်ရသည်။

မြောင်ယိုလန်က.....

''မြေပြင်ပေါ်မှာ အနီးပိတ်စကိုတင် ပြန်ရတာ မဟုတ်ဘူး။ သွေးကွက်တစ်ကွက်လည်း တွေ့ရတယ်၊ ကလေးငယ်ကိုတော့ လုံးဝမတွေ့ရဘူး။ ဘာအစအနမှ မတွေ့ရတော့ပါဘူးရှင်''

နားထောင်နေသူအားလုံး သက်ပြင်းရှည်ကြီးကိုသာ ချမိတော့သည်။

မြောင်ယိုလန်က ဆက်ပြော၏။

''ဖေဖေက ပြောခဲ့တယ်၊ ဟူမိသားစုအပေါ် ရန်ငြိုးကြီးမားတဲ့ လူတစ်ယောက်ယောက်က ကလေးငယ်ကို ခိုးပြေးပြီး ဓားနဲ့ခုတ်သတ်၊ နောက်ပြီး ချောင်းထဲ ပစ်ချလိုက်တာ ဖြစ်နိုင်သတဲ့၊ ဖေဖေဟာ သိုင်းသမားတွေအားလုံးကို ပိုက်စိပ်တိုက် ရှာခိုင်းတယ်၊ ကလေးငယ်ရဲ့ အလောင်းကိုလဲ လုံးဝ မတွေ့ရဘူး။ လူသတ်သမားရဲ့ အရိပ်အရောင်ကိုလဲ လုံးဝ မတွေ့ရဘူးတဲ့ နောင်ဆုံးတော့ ဖေဖေဟာ ရှာဖွေရေးကိစ္စကို လုံးဝ လက်လျှော့လိုက်တယ်''

ချောင်ယွင်ချီက.....

''လူသတ်သမားကို လုံးဝ မရှာကြဘူးပေါ့ ဟုတ်လား''

မြောင်ယိုလန်က ခေါင်းခါရင်း.....

''မရှာဘူးဆိုတာက အဲဒီတည်းခိုခန်းနောက်ဘက် ချောင်းရေ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဝိုက်မှာပါ။ သူတို့ ရှာပေမဲ့ သဲလွန်စ လုံးဝ မတွေ့လို့ အဲဒီအချိန်ပိုင်း အတွက် လက်လျှော့တာပါ၊ ဘယ်တစ်သက်လုံး ဒီလူသတ်သမားကို သူမသေမချင်း တစ်သက်လုံး လိုက်ရှာပြီး သတ်ပါ့မယ်လို့ သစ္စာပြု ပါတယ်''

သိုင်းသမားများအားလုံး ကြက်သီးထသွားကြ၏။

မြောင်ရင်ဖုန့်၏ လက်စားချေမှုကို ခံရသည့်သူသည် ဂျွန်ဖြစ်၍ မိုးပျံသော်လည်း မလွတ်နိုင်၊ နဂါးဖြစ်၍ မြေလျှိုးသော်လည်း မလွတ် နိုင်ဟု တွေးတောနေမိကြသည်။

မြောင်ယိုလန်က ဆက်ပြော၏။

''အဲဒီတုန်းက ကျွန်မဟာ ကလေးဘဝမှာပဲ ရှိပါတယ်၊ ဖေဖေ ဟာ ဓားကြီးကို အမြဲတမ်း သွေးသွေးနေတယ်၊ လူတစ်ယောက်ကို မဖြစ်ဖြစ်အောင် သတ်ရမယ်လို့လဲ အမြဲတမ်း တတွတ်တွတ် ရေရွတ် တယ်၊ သူ သတ်ရမယ့်လူဟာ ကလေးကို သတ်သွားတဲ့လူပဲပေါ့''

ထန်ချင်ဝင်းက.....

''ကလေးသတ်တဲ့ လူသတ်သမားကို နောက်တော့ တွေ့သေး လား''

မြောင်ယိုလန်က.....

''ခုထိ မတွေ့သေးပါဘူး။ ကျွန်မနည်းနည်း သိတတ်လာတော့ ဖေဖေ့ကို ပြောပြပါတယ်၊ ကလေးဟာ သေချင်မှသေမယ်၊ တစ်ယောက် ယောက်က ကယ်တင်သွားတာ ဖြစ်ချင်ဖြစ်မယ်၊ ကလေးဟာ အသက်ရှင်



နေနိုင်ပြီး လူလားမြောက်ချင် မြောက်နေမှာပါလို့ ပြောပြခဲ့ပါတယ်''

ချောင်ယွင်ချီက.....

''သူ့ရဲ့ကောင်းကြီး မြောင်ရင်ဖုန့်က လက်ခံသလား''

မြောင်ယိုလန်က ခေါင်းခါရင်း.....

''ဖေဖေက လက်မခံပါဘူး။ သူ့စိတ်ထဲမှာ ကလေးဟာ အသက်ခံသွားရပြီလို့ချည်း ထင်နေတယ်၊ ဒါပေမယ့် ဖေဖေကတော့ 'သမီးပြောသလို ဖြစ်ပါစေ'လို့ ဆုတောင်းရှာပါတယ်၊ ကျွန်မလဲ ဖေဖေ မမိမြင်သေးဘဲ ဖြစ်နေတဲ့ ဝေဒနာသက်သာအောင် ကလေးလေးဟာ ကောက်လက် အသက်ရှင်နေပါစေလို့ အမြဲပဲ ဆုတောင်းခဲ့ပါတယ်ရှင်''

မြောင်ယိုလန်၏အသံသည် ပြောရင်းပြောရင်း လေးနက်သည် ထက် လေးနက်လာ၏။

''ဖေဖေက ကျွန်မကို ပြောခဲ့ဖူးတယ်၊ 'သမီးလေးကို ဖေဖေ့ အသက်ထက် ပိုပြီးချစ်တယ်ဆိုတာကို သမီးယုံပါ'တဲ့၊ ဒါပေမယ့် ဟွယ်သိတောင်းရဲ့ရင်သွေးကလေး အသက်ရှင်ဖို့ သမီးကလေးရဲ့ အသက် ကို ပေးလျော်ရင် ဟွယ်သိတောင်းရဲ့ရင်သွေးကလေး အသက်ရှင် စေရမယ် လို့ တန်ခိုးရှင် နတ်ဒေဝတာတစ်ပါးပါးက ဖေဖေ့ကို ပြောလာရင် သမီး လေးရဲ့အသက်ကို ဖေဖေ ပေးလျော်မိမှာပါ'တဲ့၊ ကဲရှင်..... ကျွန်မ ဖေဖေဟာ ဘကြီးဟွရဲ့ သားကလေးအပေါ် ဘယ်လောက်မေတ္တာ ဖေတနာထားတယ်ဆိုတာ ရှင်တို့ပဲ စဉ်းစားကြည့်ကြပါတော့ရှင်''

နားထောင်နေသူ သိုင်းသမားများအားလုံးသည် စုတ်တသပ်

www.burmeseclassic.com

www.burmeseclassic.com



သပ်ဖြင့် အုံ့ဩကုန်ကြ၏။

မိုးအောက်မြေပြင် ပြိုင်ဘက်ကင်းဟု ကျော်ကြားသည
မြောင်ရင်ဖုန့်၏ သူရဲကောင်းစိတ်ဓာတ်ကား ရင်သပ်ရှုမောဖွယ်ရ
ထူးခြားလှပေတကား။

ကလေးငယ်အကြောင်း မေးမြန်းခဲ့သည့် အစေခံကြီးသည
မျက်ရည်များဝေ့နေသော မျက်လုံးကို လက်ခုံဖြင့် ပွတ်သပ်လိုက်၏
သူက ကြေကွဲဆို့နစ်စွာ စကားပြောသည်။

''သခင်ကြီးဟူယီတောင်းနဲ့ သခင်ကြီးကတော်ရဲ့ ဝိညာ
တွေဟာ တမလွန်ဘဝကနေ သခင်မလေးရဲ့ဖခင်ကြီးနဲ့ သခင်မလေ
တို့ကို ကျေးဇူးတင်နေမှာပါကွယ်''

ထိုစကားကို ကြားလိုက်ရသောအခါ လူအားလုံး အထိတ
တလန့် ဖြစ်သွားကြလေ၏။

သူတို့သည် အစေခံကြီးအား ဤတောင်ကလပ်ထိပ်မှ အစေ
တစ်ယောက်ယောက်ဟု ထင်မြင်ခဲ့ကြသည်။

သို့သော် ယခု သူ၏အမူအရာနှင့် စကားများအရ ဤတော
ကလပ်ထိပ်မှ အစေခံ မဟုတ်ကြောင်း အားလုံး သိသွားကြတော့သည
ဤသို့ဆိုလျှင် ဤသူသည် မည်သူ၏အစေခံဖြစ်သနည်း။

လူအားလုံး၏ မျက်လုံးအစုံစုံတို့သည် အစေခံကြီး၏ ခန္
ကိုယ်ပေါ်သို့ စုပြုံကျရောက်လာလေတော့၏။

ဘုရှာစိုးကြီးယီသည် ခပ်စောစောကတည်းက ဤအစေ



ကို စစ်ကြောမေးမြန်းလိုခဲ့သည်။

သို့သော် အရေးတကြီး ပြောနေသည့် စကားဝိုင်းကို သူ့ကြောင့်
ပျက်စီးစေလိုသဖြင့် ဝင်ရောက်မေးမြန်း စပ်စုခြင်း မပြုခဲ့ပေ။

ယခု မေးမြန်းခွင့် ကြုံလာ၍ မေးမြန်းရန် ပါးစပ်ပြင်လိုက်သော်
၊ ခန်းမထဲရှိ လူအားလုံးက အစေခံကြီးပြောသည့်စကားကို
နားလိုလှသဖြင့် နားတစွင့်စွင့်ဖြစ်နေသည်ကို မြင်လိုက်ရသောကြောင့်
မေးမြန်းရန်စမ်းမည့်စကားလုံးများကို အသာပြန်မျိုချလိုက်ရပေတော့၏။

ထိုစဉ်မှာပင် အစေခံကြီးသည် စိတ်ဝင်စားဖွယ်ရာ ဇာတ်
ကြောင်းကို ပြန်လှန်ပြောကြားလေတော့၏။

''ဟိုးလွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ဆယ့်ခုနစ်နှစ်အချိန်ကပေါ့၊ ကျုပ်
ဟာ ချန်ကျိုးမြို့မှာရှိတဲ့ စားသောက်ဆိုင်ကြီးတစ်ခုရဲ့ အလုပ်သမား
လေးတစ်ဦး ဖြစ်ခဲ့ပါတယ်''

အစေခံကြီး၏ စကားလုံးများက ခန်းမထဲရှိ သိုင်းသမားကြီး
များအား လွန်ခဲ့သည့် နှစ်ဆယ့်ခုနစ်နှစ်တည်းဟူသော အတိတ်ကာလ
သို့ ပြန်လည်ခေါ်ဆောင်သွားလေတော့၏။

\+ + +

ချန်ကျိုးမြို့။

ဝမ်စိန်း စားသောက်ဆိုင်ကြီး။

ချန်ကျိုးမြို့ စည်ကားသကဲ့သို့ ဝမ်စိန်းစားသောက်ဆိုင်ကြီးက
ကြီးမားခန့်ညားသည်။

www.burmeseclassic.com

www.burmeseclassic.com



အလွန်တရာ လူစည်ကားသည်။

စားသောက်သူများဖြင့် အမြဲတမ်း ပြည့်နှက်နေတတ်သည်

ထိုဆိုင်၌ လက်တိုလက်တောင်း နိုင်းစေခံရသည့် အလုပ်ကြ

သမားကလေးတစ်ယောက် ရှိ၏။

ထိုသူကား ဖိန်အာစစ် ပင်တည်း။

ဖိန်အာစစ်သည် အလွန်တရာ ဆင်းရဲနွမ်းပါးသူဖြစ်၏။

သူ၏မိဘနှစ်ပါးသည် ဆင်းရဲတွင်း နက်လှသဖြင့် ထမင်း

မှန်အောင်ပင် မစားသောက်နိုင်ကြချေ။

သူ့မိဘနှစ်ပါးသည် အလုပ် မလုပ်လိုသူ၊ ဝီရိယ မရှိသူမျ

မဟုတ်ကြချေ။

နေ့ရောညပါ အလုပ်ကိုကြိုးစား၍ လုပ်ကိုင်ကြသည့် တောင်

လယ်သမားများ ဖြစ်ကြသည်။

သို့သော်.....

သူတို့လယ်ယာမြေကို ပိုင်ဆိုင်သည့် မြေရှင်ကြီး လျောင်တာ

သည် အလွန်တရာ လူမဆန်သည့် မြေရှင်ဆိုးကြီး ဖြစ်လေသည်။

သူ့လယ်မြေ၌ လယ်လုပ်သည့် ဖိန်အာစစ်၏ မိဘနှစ်ပါးသည

သုံးနှစ်အတွင်း လျောင်တက်အား ပေးဆပ်ရန် လျှန်ငွေ လေးဆယ

အကြွေးတင်လာခဲ့သည်။

ဖိန်အာစစ်၏မိဘများအဖို့ စားသောက်ရန်ပင် အနိုင်နိုင်ဖြစ်

နေရာ လျှန်ငွေလေးဆယ်ကို ပြန်လည်ပေးဆပ်ရန်ကိစ္စကို အိပ်မက်ပင်



...ကိုနိုင်ပုံချေ။

တစ်နေ့တွင် မြေရှင်ကြီးလျောင်တက်၏ လက်ပါးစေများက

...အာစစ်၏ဖခင်အား လာရောက် ခေါ်ငင်သွား၏။

လျောင်တက်သည် ဖိန်အာစစ်၏ဖခင်အား အလဲအလှယ်

...မှု လုပ်မည်ဟု ပြောဆို၏။

သူ့အလဲအလှယ်ကား ရင်နာဖွယ်ကောင်းလှသည့် အလဲ

...လှယ် ဖြစ်သည်။

ဖိန်အာစစ်၏ဖခင်ကသာ ဇနီးသည်အား တစ်လသုံးကြိမ်

...လို ပို့ဆက် ခြေတော်တင် ခံပါက လျှန်ငွေလေးဆယ်ကို မယူတော့ဘဲ

...လိုက်မည်ဟု လျောင်တက်က ဆိုသည်။

ဖိန်အာစစ်၏ဖခင်သည် မြေရှင်ကြီးအား အစဉ်အဆက်က

...လန့်ခဲ့သူဖြစ်သော်လည်း မယားထိ ဓားကြည့်ဆိုသည့် မယားချစ်

...လူစားမျိုးဖြစ်ရာ မော်မကြည့်ဝံ့သော မြေရှင်ကြီးအား ရိုင်းရိုင်းစိုင်းစိုင်း

...ပြောခဲ့သည်။

မါးခါးသီးသီး ငြင်းဆန်ခဲ့သည်။

ထိုသို့ တုံ့ပြန်ခဲ့ရသည့် ရလဒ်ကား သူ့အတွက် ကြီးမားသော

...ကို ဖြစ်စေခဲ့သည်။

လက်ပါးစေများ၏ အပြင်းအထန် ရိုက်နှက်မှုကို ခံကြရလေ

...သည်။

ထိုမှသာမကသေး တစ်လအတွင်း သူ့ငွေလျှန်လေးဆယ်ကို

www.burmeseclassic.com

www.burmeseclassic.com



မဆပ်နိုင်ပါက ယခုထက်ဆိုးရွားသော အဖြစ်မျိုးကို ကြုံတွေ့စေရမည်
ခြိမ်းခြောက်ရာဖသ် ပေးလိုက်သေး၏။

သတိလစ်မေ့မျောနေသော ဖိန့်အာစစ်၏ဖခင်ကို လျှောင်တ
၏လက်ပါးစေများက ဖိန့်အာစစ်တို့၏တဲရှေ့၌ ခွေးသေဝက်
ပစ်ချသလို လာရောက်ပစ်ချခဲ့သည်။

ဖိန့်အာစစ်နှင့် သူ၏မိခင်တို့သည် ရှိရှိသမျှသော ဆေး
ကလေးများဖြင့် ပြန်လည်ပြုစု ကုသကြရသည်။

ဖိန့်အာစစ်၏ဖခင် သတိပြန်ရလာပြီး အကြောင်းစုံသိရသေ
အခါ သားအမိသားအဖသုံးယောက်စလုံး ခေါင်းချင်းဆိုင် ငိုကြွေးမိ
တော့သည်။

သုံးနှစ်အချိန်အတွင်း၌ ရှာဖွေ၍မရသော လျှော်ငွေလေးဆယ
တစ်လအတွင်း၌ အဘယ်မှာလျှင် ရှာဖွေရရှိနိုင်ပါအံ့နည်း။

ဖိန့်အာစစ်၏ဖခင်က ကြေကွဲစွာ ပြော၏။

"မိန်းမရေ၊ ဒီတစ်လအတွင်း လျှော်ငွေလေးဆယ်ကို မပေးဆ
နိုင်ရင်တော့ မြေရှင်ကြီးက ငါ့ကိုလဲ သတ်လိမ့်မယ်၊ မင်းကိုလဲ ခြေတေ
တင်လိမ့်မယ်၊ ဒီတော့ မထူးတော့ဘူး။ တို့နှစ်ယောက် အတူတူ သေလို
ကြတော့မှ ဒီမြေရှင်ဆိုးရဲ့ အန္တရာယ်က လွတ်ကင်းတော့မယ် မိန်းမရယ်

ဖိန့်အာစစ်၏မိခင်ကလည်း သတ်သေရန် သဘောတူသည်

သို့သော်.....

ဖိန့်အာစစ်ကလေးက သနားစဖွယ် တောင်းပန်သောအ

———❀———



မိဘနှစ်ပါး စိတ်ပြောင်းသွားကြသည်။

ဖိန့်အာစစ်က.....

"အဖေနဲ့အမေ သတ်မသေကြပါနဲ့ဗျာ၊ အဖေနဲ့အမေ သတ်သေ
ကြရင် သားတစ်ယောက်တည်း ဒီလောကကြီးထဲမှာ ဥတစ်လုံး တစ်
ကောင်ကြွက် ဖြစ်ကျန်ခဲ့မှာပေါ့၊ ဒီလျှော်လေးဆယ် ရအောင် သား ကြိုး
စားပါဦးမယ်၊ တစ်လမပြည့်ခင် အတောအတွင်း အဖေနဲ့အမေတို့
သတ်သေဖို့ မကြိုးစားပါနဲ့နော်"

ဖိန့်အာစစ်၏မိဘနှစ်ပါးသည် မျက်ရည်လည်ရွှဲဖြင့် ခေါင်းညိတ်
ပြကြသည်။

ဤသို့ဖြင့် ဖိန့်အာစစ်ကလေးသည် ချန်ကျိုးမြို့၊ ဝမ်စိန်း
စားသောက်ဆိုင်ကြီး၌ ပင်ပန်းကြီးစွာသော အလုပ်များကို ဝင်ရောက်လုပ်
ကိုင်ရတော့သည်။

ဖိန့်အာစစ်သည် တောက်တိုမယ်ရ အလုပ်ပေါင်းစုံကို လုပ်ရ
သည်သာမက စားသောက်ဆိုင်၌ ဧည့်သည်များ ကျလာသောအခါတွင်
စားပိုဆောင်၌ မီးထိုးသည့်အလုပ်ကိုလည်း လုပ်ရပေသေးသည်။

ထိုအလုပ်မှာ မီးအလွန်ပူသဖြင့် ဖိန့်အာစစ်မှာ အရွယ်နှင့်
မမျှအောင် ပင်ပန်းမှုဒဏ်ကို ခံနေရရှာသည်။

သူသည် ညဘက် ဆိုင်သိမ်းသောအခါ ရတတ်သမျှအချိန်
ကလေးကို လှ၍ မိဘနှစ်ပါးနှင့်အတူ ပြန်အိပ်သည်။

သူ့ကို မတွေ့ပါက သူ့မိဘနှစ်ပါး စိတ်ခတ်ကျဆင်းပြီး

———❀———

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကို သေကြောင်းကြံမည်ကို သူ အလွန်စိုးရိမ်မိလေသည်။

ဤသို့ဖြင့် အိမ်နှင့်ဆိုင်၊ ဆိုင်နှင့်အိမ် ကူးလူးရှုန်းကန်နေခိုက် တစ်ညတွင် ဝမ်စိန်းစားသောက်ဆိုင်သို့ ဧည့်သည်အတော်များများ ဆိုက်ရောက်လာသည်။

ထို့ကြောင့် စားသောက်ဆိုင်ရှိ အလုပ်သမားများ မနားတမ်း အလုပ်များကြရတော့သည်။

ဖိန်အာစစ်မှာ မီးဖိုနားမှ မခွာရအောင် မီးထိုးပေးနေရ တော့သည်။

ထိုညတွင် ဖိန်အာစစ်မှာ သူ၏မိဘများထံသို့ မပြန်နိုင်တော့ပေ။

ဝမ်စိန်းစားသောက်ဆိုင်ကြီးသို့ နောက်ထပ်ရောက်ရှိလာသူမှာ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများဖြင့် ပြည့်နေသော ကြီးမားကြံ့ခိုင်လှသည့် လူနှင့် သူ့ဇနီး ကိုယ်ဝန်ဆောင်အမျိုးသမီးတည်း။

ထိုည၌ပင် ထိုလူ၏ဇနီးသည် သားကလေးတစ်ယောက်ကို မီးရှူးသန့်စင် ဖွားမြင်သည်။

ထိုဝမ်စိန်း စားသောက်ဆိုင်၌ ဆိုင်ပိုင်ရှင်ထက် ပို၍ကြောက်ရွံ့ ရသူမှာ ငွေကိုင်စာရေးကြီးဖြစ်သည်။

ငွေကိုင်စာရေးကြီးသည် ကြင်နာတနာမှု မရှိသူဖြစ်၍ မီးဖိုဘေး၌ အလွန်တရာ အလုပ်များနေသော ဖိန်အာစစ်အား မီးဖွားနေသူ ဧည့်သည်နှစ်ဦးထံသို့ ဟင်းလျာပန်းကန်များ ပို့ခိုင်းလေသည်။

ဖိန်အာစစ်သည် ပင်ပန်းနေသည်ကတစ်ကြောင်း၊ သူ၏



မိဘများအတွက် စိုးရိမ်ကြောင့်ကြနေသည်တို့ကတစ်ကြောင်းတို့ကြောင့် လက်ထဲမှ ပန်းကန်များ ကျကွဲသွားခဲ့ရသည်။

ထိုနေရာသို့ ချက်ချင်းရောက်ရှိလာသူမှာ ငွေကိုင်စာရေးကြီးပင် ဖြစ်တော့၏။

"ခွေးကောင် မင်း ဘာအသုံးကျလဲ၊ ဒီပန်းကန်ကလေးတောင် မြဲအောင်မကိုင်နိုင်ရင် မင်းကိုဒီဆိုင်မှာ ဘယ်လိုလုပ် ခိုင်းရတော့မလဲ"

"ဖြန်း.....ဖြန်း.....ဖြန်း"

ဖိန်အာစစ်၏ ပါးနှစ်ဘက်မှာ ပူစပ်သွား၏။

ပါးနှစ်ဘက်စလုံး ချက်ချင်း ယောင်ကိုင်းလာသည်။

ဖိန်အာစစ်သည် သူ့ဘဝကို ကြေကွဲ ဝမ်းနည်းလွန်းလှသဖြင့် မီးဖိုချောင်ထောင့်တစ်ထောင့်၌ထိုင်ကာ ရှိုက်ကြီးတငင်ငိုကြွေးမိတော့ သည်။

ထိုစဉ် တည်းခိုခန်း၏ မီးဖိုချောင်အတွင်းသို့ ပိုင်စိုးပိုင်နင်း ဝင်လာသူကား မုတ်ဆိတ်ပါးသိုင်းမွေးများဖြင့် ပြည့်နှက်နေသည့် လူထွားကြီးသာတည်း။

ငွေကိုင်စာရေးကြီးသည် ထိုလူ ဝင်လာသောအခါ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားလေတော့၏။

"သ.....သခင်ကြီး ဟူယိတောင်း၊ ဘာများ အလိုရှိပါသလဲ ခင်ဗျား၊ လိုတာရှိရင် အခန်းထဲက မှာလိုက်ရုံနဲ့ ရပါတယ်ခင်ဗျ၊ မီးဖိုဆောင်အထိ လိုက်လာဖို့ မလိုပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဟူယိတောင်းသည် အခန်းထောင့်၌ ရှိုက်ကြီးတငင် ငိုကြွေးနေသော ဖိန်အာစစ်ကို လက်ညှိုးထိုးပြလိုက်ပြီး.....

"သူ့ကို ခင်ဗျား ဘာဖြစ်လို့ ရိုက်တာလဲ"

"သူ.....သူ.....သခင်ကြီး ဟူယိတောင်းတို့အခန်းထဲ ပို့ပေးရမယ့် ပန်းကန်နှစ်လုံးကို ခွဲပစ်လိုက်လို့ပါ"

ဟူယိတောင်း၏အသံက မာကြောခက်ထန်စွာ ထွက်ပေါ်လာသည်။

"ခင်ဗျားကို ကျုပ် တစ်ခုပြောထားတယ်၊ ဒီလို ဆင်းရဲနွမ်းပါးတဲ့ အလုပ်သမားတွေကို ဘယ်တော့မှရက်ရက်စက်စက် မရိုက်ပါနဲ့၊ ကျုပ်ရှိနေတုန်း နောက်တစ်ခါ ရိုက်တာတွေ့ရင် ခင်ဗျားပေါင်နှစ်ခြမ်းကို ခွဲပြပစ်မယ်၊ နားလည်လား.....သွား"

ငွေကိုင်စာရေးကြီးမှာ ကြောက်ဒူးတုန်လျက် ပြေးထွက်သွားသည်။

အကြောက်လွန်နေသဖြင့် တန်းတန်းမတ်မတ် ဖြောင့်ဖြောင့်ဖြူးဖြူးပင် မပြေးနိုင်ဘဲ အလဲလဲ အပြိုပြို ပြေးထွက်သွားရရှာသည်။

ဟူယိတောင်းသည် အခန်းထောင့်တွင် ထိုင်ငိုနေသည့် ဖိန်အာစစ်၏ရှေ့၌ ဒူးထောက်ထိုင်ရင်း ညင်သာချိုသာသောလေသံဖြင့် မေးမြန်းလေ၏။

"ညီလေး.....မင်းဘာဖြစ်လို့ ရှိုက်ကြီးတငင် ငိုနေရတာလဲကွ၊ ဟိုစာရေးစုတ် ရိုက်လို့ ငိုနေတာလား၊ ဒီစာရေးစုတ် နောက်တစ်ခါ



မင်းကို မနှိပ်စက်ရဲတော့ပါဘူးကွ"

ဖိန်အာစစ်သည် ထိုအခါကျမှ ငို၍ ဝမ်းနည်းလာပြီး မျက်ရည်များ ပို၍ကျလာတော့သည်။

ငိုချင်လျက် လက်တို့ ဆိုသည့်စကား ရှိသည်မဟုတ်ပါလော။

ဟူယိတောင်းသည် ဖိန်အာစစ်ကိုကြည့်၍ အတန်ကြာစဉ်းစားနေ၏။

ထို့နောက်.....

"ကောင်းပြီ၊ ငါသဘောပေါက်ပြီ၊ မင်းမှာ အခက်တစ်ခု ရှိရမယ်၊ မင်းမှာ ဘာတွေ စိတ်ဆင်းရဲစရာ ရှိနေသလဲ.....ပြော၊ ငါ ကူညီနိုင်တာရှိရင် ကူညီမယ်ကွ"

ဟူယိတောင်းသည် ထိုစကားကို သုံးကြိမ်တိုင်တိုင် ပြော၏။

ဖိန်အာစစ်သည် ဟူယိတောင်း၏အားပေးမှုကြောင့် အားတက်လာပြီး သူ့မိဘများ၏ အခက်အခဲများနှင့် အဖြစ်အပျက် အလုံးစုံကို တစ်ခုမကျန် ရှင်းပြလိုက်တော့သည်။

ဟူယိတောင်းသည် ဖိန်အာစစ်တို့၏ဖြစ်စဉ်ကို အသေအချာ နားထောင်ပြီးနောက် အကြီးအကျယ် စိတ်ဆိုးသွားလေတော့၏။

"တောက်.....ငါသတ်လာတဲ့ မြေရှင်ဆိုးတွေ များလှပြီ၊ ဘာဖြစ်လို့ ဒီ လျှောင်တက် ဆိုတဲ့ကောင် ကျန်နေခဲ့ရတာလဲ၊ ဒီကောင့်ကို နုပ်နုပ်စင်းပစ်ပါမယ်၊ ငါ့မှာ ငါ့သားကိစ္စနဲ့ လုံးပန်းနေရလို့ပေါ့ကွာ၊ ဒီလိုသာ မဟုတ်ရင် ဒီကောင့်ကို ငါကိုယ်တိုင် အရေခွာပစ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟူယီတောင်းသည် ရင်ဘတ်အတွင်းမှ အိတ်တစ်အိတ်ကို ဆွဲထုတ်လျက် ဖိန်အာစစ်ရှေ့သို့ ထိုးပေးသည်။

"ရော့.....လျှန်တစ်ရာတိတိ ရှိတယ်၊ လျှန်လေးဆယ်ကို ကိုဝက်ဆိုးကို ဆပ်လိုက်၊ ကျန်တာကို မင်းတို့ သုံးချင်ရာသုံး၊ ငါ့ကိစ္စပြီးလို့ ငါမသေသေးရင် အဲဒီဝက်ဆိုးကို ငါကိုယ်တိုင် လာသတ်ဦးမယ်"

ဖိန်အာစစ်မှာ ချက်ချင်း အငိုတိတ်သွားသည်။

သူ့ရှေ့၌ ရပ်ဆိုးလှသော နတ်ဒေဝတာတစ်ပါးရောက်ရှိနေသည်လား၊ သို့မဟုတ် အိပ်မက်မက်နေသည်လားဟု တွေးနေသည်။

"ညီလေး၊ ဘာငေးနေတာလဲ၊ ရော့.....ယူ၊ မင်းမိဘတွေကို သွားပေးလိုက်၊ တော်ကြာ ဒီငွေတွေ အရောက်နောက်ကျလို့ မင်းမိဘတွေက သတ်သေနေဦးမယ်၊ ဟော့.....တစ်ခုတော့ ငါ မှာလိုက်ပါရစေ၊ ဒီဝက်ဆိုးဆီက နောင်များတော့ လျှန်ငွေတစ်ပြားတောင် မချေးငှားမိစေနဲ့ဟေ့"

ဖိန်အာစစ်က ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ပြောသည်။

"သ.....သခင်ကြီး၊ ကျွန်.....ကျွန်တော်ဒီလောက်ငွေများများကို မ မယူရဲပါဘူးခင်ဗျာ၊ လျှန်.....လျှန်လေးဆယ်လောက်ရရင် "

"ဟားဟားဟား..... မင်းဟာ တကယ်ရိုးသားတဲ့ကောင်ပဲ၊ အေး.....ဆင်းရဲတဲ့လူတွေက ရိုးသားပြီး မြေရှင်တွေက လိမ်ညာနေတာခက်တယ်၊ ဒီနေ့ ငါ့မှာ သားယောကျ်ားလေးတစ်ယောက် မွေးဖွားတယ်ကွ၊ ငါ့သားကို ငါ့အသက်မကက ငါချစ်တယ်၊ ငါ့သားကို ငါချစ်သလို မင်းရဲ့



မိဘနှစ်ပါးကလဲ မင်းကို ချစ်လိမ့်မယ်၊ မင်း နောက်ကျနေရင် သူတို့သား တစ်ခုခုဖြစ်ပြီလို့ စိတ်ပူနေကြလိမ့်မယ်၊ မင်း ပြန်သွားတော့၊ ဟိုစာရေး ရုတ်ကမေးရင် ငါက ပြန်သွားခိုင်းလို့ ပြန်သွားတယ်လို့သာ ပြောလိုက်ကြားလား။ မင်းကို သူ ဘာမှမလုပ်ဝံ့ဘူး"

ဖိန်အာစစ်သည် ဟူယီတောင်းလှမ်းပေးသည့် ငွေထုပ်ကို ယောင်ယောင်ကန်းကန်းဖြင့်ပင် လှမ်းယူပြီး ရင်ထဲ၌ ပိုက်ထားလေ၏။

ဟူယီတောင်းသည် ကြောင်တောင်တောင်ဖြစ်နေသော ဖိန်အာစစ်ကို ကြည့်၍ တဟားဟား အော်ရယ်တော့သည်။

ထို့နောက် ဖိန်အာစစ်၏တင်ပါးကို ခပ်ဖြည်းဖြည်း လှမ်းကန်ရင်း.....

"အရှုံးလေး ထွက်သွားစမ်းကွာ၊ မင်း ဒီလို ထိုင်နေတာ ဆက်တွေ့ရင် ငါ ကိုင်ပေါက်မိလိမ့်မယ်"

ဖိန်အာစစ်သည် ဟူယီတောင်းအား ဦးခေါင်းနှင့်ကြမ်းပြင်ထိသည့်အထိ အကြိမ်ကြိမ်ဦးချပြီးနောက် ငွေထုပ်ကိုပိုက်ကာ ပြေးထွက်သွားလေတော့၏။

ဖိန်အာစစ်တို့ သားအမိသားအဖသုံးယောက်တို့၏ ရှေ့၌ တရုတ်လျှန်ငွေတစ်ရာသည် ပြန့်ကျဲနေ၏။

ဖိန်အာစစ်၏ မိဘနှစ်ပါးသည် ငွေများကိုလက်ဖြင့်တစ်ခုချင်း ကိုင်တွယ်ပွတ်သပ်နေသည်။

ဖိန်အာစစ်၏မိခင်က.....

www.burmeseclassic.com

www.burmeseclassic.com



"မောင်မင်းကြီးသား သက်ကျော်ရာကျော် ရှည်ပါစေ၊ သူ့သားကလေးလဲ သက်တော်ရာကျော် ရှည်ပါစေ၊ ငါ.....ငါတို့တော့ သူ့ကျွန်အဖြစ်က လွတ်ပြီ၊ မောင်မင်းကြီးသားရဲ့ကျေးဇူးပါပဲလေ"

ဖိန်အာစစ်၏ မိဘနှစ်ပါးသည် အိပ်မက်ဆန်လွန်းနေသဖြင့် ငွေများကို လက်ဖြင့် ပွတ်၍မဆုံး ဖြစ်နေကြသည်။

ဖိန်အာစစ်၏ဖခင်က.....

"သား ငါတို့ရဲ့ ကျေးဇူးရှင်ကြီးကို ငါတို့ကိုယ်တိုင် ကျေးဇူးတင်စကားပြောချင်ပါတယ်၊ ငါတို့ လင်မယားနှစ်ယောက်စလုံး ဂါရဝပြုချင်ပါတယ်၊ သားအလုပ်လုပ်တဲ့ ဝမ်စိန်းစားသောက်ဆိုင်ကို လိုက်ပို့ပါလားကွယ်"

ဖိန်အာစစ်သည် သူ့မိဘနှစ်ပါးအား ဟူယိတောင်းထံသို့ ခေါ်ဆောင်သွားလေ၏။

အရက်သောက်နေသော ဟူယိတောင်းက ချက်ချင်း မောင်းထုတ်သည်။

"သွားကြဗျာ၊ ကျုပ် မကြိုက်ဆုံးအလုပ်က ကျုပ်ကို ကျေးဇူးတင်စကား ပြောတာပဲဗျို့၊ ကျုပ် စိတ်မဆိုးခင် ခင်ဗျားတို့ မြန်မြန်ပြန်ကြပေတော့"

ဖိန်အာစစ်သည် သူ့မိဘနှစ်ပါးကို ဆွဲခေါ်၍ ဆိုင်အပြင်သို့ ထွက်လာ၏။

ထိုအချိန်မှာပင် မြင်းခွာသံများ ကြားလိုက်ရပြီး လူလေးဆယ်



ခန့် ဆိုင်ရှေ့သို့ ရောက်ရှိလာသည်။

ဖိန်အာစစ်က.....

"အဖေနဲ့အမေတို့ ပြန်ကြပေတော့၊ ခုနက ရောက်လာတဲ့လူတွေက သိုင်းသမားတွေဗျ၊ သခင်ကြီး ဟူယိတောင်းအတွက် ကျွန်တော်စိုးရိမ်တယ်၊ သား သူတို့မိသားစုအတွက် စောင့်ကြည့်ဦးမယ်"

ဖိန်အာစစ်သည် မိဘနှစ်ပါးအား ချက်ချင်း ပြန်လွှတ်ပြီး လူ့အား လူအများ မတွေ့မြင်နိုင်သည့်နေရာမှ ချောင်းမြောင်းကြည့်ရှုနေတော့သည်။

ဖိန်အာစစ်သည် ဟူယိတောင်း၏ကျေးဇူးကို တနည်းနည်းဖြင့် ပြန်ဆပ်ချင်သည်။

အဘယ်ကြောင့်ဆိုသော်.....

သူတို့သားအမိသားအဖသုံးယောက်၏အသက်ကို ဟူယိတောင်းက ကယ်တင်ခဲ့၍ဖြစ်သည်။

ဖခင်ကြီးဟူယိတောင်းအတွက်ဆိုပါက သူသည် ဓားတောင်ကိုပင် တက်ရတက်ရ၊ မီးပင်လယ်ကိုပင် ဖြတ်ကျော်ရ ဖြတ်ကျော်ရ ဖြတ်ကျော်မည့်သူသာဖြစ်သည်။

ဟူယိတောင်းသည် သူ့အသည်းနှလုံးထဲမှ နတ်ဒေဝတာတစ်ပါး ဖြစ်သွားခဲ့ချေပြီ။

မြင်းကိုယ်စီဖြင့်ရောက်ရှိလာသည့် သိုင်းသမား လေးဆယ်ခန့်အနက် ရှေ့ဆုံးမှဝင်လာသူမှာ ပါးလျှသော ခန္ဓာကိုယ်၊ ဝါထိန်သော

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာရှိသည့် 'မိုးအောက်မြေပြင် ပြိုင်ဘက်ကင်း' သို့မဟုတ် 'ကျင်းမြ ဖူး' သို့မဟုတ် မြောင်ရင်ဖုန့် 'အမည်ရှိသော သိုင်းသူရဲကောင်းကြ သာတည်း။

ဖိန်အာစစ်သည် ချောင်းမြောင်းကြည့်နေရင်း သခင်ကြ ဟူယိတောင်း၏အခန်းနား၌ ကပ်၍ နားထောင်နေသော ဆေးဆရာ တစ်ယောက်ကို သတိပြုမိလာသည်။

ဤသူသည် သခင်ကြီး ဟူယိတောင်း၏ မိတ်ဆွေလော ရန်သူလော။

ခိုးကြောင်ခိုးဝှက် ချောင်းမြောင်းနားထောင်နေခြင်းက သခင်ကြီး ဟူယိတောင်း၏မိတ်ဆွေ မဟုတ်နိုင်ကြောင်း သက်သေပြ နေသည်။

စားသောက်ဆိုင်၏ အနေအထားအားလုံးကို စီး၍ မြင်နိုင်သော နေရာမှ စောင့်ကြည့်နေသည့် ဖိန်အာစစ်သည် မြင်ကွင်းအမျိုးမျိုးကို သဲသဲကွဲကွဲ ရှင်းရှင်းလင်းလင်းကြီးပင် မြင်တွေ့နေရလေ၏။

သူ့ကိုတော့ ချောင်းမြောင်းကြည့်နေသည့် ဆေးဆရာ အပါ အဝင် မည်သူကမျှ မတွေ့နိုင်ဘဲ ရှိနေသည်။

ထိုဆေးဆရာ၏အမည်ကား 'ယန်ကြီး'ပေတည်း။

ဖိန်အာစစ်သည် ထိုစားသောက်ဆိုင်မှ အလုပ်သမား တစ် ယောက်ဖြစ်ရာ ယန်ကြီးကို ကောင်းစွာ သိရှိ၏။

ယန်ကြီးကသာ သာမန်အလုပ်သမားကလေး ဖိန်အာစစ်ကို



မသိမြင်ဖြစ်သည်။

ဖိန်အာစစ်သည် မျက်နှာတစ်ပြင်လုံး ဝါထိန်နေသည့် သူရဲ ကောင်းကြီး မြောင်ရင်ဖုန့် ရောက်လာချိန်မှစ၍ သူ့ကျေးဇူးရှင်ကြီး ဟူယိတောင်းအတွက် စိတ်မအေးဘဲ ဖြစ်နေခဲ့သည်။

စင်စစ် သူ၌ သိုင်းလောက အတွေ့အကြုံရှိ၍ မဟုတ်ပေ။

သူ့ မသိစိတ်၌ အလိုလို စိုးရိမ်နေခြင်းသာ ဖြစ်ပေသည်။

ပထမတစ်ရက်၌ သူရဲကောင်းကြီး မြောင်ရင်ဖုန့်သည် သခင်ကြီး ဟူယိတောင်းအား မည်သည့်စကားမျှ ပြောဆိုခြင်းမရှိဘဲ စားသောက်ဆိုင်အတွင်းမှ ပြန်ထွက်သွားခဲ့သည်။

ဖိန်အာစစ်သည် သူ့ကျေးဇူးရှင် ဟူယိတောင်းအား တတ်နိုင် သမျှ စောင့်ရှောက်ရန် အဓိဋ္ဌာန်ပြုထားပြီဖြစ်၍ အမြဲတမ်း လေ့လာ ကြည့်ရှုနေခဲ့သည်။

ဆေးဆရာယန်ကြီးသည် ဟူယိတောင်း၏ အခန်းနံရံသို့ နားဖြင့် ကပ်ကာ ခိုး၍နားထောင်နေကြောင်း အမြဲတမ်းလိုလို တွေ့ရှိနေရသည်။

ထို့ကြောင့်.....

ဖိန်အာစစ်အနေဖြင့် ယန်ကြီးကို မသင်္ကာဖွယ် ရန်သူနံပါတ် တစ်အဖြစ် သတ်မှတ်ထားလေ၏။

တစ်နေ့တွင် ယန်ကြီးသည် ခိုးနားထောင်နေရာမှ ကမန်း ကတန်း ထပြေးပြီး ကုတင်ပေါ်၌ အိပ်ချင်ယောင်ဆောင်နေ၏။

အဘယ်ကြောင့် ထိုသို့ ထပြေးသည်ကို ဖိန်အာစစ်သည်

www.burmeseclassic.com

www.burmeseclassic.com



ရှုတ်တရက် မသိပေ။

သို့သော်.....

မကြာမီပင် ထိုအကြောင်းရင်းမှန်ကို သိရှိလိုက်ရလေတော့

ဟူယိတောင်းသည် သူတို့အခန်းထဲမှထွက်လာပြီး ယန်ကြီး
အခန်းထဲသို့ဝင်လာသည်။

ယန်ကြီးအား အလွန်တရာ ရှည်လျားများပြားသော စကားမျ
ကို ပြောကြားနေ၏။

ဖိန်အာစစ်သည် အားလုံးကို စီးမြင်နိုင်သောနေရာမှ ထွ
ခွာကာ ယန်ကြီး၏အခန်းနံရံ၌ ကပ်လိုက်၏။

သို့မှသာ သခင်ကြီးဟူယိတောင်းက မယုံသင်္ကာဖွယ်ကော
လာသော ယန်ကြီးအား မည်သည့်တာဝန်များ ပေးအပ်နေကြော
သိရမည် မဟုတ်ပါလား။

♛ ♛ ♛



အခန်း (၁၉)
ကြေရောဇ်အတု

''ထို''

မျက်ခုံးဖြူပေါင်စုဟု အမည်တွင်နေသော တရုတ်ဘုန်းကြီး
ရှိသည့် ထို့ခနဲ တံတွေးထွေးလိုက်၏။

တဖြည်းဖြည်းချင်း ရှင်းပြနေသော ဖိန်အာစစ်ကို မုန်းတီး
မြင်မှ မျက်စောင်းထိုး ကြည့်လိုက်သည်။

သူသည် ဖိန်အာစစ်ကို တဖြည်းဖြည်း မှတ်မိလာလေပြီ။

ပီးဖိုဆောင်၌ အလွန်တရာအလုပ်များလှသည့် အလုပ်သမား
ကလေးတစ်ယောက်ကို တဖြည်းဖြည်း မျက်စိထဲ မြင်လာသည်။

ဖိန်အာစစ်ကတော့ မျက်ခုံးဖြူပေါင်စု၏အကြည့်ကို လုံးဝ

www.burmeseclassic.com

www.burmeseclassic.com



ဂရုမစိုက်ပေ။

သူပြောလိုရာကိုသာ အေးအေးဆေးဆေး ဆက်ပြော[illegible] ပေသည်။

"သခင်ကြီးဟူယိတောင်းနဲ့ အဲဒီဆေးဆရာယန်ကြီး[illegible] ပြောနေတဲ့စကားတွေကတော့ အင်မတန် စိတ်ဝင်စားစရာကောင်းတ[illegible] ခင်ဗျားတို့အားလုံး ကြားနေရတဲ့ ဇာတ်လမ်းရဲ့ သော့ချက်ကိစ္စ[illegible] ပါဝင်နေတယ်၊ ဒါပေမယ့် အဲဒီ ဆေးဆရာယန်ကြီးက ခင်ဗျားတို့[illegible] ပြန်ရှုပြောပြတဲ့အခါမတော့ အဲဒီသော့ချက်ကိစ္စအားလုံးကို ချန်လုပ်ထား[illegible] ခဲ့တယ်ဗျာ၊ ဒီတော့ အဖြစ်အားလုံးကို ဂဃနဏ မသိရတဲ့ ခင်ဗျားတို့[illegible] လူဆိုးကို လူကောင်းထင်၊ လူကောင်းကို လူဆိုးထင်နဲ့ အားလုံး ယုန်[illegible] ကြောင်ထင် ဖြစ်ကုန်တော့တာပေါ့"

ခန်းမထဲရှိ သိုင်းသမားများသည် ဖိန်အာစစ် ပြောပြသ[illegible] ဇာတ်ကြောင်းကို လုံးဝနားလည် သဘောပေါက်နေကြလေပြီ။

ချန်ကျိုးမြို့ ဝမ်စိန်းစားသောက်ဆိုင်ကြီးမှ အလုပ်သမားက[illegible] ဖိန်အာစစ်သည် ယခု ဆိုးဆိုးရွားရွား ရုပ်ဆင်းပျက်နေသည့် အစေခံ[illegible] ဖြစ်ပြီး ဟူယိတောင်း၏ အခန်းနားတွင် နီးကြောင်ခိုးဝှက် နားထော[illegible] နေခဲ့သည့် ဆေးဆရာသည် မျက်ခုံးဖြူပေါင်စုတည်းဟူသော တရ[illegible] ဘုန်းကြီးအိုကြီးသာဖြစ်ကြောင်း သူတို့ သိနေကြ၏။

ယန်ကြီး ဟူသည်မှာ မျက်ခုံးဖြူပေါင်စု၏ ငယ်နာမည[illegible] ပေတကား။



အစေခံကြီး ဖိန်အာစစ်က .....

"ခင်ဗျားတို့ကို ဒီက ကိုယ်တော်ကြီးက ပြောခဲ့တယ်၊ [illegible]ကောင်းက ပြောသတဲ့ သူ့ဆီက စာတစ်စောင်ကို သူ့ရဲကောင်းကြီး [illegible]မှန်ဆီ သွားပေးရင် ငွေတုံး အမြောက်အမြားပေးမယ်လို့ [illegible] ခင်ဗျားတို့ တစ်ခုသိထားကြဖို့က သခင်ကြီးဟူယိတောင်းဟာ [illegible]နာစရာအဖြစ်အပျက်တွေကလွဲလို့ တစ်ခြားနေရာတွေမှာ [illegible]ပုံအောပြီး အသုံးပြုလော့ မရှိဘူးဗျ၊ စာလေးတစ်စောင်အတွက် [illegible]တစ်ယောက် ဖြစ်သွားလောက်စေမယ့် ငွေတုံးတွေကို ဘယ်သူ [illegible] ပေးမှာလဲဗျ"

မျက်ခုံးဖြူပေါင်စု၏ မျက်နှာတစ်ခုလုံး ညှိုမည်းနေချေပြီ။ သူသည် ပေါက်ကွဲလုဆဲဆဲ မီးတောင်ကြီးကဲ့သို့ ရှူးရှူးရှားရှား [illegible]

ယခု ဖိန်အာစစ်သည် ခန်းမကြီးထဲမှ သိုင်းသမားများ လုံးဝ [illegible]သည့် လျှို့ဝှက်ချက်များကို ဖော်ထုတ်နေသည်ဖြစ်ရာ [illegible] ဖိန်အာစစ်ကို ဆက်လက် ပြောစေချင်ကြသည်။

သို့သော် မျက်ခုံးဖြူပေါင်စုက ရုတ်တရက် ထသတိပေး[illegible] သူတို့လည်း ဖိန်အာစစ်ကို မည်သူမျှ အကာအကွယ် [illegible]ကြောင်း သိနေကြသည်။

ဤနေရာသည် နှင်းများ ဖုံးလွှမ်းနေသည့် တောင်ကလပ်ဖြစ်၏။ ဤတောင်ကလပ်ထိပ်၌ သိုင်းပညာအကောင်းဆုံးသောလူမှာ

www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးဖြူပေါင်စုတစ်ယောက်တည်းသာ ရှိနေသည်။

မျက်ခုံးဖြူပေါင်စုကသာ တကယ်တမ်း သတ်လိုက်လျှင် လျှို့ဝှက်ချက်အားလုံးသည် ဖိန်အာစစ်နှင့်အတူ အားလုံးပျောက်ကွယ်သွားပေတော့မည်။

သို့သော် ဖိန်အာစစ်ကတော့ လုံးဝကြောက်လန့်ခြင်း မရှိပေ။

သူသည် သူ့ရင်ဘတ်၌ စည်းထားသည့် 'မိုးအောက်မြေပြင်ပြိုင်ဘက်ကင်း' ဟူသော ကမ္ဘည်းစာတန်းကို တင်းကျပ်အောင် ပို၍ချည်နှောင်လိုက်ပြီး ခပ်အေးအေးပင် ဆက်ပြောလေ၏။

"အဲဒီတုန်းကတော့ ကျုပ်က အတော်ငယ်သေးတာမို့ သခင်ကြီး ဟူယိတောင်း ဘာတွေပြောနေတယ်ဆိုတာ အဲဒီတုန်းကတော့ ရုတ်တရက် သဘောမပေါက်ခဲ့ဘူး။ ဒါအမှန်အတိုင်း ပြောတာပါ။ ဒါပေမယ့် ကျုပ်ကျေးဇူးရှင်ကြီး ပြောခဲ့တဲ့စကားတွေကိုတော့ စွဲစွဲမြဲမြဲကြီး မှတ်မိနေခဲ့ပါတယ်၊ ကျုပ် တဖြည်းဖြည်း အသက်ကြီးလာတော့မှ ဘယ်စကားဟာ ဘာအဓိပ္ပာယ်နဲ့ ပြောတယ်ဆိုတာ ဆက်စပ်ပြီး နားလည်သဘောပေါက် လာခဲ့ပါတယ်"

ချောင်ပွင့်ချိုက ဝင်မေးသည်။

"အဲဒီညက ခင်ဗျားရဲ့ သခင်ကြီး ဟူယိတောင်းက ဘာတွေများ ပြောခဲ့သလဲဗျ"

အစေခံကြီး ဖိန်အာစစ်သည် တစ်ဘက်တည်းရှိသော လက်မှ လက်ချောင်းကလေး သုံးချောင်းကို ထောင်ပြလေ၏။

❀



"သခင်ကြီးဟူယိတောင်းဟာ ပြဿနာကြီး သုံးရပ်ကို ရှင်းပြခဲ့ပါတယ်၊ ပထမဆုံးသော ပြဿနာ အရှုပ်အထွေးကြီးကတော့ ဟူးမြောင်၊ ဖန့်နဲ့ ထန်မိသားစုလေးစုတို့ ဘယ်အချိန်ကစပြီး ရန်ငြိုးသွယ်ခဲ့ကြတယ်ဆိုတဲ့ အကြောင်းအရာပဲ ဖြစ်ပါတယ်"

"ဒုတိယ ပြဿနာ အရှုပ်အထွေးကြီးကတော့ ကျွင်းမြန့်ဖူမြောင်ရင်ဖုန့်နဲ့ သခင်ကလေးထန်တို့ရဲ့ ဖခင်ကြီးနှစ်ယောက် ဘာကြောင့်သေဆုံးခဲ့ရတယ်ဆိုတာကို ရှင်းလင်းပြောပြခြင်း ဖြစ်ပါတယ်"

"တတိယပြဿနာကြီးကတော့ သံသေတ္တာနဲ့ ကေရာ်ကြီးလီချွမ့်ဝှမ်ရဲ့ လက်သုံးတော်ဓားအကြောင်းပဲ ဖြစ်ပါတယ်"

တောင်ကာလပ်ရှိ သိုင်းသမားများသည် ဤအကြောင်းအရာများကို ယေဘုယျသာသော နားလည်ပြီးကြလေပြီ။

သို့သော် အစေခံကြီး ဖိန်အာစစ်ပြောသည့် အကြောင်းအရာများ၌ အခြားလူများ ထိန်ချုပ်ထားသည့်အချက်များကို ဖော်ထုတ်လိမ့်မည်ဖြစ်ကြောင်း သိနေကြသဖြင့် သိပြီးသား အကြောင်းအရာကိုပင် ပို၍ စိတ်ဝင်စားနေကြတော့သည်။

ဖိန်အာစစ်က ဆက်ပြော၏။

"ပထမ ပြဿနာကြီးထဲမှာ အင်မတန် အရေးကြီးတဲ့ အချက်ကြီး တစ်ချက်ရှိတယ်၊ ဒီအချက်ကို မျက်ခုံးဖြူပေါင်စုကိုယ်တော်ကြီးဟာ လုံးဝ ဖော်ထုတ်မပြောခဲ့ဘူး။ အဲဒီ လျှို့ဝှက်ချက်ကြီးကို သခင်ကြီး ဟူယိတောင်းက သူ့ကို အတိအကျကို ထုတ်ပြောခဲ့ပါတယ်ဗျ။"

❀

www.burmeseclassic.com

www.burmeseclassic.com



ကျိန်ဆိုရင် ကျုပ် ကျိန်ပြီးတော့ ပြောလိုက်ချင်ပါရဲ့''

အဘိုးအို ယင်ကြည်မှာ ဣန္ဒြေဆောင်ရန် မနေနိုင်တော့ပေ။ သိလိုစိတ် ပြင်းပြစွာဖြင့် မေးလိုက်မိလေ၏။

''လုပ်စမ်းပါကွာ၊ ဘယ်လိုအရေးကြီးတဲ့ လျှို့ဝှက်ချက်လဲကွ၊ မြန်မြန်ကလေးသာ ပြောစမ်းပါ မောင်မင်းကြီးသားရာ''

ဖိန်အာစစ်က ခေါင်းညိတ်ပြ၏။

''ဒီလိုဗျ၊ ဟူ၊ မြောင်၊ ဖန့်နဲ့ ထန်မိသားစု အတွင်းမှာ အင်မတန် အရေးကြီးတဲ့ သော့ချက်ကဗ္ဗတစ်ခုရှိတယ်၊ ဒီသော့ချက်ကဗ္ဗကိုသိရှိထားတဲ့ မိသားစုကတော့ ဟူမိသားစုပဲ ဖြစ်ပါတယ်၊ ပထမဆုံး ဟူ၊ မြောင်၊ ဖန့်နဲ့ ထန်ကိုယ်ရံတော်ကြီးလေးယောက်အနေနဲ့ကတော့ ဒီလျှို့ဝှက် သော့ချက်ကို သိတာပေါ့လေ၊ နောက်မျိုးဆက်တွေထဲမှာတော့ ဟူ မိသားစုမျိုးဆက်တွေကပဲ သိပါတော့တယ်၊ ဒီသော့ချက်ကဗ္ဗကိုနှစ်ပေါင်း တစ်ရာကျော်တဲ့အခါမှသာ ထုတ်ဖော်ပြောဆိုရမယ်လို့ ဖေးထန်းဟူလီ ကရော၊ မြောင်၊ ဖန့်နဲ့ ထန်ကိုယ်ရံတော်ကြီးတွေကပါ သဘောတူညီခဲ့ ကြပါတယ်''

အဘိုးအိုယင်ကြည်က မေးလိုက်၏။

''ဒါက ဟူယိတောင်းက ယန့်ကြီးကို ပြောပြခဲ့တဲ့ အကြောင်း အရာတွေပေါ့ ဟုတ်လား''

ဖိန်အာစစ်က ခေါင်းညိတ်၏။

''ဟုတ်ပါတယ်၊ ဒါပေမယ့် ယန့်ကြီးကတော့ ဒီအကြောင်း



[illegible]ကို ဒီမှာ ပြောမပြဘဲ ချန်လှပ်ခဲ့ပါတယ်၊ သခင်ကြီး ဟူယိတောင်းတို့ [illegible]ထက်ရောက်တဲ့အချိန်အခါဟာ နှစ်ပေါင်း အနှစ်တစ်ရာကျော်ခဲ့ပါပြီ [illegible]ဘောင်ဆက် လျှို့ဝှက်ချက်ကို ထုတ်ဖော်လို့ ရပါပြီ၊ ဒါကြောင့်မို့လဲ သခင်ကြီး ဟူယိတောင်းက ဒီလျှို့ဝှက်ချက်ကို ဖော်ထုတ်လိုက်ခြင်း ဖြစ်ပါတယ်''

ချောင်ယွင်ချီမှာ စိတ်မရှည်နိုင်တော့ပေ။

''ခင်ဗျားက ဒါပဲ ထပ်တလဲလဲ နိဒါန်းချီနေတယ်၊ ဘာ လျှို့ဝှက်ချက်လဲ၊ ဘာသော့ချက်လဲ၊ မြန်မြန်ပြောစမ်းပါ''

ဖိန်အာစစ်က တစ်ဘက်တည်းသောလက်ကို ဖြည်းဖြည်း ကာပြရင်း.....

''ဖြည်းဖြည်းပေါ့ဗျာ၊ ပြောမှာပါ၊ လျှို့ဝှက်ချက်ကတော့ တစ်ခြားမဟုတ်ဘူးဗျ၊ ကျို့ကုန်းတောင်ထိပ်မှာ စံမြန်းနေခဲ့တဲ့ ကေရာဇ် ကြီး လီချွမ့်ဝှမ်ဟာ လုံးဝ မသေခဲ့ဘူးဆိုတာပါပဲဗျာ''

''ဟာ.....''

''ဟင်.....''

အာမေဋိတ်သံများ စုပြုံထွက်လာသောအခါ အခန်းကြီး တစ်ခုလုံး အာမေဋိတ်သံများဖြင့် ဖုံးလွှမ်းသွားလေတော့၏။

ချောင်ယွင်ချီက တုန်ယင်စွာဖြင့် မေးလိုက်၏။

''ကေရာဇ်ကြီး လီချွမ့်ဝှမ် မသေဘူးပေါ့၊ ဟုတ်လား''

ဖိန်အာစစ်က ခေါင်းညိတ်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါတယ်ဗျာ၊ လုံးဝ မသေပါဘူး။ သူ့ကိုယ်သူလဲ မလုပ်ကြ ပါဘူး။ သူများကလဲ သူ့ကို မလုပ်ကြပါဘူး"

မျက်ခုံးဖြူပေါင်စုသည် သုန်မှုန်နေသောမျက်နှာဖြင့် ဖိန်အာ စ်ကို မှုန်တေတေ စိုက်ကြည့်နေသည်။

ဖိန်အာစ်ပြောမည့် အကြောင်းအရာအားလုံးကို သူ သိရှိနေ သည် မဟုတ်ပါလား။

ချောင်ယွင်ချီက.....

"စောစောကပဲ ပြောခဲ့ကြတယ်မဟုတ်လား၊ မန်ချူးစစ် တပ်တွေက ကျို့ကုန်းတောင်ထိပ်ကို အထပ်ထပ် ဝိုင်းရံထားတယ်ဆို၊ သူက ဘယ်လို လွတ်မြောက်သွားသလဲ"

ဖိန်အာစ်က သူ၏တစ်ဘက်တည်းသောလက်ဖြင့် လက်ညှိုး ထောင်ကာပြနေ၏။

"ဒါကြောင့်မို့ ဒီအချက်ဟာ သော့ချက်ကိစ္စဖြစ်ပါတယ်လို့ ကျုပ်ပြောတာပေါ့၊ အဲဒီ လျှို့ဝှက်ချက်ဟာ အင်မတန် စိတ်ဝင်စားစရာ ကောင်းသလို သူ့ကြောင့်လဲ အနှစ်တစ်ရာလောက်က သူ့ကိုငါသတ်၊ ငါ့ကို သူပြန်သတ်နဲ့ အပြန်ပြန်အလှန်လှန်နဲ့ သတ်နေကြတဲ့ လျှို့ဝှက် ချက်ကြီးဖြစ်ခဲ့ပါတယ်၊ ဒီလျှို့ဝှက်ချက်သာ စောစောစီးစီး ပေါက်ကြားခဲ့ရင် ဒီအနှစ်တစ်ရာ သွေးမြေကျမှုကြီးဟာ အစောကြီးကတည်းက ရပ်ဆိုင်းမှာ သေချာပါတယ်၊ အဖြစ်က ဒီလိုဗျ"

\+ \+ \+



ကျို့ကုန်းတောင်၏ပတ်ပတ်လည်၌ မန်ချူးစစ်တပ်ကြီး ဝိုင်းရံချထားသည်။

တပ်သားဦးရေ ငါးသောင်းရှိသဖြင့် ကေရာဗ်ကြီး လီချွမ့်ဝှမ် အနေဖြင့် သူ၏ နည်းပါးလှသောတပ်စုကလေးဖြင့် ထွင်းဖောက်ခြင်းငှာ မတတ်နိုင်ဘဲ ဖြစ်နေရသည်။

ကိုယ်ရံတော်ကြီးလေးဦးရှိသည့်အနက် မြောင်၊ ဖန့်နှင့် ထန် သုံးဦးတို့သည် စစ်ကူများ သွားရောက်စုဆောင်းရန် ကျို့ကုန်းတောင်မှ ထွက်သွားခဲ့သည်မှာလည်း တစ်လခန့်ကြာမြင့်ခဲ့ပြီဖြစ်သည်။

သို့သော်.....

သူတို့သုံးဦးထံမှ မည်သည့်သတင်းစကားမျှ မကြားရဘဲ ဖြစ်နေသဖြင့် အလွန်တရာ စိတ်ဓာတ်ခိုင်ကျည်လှသော ကေရာဗ်ကြီး လီချွမ့်ဝှမ်ပင်လျှင် သက်ပြင်းတချချ ဖြစ်နေလေပြီ။

မန်ချူးစစ်တပ်သည် ကေရာဗ်ကြီး လီချွမ့်ဝှမ်အား ကြက်က လေး၊ ငှက်ကလေးများ ဖမ်းသလို ဖမ်းလိုလှသဖြင့် အစာငတ်ရေငတ် ထားရန် တဖြည်းဖြည်း ဝိုင်းရံထားခြင်းဖြစ်သည်။

အကယ်၍ သူတို့သာ တရကြမ်း ဝင်ရောက်တိုက်ခိုက်ပါက ကေရာဗ်ကြီးလီချွမ့်ဝှမ် အပါအဝင် ကိုယ်ရံတော်ကြီးလေးယောက်နှင့် စုစုပေါင်းငါးယောက်တို့၏ တိုက်ခိုက်အားကြောင့် မန်ချူးစစ်သားများ အများအပြား သေကြေကျဆုံးနိုင်ပေသည်။

ထို့ကြောင့် သူတို့သည် အေးအေးဆေးဆေးဘေးမှ ဝန်းရံ

www.burmeseclassic.com

www.burmeseclassic.com



ရံစောင့်နေကြခြင်းဖြစ်တော့သည်။

သို့ရာတွင် မန်ချူးစစ်တပ်သည် လီချုံဝှမ်၏ ကိုယ်ရံအစောင့်တပ်အား တစ်ယောက်ချင်း အမှည့်ခြွေ ခြွေသည့်အနေဖြင့် မြားစွမ်းပြလျက်ရှိ၏။

ကိုယ်ရံတော် အစောင့်တပ်သည်လည်း တဖြည်းဖြည်း လုံးပါးပါးလျက် ရှိနေချေပြီ။

တောင်ကုန်းထိပ် ယာယီစံနန်းအတွင်း၌ ကေရာဇ်ကြီး လီချုံဝှမ်သည် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက်ရှိသည်။

မိုးပျံမြေခွေးဟု အမည်တွင်သော ကိုယ်ရံတော်ကြီး ဖေးထန်းဟူလီသည် မနီးမဝေး တစ်နေရာ၌ ဒူးထောက်ခစားလျက်ရှိ၏။

ကေရာဇ်ကြီးသည် လမ်းလျှောက်နေရာမှ တုံ့ခနဲရပ်သွား၏။

"မောင်မင်း၊ အန္တရာယ်ကို စောင့်နေတဲ့ထက် ပြေးတွေ့လိုက်တာက ပိုကောင်းတယ်လို့ ကိုယ်တော်မြတ် ယူဆတယ်၊ မောင်မင်းသဘောက ဘယ်လိုရှိသလဲကွဲ့"

ဖေးထန်းဟူလီသည် ရှေ့တိုးခစားပြီးနောက်.....

"စိတ်ရှည်သည်းခံတော်မူပါ၊ ကေရာဇ်မင်းမြတ်၊ ကျွန်တော်မျိုးတို့ရဲ့ စစ်ကူတွေ ရောက်ရှိလာခဲ့ရင် ဒီမန်ချူးနယ်ချဲ့တွေကို နှစ်ဘက်ညှပ်တိုက်ပြီး ဖောက်ထွက်နိုင်မှာ သေချာပါတယ်"

ကေရာဇ်ကြီးသည် ဓားရိုးကို တင်းကျပ်စွာကိုင်၍ ဟင်းခနဲ သက်ပြင်းချလိုက်မိတော့သည်။



သို့သော် နောက်တစ်လ ကြာသည်အထိ ကိုယ်ရံတော်ကြီးပုံပြီးထံမှ သတင်းမရသောအခါ ကေရာဇ်ကြီးသည် သူ့လက်သုံးတော်ဓားဖြင့် သူ့ကိုယ်သူ အဆုံးသတ်ရန် ကြံစည်လေတော့၏။

သို့ရာတွင် ဖေးထန်းဟူလီသည် ကေရာဇ်ကြီးအား အချိန်မီတားဆီးနိုင်ခဲ့သည်။

သူ့အား မိုးပျံမြေခွေးဟု ကေရာဇ်ကြီးက ဘွဲ့အမည်ပေးခဲ့ခြင်းမှာ အကြောင်းမဲ့ မဟုတ်ပါ။

သူသည် မြေခွေးကဲ့သို့ အလွန်တရာ ဉာဏ်နီဉာဏ်နက်များလှ၍ ဖြစ်ပါသည်။

သူသည် ကေရာဇ်ကြီး လီချုံဝှမ်ကို ခေတ္တသည်းခံရန် ပန်ကြားပြီးနောက် မန်ချူးတို့၏ မြားဒဏ်ခ၍ သေဆုံးသွားရသော အလောင်းများထဲမှ ကေရာဇ်ကြီးလီချုံဝှမ်နှင့် အသွင်တူ အဆင်တူ အလောင်းတစ်လောင်းကို ရှာဖွေယူငင်လာခဲ့သည်။

ကေရာဇ်ကြီးလီချုံဝှမ်၏ အဝါရောင် မြားရုပ်နှင့် အနက်ရောင် အကွက်များပါသော ဝတ်ရုံကြီးကို ထိုအလောင်း၌ ဝတ်ဆင်ပေးလိုက်သည်။

ကေရာဇ်ကြီး၏လည်ပင်း၌ အမြဲတမ်းဝရ ချိတ်ဆွဲခဲ့သည့် စိမ်းမြိုင်ပေး ရွှေတံဆိပ်ပြားကလေးကိုလည်း အလောင်း၏လည်ပင်း၌ ချိတ်ဆွဲပေးလိုက်သည်။

ကေရာဇ်ကြီး၏မျက်နှာနှင့် အနည်းငယ် ကွဲပြားနေသည့်

www.burmeseclassic.com

www.burmeseclassic.com



နေရာကို ဓားရှည်ဖြင့် ခပ်နက်နက်ကလေး ခွဲချပေးလိုက်သည်။

ဖေးထန်းဟူလီသည် ကေရာဇ်ကြီးကိုမူ အလွန်တရာ ယုံကြည်စိတ်ချရသည့် အစောင့်တပ်သားငါးယောက်ကြား၌ အစောင့်တပ်သားဝတ်စုံဖြင့် နေရာချထားပေးလိုက်၏။

သူသည် အစစအရာရာ စိတ်ရှည်လက်ရှည်ပြင်ဆင်ပြီးနောက် ကေရာဇ်ကြီးလီချွမ့်ဝှမ်ကို သူ လုပ်ကြံသတ်ဖြတ်ခဲ့ပြီဖြစ်ကြောင်းနှင့် မန်ချူးကေရာဇ်၏ ခြေဖဝါးတော်အောက်သို့ ဝင်ရောက်လျက်အကြောင်းစုံ ရှင်းပြလိုကြောင်း မန်ချူးစစ်တပ်၏ စစ်ဗိုလ်ချုပ်ကြီးအား ကိုယ်တိုင် သွားရောက် ရှင်းပြလေတော့၏။

ထိုသတင်းသည် ရက်သတ္တတစ်ပတ်အတွင်း မန်ချူး ရွှေနန်းတော်နှင့် တရုတ်ပြည်တစ်ဝန်းလုံးသို့ အုတ်အော်သောင်းတင်း ပျံ့လေတော့သည်။

မန်ချူးရွှေနန်းတော်မှ တာဝန်ရှိစစ်ဗိုလ်ချုပ်ကြီးများသည် ကေရာဇ်ကြီးလီချွမ့်ဝှမ်၏အလောင်းကို သေချာစွာ စစ်ဆေးကြပြီး ကေရာဇ်ကြီး၏ အလောင်းစစ်စစ်ဖြစ်ကြောင်း အတည်ပြုကြလေသည်။

သူတို့ အဘယ်မှာလျှင် အတည်မပြုဘဲ နေအံ့နည်း။

အသားထဲကလောက်ကောင် သစ္စာဖောက် ဝူစိန်ကွေ့က ပင်လျှင် ကေရာဇ်ကြီးလီချွမ့်ဝှမ်၏ အလောင်းစစ်စစ်ဖြစ်သည်ဟု ဆိုခဲ့သည် မဟုတ်ပါလော။

မန်ချူးအာဏာပိုင်များနှင့်တကွ ဝူစိန်ကွေ့သည် အညှံခံလာသော မိုးပျံ့မြေခွေး ဖေးထန်းဟူလီကို လုံးဝယုံကြည်ခဲ့ကြလေ၏။

မိုးပျံ့မြေခွေး ဖေးထန်းဟူလီသည် သူ့အား ရာထူးတစ်နေရာပေးပါရန်နှင့် တရုတ်များကို ထိထိမိမိ ကိုင်တွယ်အုပ်ချုပ်ပေးပါမည်ဟု ကောင်းပန် ဝန်ခံစကား ဆိုခဲ့သည်။

မန်ချူးအာဏာပိုင်များကား အတိုင်းထက်အလွန် သဘောကျသွား၏။

မိုးပျံ့မြေခွေး ဖေးထန်းဟူလီအပေါ် လုံးဝ ယုံကြည်စိတ်ချသွားသဖြင့် ကျိုကုန်းတောင်မှ မန်ချူးစစ်တပ်အား ပြန်ဆုတ်ခိုင်းလိုက်သည်။

မန်ချူးများသည် လက်တစ်ဆုပ်စာမျှသော ကိုယ်ရံတော်တပ်သားများကို လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်ရာ ကေရာဇ်ကြီးလီချွမ့်ဝှမ်သည် အန္တရာယ်ကာပ်ငြိခြင်း မရှိဘဲ လုံးဝ လွတ်မြောက်သွားခဲ့ရတော့သည်။

တရုတ်ကေရာဇ်ကြီး လီချွမ့်ဝှမ် လွတ်မြောက်သွားခဲ့ရသော်လည်း ကေရာဇ်ကြီး၏ ကိုယ်ရံတော်ကြီး မိုးပျံ့မြေခွေး ဖေးထန်းဟူလီမှာ မျိုးချစ်တရုတ်ပြည်သူပြည်သားများ၏ တံတွေးခွက်၌ ပက်လက်မျောရရှာတော့သည်။

သိုင်းလောကကြီးတစ်ခုလုံးမှ သိုင်းသမားများသည် ဖေးထန်းဟူလီအား အမျိုးသား သစ္စာဖောက်ကြီးအဖြစ် သတ်မှတ်လျက် တွေ့ရာသချိုင်း ဓားမဆိုင်း သတ်ရန် သတ်မှတ်ကြတော့သည်။

ဖေးထန်းဟူလီသည် တစ်မျိုးသားလုံးအတွက် ကြီးမားသော



www.burmeseclassic.com

www.burmeseclassic.com



အကြံဉာဏ်ကြီး ရှိသည့်ဖြစ်ရာ သူ့အား သစ္စာဖောက်အဖြစ် ထင်မှတ်မှ နေသည့် တရုတ်ပြည်သူများ၏ ကဲ့ရဲ့ရှုတ်ချမှုကို ရင့်ကျက်သော စိတ်ဓာတ် ဖြင့် ကြံ့ကြံ့ခံနေလေ၏။

မန်ချူးအာဏာပိုင်များသည် ဖေးထန်းဟူလီအား ယူနန် ပြည်နယ် ဘုရင်ခံဖြစ်နေသော သစ္စာဖောက်လောက်ကောင် ဝူစိန်ကွေ့၏ လက်အောက်၌ ခရိုင်ဝန်ရာထူး ပေးထားသည်။

ခရိုင်ဝန်ရာထူး ဆိုသော်လည်း စင်စစ်တွင်မူ ဝူစိန်ကွေ့၏ ကိုယ်ရံတော်တပ်မှူးသာ ဖြစ်သည်။

ဝူစိန်ကွေ့သည် သူ့နည်းတူ သစ္စာဖောက်တစ်ယောက်ရှိပြီဟု ယုံကြည်သဖြင့် မိုးပျံမြေခွေး ဖေးထန်းဟူလီအား ရက်ရောစွာ ချီးမြှောက် ထားသည်။

ယူနန်ပြည်နယ်ဘုရင်ခံ၏နန်းတော်၌ ဖေးထန်းဟူလီသည် စေလိုရာစေ အာဏာ ရနေ၏။

တရုတ်ပြည်သူများ၏အမြင်တွင် သစ္စာဖောက်လောက်ကောင် နှစ်ယောက်သည် သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့နေ ကြပြီဟု ယူဆကြ၏။

ဖေးထန်းဟူလီအနေဖြင့် ဝူစိန်ကွေ့ကို လုပ်ကြံချင်နေသည်မှာ လက်ယားနေပေသည်။

သို့သော် သူသည် တစ်နပ်စားသမား မဟုတ်ပေ။

ဝူစိန်ကွေ့အား လုပ်ကြံသည်ထက် ထိရောက်သော အကြံဉာဏ်



များကို လွှာသုံးလျက် မန်ချူးကေရာဇ်နှင့် ဝူစိန်ကွေ့ ဒုက္ခရောက်စေမည့် နည်းလမ်းများကို စဉ်းစားကြံဆနေသည်။

သူသည် ဝူစိန်ကွေ့၏လက်အောက်၌ ခစားနေစဉ်အတွင်း မန်ချူးအာဏာပိုင်များနှင့် ဝူစိန်ကွေ့တို့အချင်းချင်း သက်ာမကင်း ဖြစ်စေမည့် လုပ်ကြံသတင်းများကို ပေးပို့သည်။

မန်ချူးစစ်သားများ မကြာခဏ အသတ်ခံရသည့်ကိစ္စ၌ ဝူစိန်ကွေ့၏လက်ရာ ပါလေဟန် သဲလွန်စများ ချန်ထား၏။

သူသည် တစ်ဘက်မှ မန်ချူးများက ဝူစိန်ကွေ့အပေါ် မယုံမကြည်ဖြစ်အောင် လုပ်သကဲ့သို့ တစ်ဘက်မှလည်း မန်ချူးများသည် ဝူစိန်ကွေ့အပေါ် အမျက်ရှနေပြီဖြစ်ကြောင်း ဝူစိန်ကွေ့ထံသို့ သတင်းများ ပေးပို့သည်။

သစ္စာဖောက် ဝူစိန်ကွေ့မှာ မိုးပျံမြေခွေး ဖေးထန်းဟူလီ၏ ပရိယာယ်များကြား၌ ဗျာများနေရတော့သည်။

သူသည် သူ၏ ယူနန်ပြည်နယ်အတွင်း၌ သစ္စာခံတပ်များကို ကြိတ်၍ စုဆောင်းရတော့သည်။

သို့မှသာ မန်ချူးတို့က ရုတ်တရက် လာတိုက်ပါက ခုခံနိုင်မည် မဟုတ်ပါလား။

ထိုသတင်းများကို ဖေးထန်းဟူလီသည် မန်ချူးကေရာဇ်ထံ ရောက်အောင် လျှို့ဝှက်သတင်း ပေးပို့ပြန်၏။

တရုတ်ပြည်တစ်ပြည်လုံး၌ ကောလာဟလ သတင်းများ

www.burmeseclassic.com

www.burmeseclassic.com



ပျံ့နှံ့လာသည်။

ဝူစိန်ကွေ့သည် ငါးနှစ်အတွင်း နယ်ချဲ့မန်ချူးများကို တော်လှန်တော့မည်ဟူ၍လည်းကောင်း၊ တရုတ်ကေရာဇ်ကြီး လီချွမ့်ဝှမ် ရှင်ပြန်ထမြောက်လျက် တရုတ်မင်းဆက်ကို ပြန်လည်ထူထောင်တော့မည်ဟူ၍လည်းကောင်း စသည့်သတင်းများ ပျံ့နှံ့လာတော့၏။

အခြားကောလဟာလသတင်းတစ်ရပ်ကမူ ဝူစိန်ကွေ့သည် နယ်ချဲ့မန်ချူးများအား တရုတ်ပြည်တွင်းမှ တိုက်ထုတ်ပြီးနောက် သူကိုယ်တိုင် တရုတ်ကေရာဇ်မင်းကြီးအဖြစ် ဘိသိက်ခံယူလိမ့်မည်ဟူ၍ဖြစ်သည်။

ဖေးထန်းဟူလီ၏အကြံများသည် အလွန်တရာ ထိရောက်လျက်ရှိ၏။

မန်ချူးများသည်လည်းကောင်း၊ ဝူစိန်ကွေ့သည်လည်းကောင်း လုံးဝ အေးချမ်းမှုမရနိုင်ဘဲ ဖြစ်နေကြရသည်။

ထိုအချိန်မှာပင် မြောင်၊ ဖန့်နှင့်ထန် ကိုယ်ရံတော်ကြီးသုံးဦးတို့သည် သစ္စာဖောက်ဝူစိန်ကွေ့ကို လုပ်ကြံသတ်ဖြတ်ရန် ခွန်မင်းမြို့သို့ ရောက်ရှိလာကြတော့သည်။

သူတို့ ဝူစိန်ကွေ့ကို သတ်မည့်အကြံကို လာရောက်ဖျက်ဆီးသူမှာ သူတို့၏သွေးသောက်အစ်ကိုကြီး သစ္စာဖောက်ဖေးထန်းဟူလီမှန်း သိသောအခါ သူတို့သည် ဖေးထန်းဟူလီကို အသေအလဲ တိုက်ခိုက်ကြတော့သည်။

---



ထိုတိုက်ပွဲ၌ ကိုယ်ရံတော်ကြီးထံမှာ အဖမ်းအဆီးခံလိုက်ရသည်။

ထန်သည် ဝူစိန်ကွေ့၏ အရိုက်အနက် ညှဉ်းဆဲမှုကို ခံလိုက်ရသော်လည်း နောက်ဆုံး၌ ဖေးထန်းဟူလီက တိတ်တဆိတ် လွှတ်ပေးလိုက်သဖြင့် လွတ်မြောက်သွားခဲ့ရသည်။

ဝူစိန်ကွေ့သည် ဖေးထန်းဟူလီအပေါ် လုံးဝ သံသယမရှိခဲ့ပေ။

ကိုယ်ရံတော်ကြီးသုံးဦးသည် ဆေးဆရာအဖြစ်လည်းကောင်း၊ ထမ်းသမားအဖြစ်လည်းကောင်း၊ သူတောင်းစားအဖြစ်လည်းကောင်း၊ အယောင်ဆောင် ရုပ်ဖျက်နေကြစဉ် ကျင်းရေကန်တော်၌ တွေ့ဆုံရန် ချိန်းဆိုသည့် သူတို့၏ သစ္စာပျက်အစ်ကိုကြီး၏ ဖိတ်စာကို လက်ခံရရှိလိုက်ကြသည်။

စင်စစ် မိုးပျံမြေခွေး ဖေးထန်းဟူလီသည် သူ၏ လျှို့ဝှက်ချက်ကြီးအစည်များကို သူ၏ သွေးသောက်ညီသုံးဦးအား အသိပေးရန် ဖိတ်ခေါ်ခဲ့ခြင်းဖြစ်၏။

သို့သော် မြောင်၊ ဖန့်နှင့်ထန်တို့ သုံးဦးသည် ဖေးထန်းဟူလီ ပြောပြသည့်အချိန်အထိ မစောင့်ဆိုင်းကြဘဲ လက်ဦးမှု အရယူ၍ တိုက်ခိုက်လိုက်ကြသည်။

ဖေးထန်းဟူလီအတွက် တစ်ခုကံကောင်းသွားသည်မှာ သူသည် အမြဲဖြစ်သူအား ဤအကြောင်းများနှင့် ပတ်သက်၍ ခရေစေ့ တွင်းကျ ပြောပြထားခဲ့ခြင်းပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့သာ ပြောမပြထားခဲ့ပါက မိုးပုံ့မြေခွေး ဖေးထန်းဟူ... သည် တရုတ်ပြည်တစ်ပြည်လုံး၏အမြင်၌ သမိုင်းတစ်လျှောက်... သစ္စာဖောက်လူယုတ်မာအဖြစ် သတ်မှတ်ခံသွားရပေတော့မည်။

ဖေးထန်းဟူလီသည် "သိပ်နာတာပဲ၊ ငါ့အရေးတော်ပုံ... နိုင်ပြီ"ဟု စကားတစ်ခွန်း ပြောသွားခဲ့၏။

ထို'ငါ့အရေးတော်ပုံ'ဆိုသည်မှာ သူ၏သွေးသောက်ညီ... သုံးဦးအား သတ်ဖြတ်ရန် အကြံအစည် မဟုတ်ပါ။

သူ၏ 'ငါ့အရေးတော်ပုံ'မှာ တရုတ်တစ်ပြည်လုံး ကေရာဖ်... လီချွမ့်ဝှမ်၏လက်အောက်သို့ ပြန်လည်ရောက်ရှိစေရန် ကြိုးစားနေသ... အရေးတော်ပုံသာ ဖြစ်ပါလေ၏။

ဖေးထန်းဟူလီသည် သေခါနီးအချိန်၌ "ငါ့ညီတို့..... ငါ ... မနေရတော့ဘူး။ သူရဲကောင်းကြီးရဲ့ဇာတ်ဟာ သိပ်အရေးကြီးတယ်၊ ... သူ.....သူဟာ စီမင်ကြာ"ဟူသော တစ်ဝက်တစ်ပျက်စကားကို ပြော... အသက်ထွက်သွားခဲ့သည်။

စင်စစ် ဖေးထန်းဟူလီ ပြောခဲ့သည့် စကားအဓိပ္ပာယ်... ကေရာဖ်ကြီးလီချွမ့်ဝှမ်သည် စီမင်ကြာ (ကျောက်မှန်ဦး တံခါးဝ အ... ရှိသောအရပ်)၌ အသက်ရှင်လျက်ရှိနေကြောင်း ပြောလိုရင်း ဖြစ်ပေသ...

ကေရာဖ်ကြီးသည် ကျိုးကုန်းတောင်ထိပ်မှ လွတ်မြောက်သ... ပြီးနောက် စီမင်ကြာ၌ သွားရောက် ခိုအောင်းနေခဲ့သည်။

အရပ်ဝတ်အရပ်စားဖြင့် ခိုအောင်းနေပါက မန်ချူးများ ရှိ...



...မည်ကို စိုးရိမ်သဖြင့် ကေရာဖ်ကြီးသည် 'ဖူချီစီး' အမည်ရှိသော ...ကြီးကျောင်းတစ်ကျောင်း၌ တရုတ်ဘုန်းတော်ကြီးတစ်ပါးအဖြစ် ...သနာ့ဘောင်သို့ ဝင်လိုက်တော့သည်။

ယခင် 'ဖူချီစီး'ကျောင်း၌ သီတင်းသုံးခဲ့သော ဘုန်းကြီးတစ်ပါး ...သည်။

ထိုတရုတ်ဘုန်းကြီး၏ ဘွဲ့အမည်မှာ ဖုန်ထန်းဝမ် ဖြစ်၏။

ကေရာဖ်ကြီး သာသနာ့ဘောင်သို့ ဝင်ချိန်တွင် တရုတ်ဘုန်းကြီး ...ထန်းဝမ် မရှိတော့ချေ။

ကေရာဖ်ကြီး လီချွမ့်ဝှမ်သည် သူ့ဘွဲ့အမည်ကို ရွေးချယ်ရာ၌ ...ရှူးများ ထင်ယောင်ထင်မှားဖြစ်စေရန် ဖုန်ထန်းယိ ဟူ၍ ရွေးချယ် ...သည်။

ဘုန်းတော်ကြီး ဖုန်ထန်းယိသည် သူ၏ကိုယ်ရံတော်ကြီး ...ပါးကို စော့ရင်း သက်တော်ခုနစ်ဆယ်တွင် ပျံလွန်သွားခဲ့ရှာသည်။

အမှန်စင်စစ် မြောင်၊ ဖန့်နှင့် ထန် ကိုယ်ရံတော်ကြီးသုံးယောက် ... ဖေးထန်းဟူလီအား စောစီးစွာ လုပ်ကြံခြင်း မပြုခဲ့ပါက ကေရာဖ်ကြီး ...ချွမ့်ဝှမ်သည် သူ၏ထီးနန်းကို ပြန်လည်ရရှိကြောင်း ရရှိနိုင်ပေမည်။

ယခုသော်ကား.....

\+ + +

တောင်ကလပ်ထိပ်ပေါ်ရှိ ခန်းမကြီးထဲ၌ သိုင်းသမားများသည် ...လုံး ညီတူညာတူ သက်ပြင်းရှည်ကြီး ချလိုက်မိကြပါလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမပိုင်း သူတို့ ကြားသိခဲ့ရသည့် သတင်းစကားများအ မိုးပျံ့မြေခွေး ဖေးထန်းဟူလီလောက် ရှုံ့ရှာမှုန်းတီးဖွယ်ကောင်းသူက ဤလောကၡ မရှိတော့ပြီဟု သူတို့ ထင်မှတ်ခဲ့ကြသည်။

သူတို့၏ အသည်းနှလုံးထဲ၌ ဖေးထန်းဟူလီကို ခါးခါးသီး မုန်းတီးမိခဲ့ကြသည်။

သစ္စာအမဲ့ဆုံးလူ၊ အယုတ်မာဆုံးဝတ္ထုဟု သတ်မှတ်ခဲ့ကြ၏

ယခု.....

အစေခံကြီး ဖိန်အာစစ်၏ စကားများကို ကြားလိုက်ရသေ အခါတွင်မူ သူတို့၏ သတ်မှတ်ချက်များသည် အမည်းကို အဖြူလုပ် လိုက်သကဲ့သို့လည်းကောင်း၊ ဝါးလုံးကို ဝါးခြမ်း လုပ်ပစ်လိုက်သကဲ့ လည်းကောင်း အပြောင်းလဲကြီး ပြောင်းလဲသွားလေတော့၏။

ဤကဲ့သို့ ဆန်းကြယ်သည့်လျှို့ဝှက်ချက်ကြီး ဤအဖြစ်အပျ ထဲ၌ ရှိနေလိမ့်မည်ဟု သူတို့အားလုံး လုံးဝ မထင်မှတ်ခဲ့ကြပေ။

ဖိန်အာစစ်ပြောသည့် အဖြစ်အပျက်သည် အမှန်တကာ လျှို့ဝှက်ဆန်းကြယ်နေသောကြောင့် ကြားနာနေကြသူ သိုင်းသမားတို င် သက်ပြင်းချရုံမှတစ်ပါး အခြားစကား လုံးဝ မပြောနိုင်ကြတော့ပေ။

♛ ♛ ♛



အခန်း (၂၀)

## မရေမရာ အခြေရှာ

ဖိန်အာစစ်သည် ခန်းမထဲရှိ သိုင်းသမားများ၏မျက်နှာများကို တစ်ယောက်ချင်း အကဲခတ်ကြည့်နေမိ၏။ သူတို့၏မျက်နှာများသည် မယုံတစ်ဝက် ယုံတစ်ဝက် အမူအရာများ ပြသနေကြ၏။

အခြားသူများ မယုံကြည်သည်ကိုထားဦး။

ကျွင်းမြန့်ဖူ မြောင်ရင်ဖုန့်၏ သမီးငယ်ဖြစ်သော မြောင်ယိုလန် ၏ မျက်နှာ၌ပင် သံသယအရိပ်အရောင်များ ထင်ဟပ်နေသည်။

အကယ်၍ ဤကိစ္စကို ယခုထက်ခိုင်မာအောင် မပြောပြနိုင်ပါက မျက်ခုံးဖြူပေါင်စုက အန္တရာယ်ပြုနိုင်သည်ကိုလည်းကောင်း၊ ကျွန် သိုင်းသမားများက မိမိအား အယုံအကြည် မဲ့သွားမည့်အချက်ကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်း ဖိန်အာစစ် ပြေး၍ မြင်မိသည်။

''သခင်မလေး မြောင်ယိုလန်၊ စောစောက သခင်မလေး ပြောခဲ့တဲ့စကား ရှိပါတယ်၊ မိုးပျံမြေခွေး ဖေးထန်းဟူလီရဲ့သားဟာ ပထမတစ်ကြိမ် သူ့ဖခင်ရဲ့ သွေးသောက်ညီသုံးဦးဖြစ်တဲ့ မြောင်၊ ဖန့်နဲ့ ထန်ကိုယ်ရံတော်ကြီးသုံးဦးကို သေဘေးက ခွင့်လွှတ်ခဲ့တယ်၊ နောက် တစ်နှစ်ဖြစ်တဲ့ ဒုတိယအကြိမ် လာရောက်တွေ့ဆုံတဲ့အခါမှာတော့ သူ့ရဲ့ဦးလေးတော်သုံးယောက်ကို တိုးတိုးတိတ်တိတ် စကားပြောပါရစေလို့ ဖေးထန်းဟူလီရဲ့သားက တောင်းပန်တဲ့အကြောင်း သခင်မလေး ပြောခဲ့တယ်မဟုတ်လား''

မြောင်ယိုလန်က ခေါင်းညိတ်ပြ၏။

''ပြောခဲ့ပါတယ်ရှင်''

ဖိန်အာစစ်က ဆက်ပြော၏။

''ဖေးထန်းဟူလီရဲ့သားဟာ ,အခန်းတစ်ခုထဲမှာ တိုးတိုး တိတ်တိတ် စကားပြောပြီးတဲ့နောက် ကိုယ်ရံတော်ကြီးသုံးဦးဟာ လှုပုံ အလယ်ကို ပြန်ထွက်လာခဲ့ကြတယ်၊ ဒီလှုပုံအလယ်မှာပဲ ကိုယ့်ကိုယ်ကို သတ်သေသွားကြတယ် ဆိုတဲ့စကားကိုလဲ သခင်မလေး မြောင်ယိုလန် ပြောကြားခဲ့ပါတယ်နော်''

''ဟုတ်ကဲ့ရှင့်၊ ကျွန်မ ပြောခဲ့ပါတယ်''

''ဒါဖြင့် ကျုပ်တစ်ခုလောက် မေးပါရစေနော်၊ ဖေးထန်းဟူလီ ရဲ့သားဟာ ကိုယ်ရံတော်ကြီးသုံးဦးကို အခန်းထဲခေါ်သွားပြီး ဘာစကား



စကားများ ပြောခဲ့သလဲလို့ သခင်မလေး မြောင်ယိုလန်ကို မေးပါရစေ၊ ဖေးထန်းဟူလီရဲ့သား ပြောနိုင်တဲ့စကားကို သခင်မလေးအနေနဲ့ ခန့်မှန်းပြီး ဖြေပါဗျာ''

မြောင်ယိုလန်သည် တစ်စုံတစ်ခုကို တွေးမိသွားသဖြင့် သူ့မျက်နှာ၌ ထိတ်လန့်ဟန် ပေါ်လာသည်။

''ကျွန်မ သိပြီ''

''ဟုတ်ကဲ့ သခင်မလေး စိတ်ထင်တာကိုပဲ ပြောပါဗျာ၊ သခင်မလေးပြောတာကို ဟောဒီက လူကြီးမင်းများလဲ စဉ်းစားဝေဖန် ကြည့်ကြဖို့ ကျုပ် တောင်းပန်ပါတယ်''

''ကျွန်မစိတ်ထင်တာ မဟုတ်ဘူးရှင့်၊ အဲဒီအတိုင်း အမှန်ကို ပြောရမယ်၊ သားဖြစ်တဲ့လူက ဖခင်ရဲ့သွေးသောက်ညီအစ်ကိုသုံးဦးကို သူ့ဖခင် ဘယ်လိုအနစ်နာခံပြီး ကြိုးစည်ထားတဲ့အကြောင်း၊ သူ့ဖခင်ကို ကိုယ်ရံတော်ကြီးသုံးဦးက သတ်ပစ်လိုက်တဲ့အတွက် သူ့ဖခင် အနစ်နာ ခံကြိုးစည်ထားတဲ့အရာတွေအားလုံး ဘယ်လို သဲထဲရေသွန် ဖြစ်သွားရ မယ် ဆိုတဲ့အကြောင်းတွေကို ရှင်းပြတာပဲ ဖြစ်ပါလိမ့်မယ်ရှင်''

သူမ၏အဖြေက သူမ၏သံသယနှင့် အခြားသိုင်းသမားများ၏ သံသယကို လုံးဝ ချေဖျက်ပစ်လိုက်တော့သည်။

တော်ရုံတန်ရုံ ယှုကျုံးမရ ဖြစ်ရရုံမျှနှင့် ကိုယ်ရံတော်ကြီးသုံးဦး ကိုယ့်ကိုယ်ကို သတ်သေကြလိမ့်မည်မဟုတ်ကြချေ။

ဖိန်အာစစ်သည် နိုင်နိုင်မာမာကြီးပင် ပြောချလိုက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့ခင်ဗျာ၊ သခင်မလေးမြောင်ယိုလန် ပြောတဲ့အတိုင်း ပါပဲ၊ ကိုယ်ရံတော်ကြီးသုံးဦးဟာ ဘယ်လိုမှ ပြုပြင်လို့မရတဲ့ အမှား ဘယ်လိုမှ ခွင့်လွှတ်လို့မရတဲ့အမှားကြီးကို သူတို့ ကျူးလွန်ခဲ့ကြပြီဆိုတာ စိတ်ထိခိုက်စွာ သိရှိသွားကြပါတယ်"

ဖိန်အာစစ်သည် သူ့စကားတွေကို ခေတ္တရပ်လိုက်သည်။

ခန်းမကြီးတစ်ခုလုံး အပ်ကျသံကြားရလောက်အောင် ငြိမ်သက် တိတ်ဆိတ်နေသည်။

"သူတို့သုံးဦးဟာ အင်မတန် ဉာဏ်အမြော်အမြင်ကြီးမားပြီး သိုင်းပညာစွမ်း ထက်လှတဲ့ သူတို့ရဲ့ သွေးသောက်အစ်ကိုကြီးကို မှားမှား ယွင်းယွင်း သတ်ခဲ့ပြီဆိုတဲ့ နောင်တကို ရင်မှာပိုက်ပြီး သိရှိသွား ခဲ့ကြပါတယ်"

ခန်းမကြီးတစ်ခုလုံး တိတ်ဆိတ်မြဲ တိတ်ဆိတ်နေသည်။

သိုင်းလောကအငြိုးခံ မိုးဖျံမြေခွေးအတွက် ကြေကွဲဝမ်း နည်းစိတ်ဖြင့် တိတ်ဆိတ်ငြိမ်သက်နေခြင်းသာ ဖြစ်ပါလေ၏။

"မြောင်၊ ဖန်၊ ထန်ဆိုတဲ့ ကိုယ်ရံတော်ကြီးသုံးဦးဟာ သူတို့ ကျူးလွန်ခဲ့တဲ့အပြစ်ကို သူတို့ရဲ့ သွေးနဲ့ဆေးကြောမှသာ ပြေပျောက်နိုင် မယ်ဆိုတာ ကောင်းကောင်းကြီး သိရှိကြပါတယ်၊ ဒါကြောင့်မို့ ကိုယ့်ရင် ကိုယ်ဓားနဲ့ထိုးပြီး အသက်အသေခံသွားကြခြင်းပဲ ဖြစ်ပါတယ်"

ခန်းမကြီးသည် တိတ်ဆိတ်မြဲ တိတ်ဆိတ်နေ၏။

အလွန်တရာ မေးခွန်းထုတ်တတ်သော ချောင်ယွင်ချီသည်ပင်

❀



လျှင် ငြိမ်သက်တိတ်ဆိတ်နေပေသည်။

"သူတို့ရဲ့ သွေးသောက်အစ်ကိုကြီးကို သတ်မိရုံတင်မကဘူး၊ အင်မတန် အရေးကြီးတဲ့ အရေးတော်ပုံကြီးတစ်ခုကို သူတို့ ဖျက်ဆီး ပစ်ခဲ့ပြီဆိုတာ သိသွားတဲ့နောက် သူတို့အသက်ကို ခွန့်လွှတ်ဖို့ ဝန်မလေးကြတော့ပါဘူး။ သူတို့ရဲ့ အရှင်သခင် ကေရာဇ်ကြီး လီချွမ့်ဝှမ် အတွက် သူတို့ရဲ့အသက်ကို ပေးလျှော်စတေးလိုက်ကြပါတယ်"

ခန်းမကြီးသည် တိတ်ဆိတ်မြဲ တိတ်ဆိတ်နေသည်။

ငြိမ်သက်မြဲ ငြိမ်သက်နေသည်။

ဖိန်အာစစ်၏အသံကသာ ပြည်းပြည်းနှင့်မှန်မှန် ထွက်ပေါ်နေ သည်။

"ဒါပေမယ့် အဲဒီအချိန်မှာ ကေရာဇ်ကြီး လီချွမ့်ဝှမ်ဟာ လူ့လောကမှာ အသက်ရှင်လျက် ရှိနေပါသေးတယ်၊ ကျောက်မှုစ်ဦး တံခါးဝ ဆိုတဲ့အရပ်မှာ ရှိနေပါသေးတယ်၊ ဒါပေမယ့် ကေရာဇ်ကြီးနဲ့ တရုတ်ပြည်သူလူထုကို ဆက်စပ်ပေးမယ့် သူရဲကောင်းကြီး ဖေးထန်း ဟူလီကတော့ မရှိတော့ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ကေရာဇ်ကြီး လီချွမ့်ဝှမ် အသက်ရှင်လျက် ရှိနေတယ်ဆိုတဲ့သတင်းကို ဘယ်သူ့ကိုမှ သိခွင့်ပေးလို့ မဖြစ်ဘူးဆိုတာကို ကိုယ်ရံတော်ကြီးသုံးဦးဟာ ရင်ထဲအသည်းထဲက သိရှိခဲ့ကြပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့အရှင်သခင်ရဲ့အသက်ကို နယ်ချဲ့မန်ချူးတွေ ရန်ရှာမှာ စိုးကြလို့ပါပဲ"

ဖိန်အာစစ်၏ စကားသံသည် လေးတွဲ့နက်ရှိုင်းစွာ ထွက်ပေါ်လာ

❀

www.burmeseclassic.com

www.burmeseclassic.com



နေသည်။

"ကိုယ်ရံတော်ကြီးသုံးဦးဟာ ဒီအဖြစ်မှန်ကို သူတို့ရဲ့ သားမြေးတွေကို လုံးဝ တစ်ခွန်းမှမဟာခဲ့ဘူး။ ဒီလိုမှာခဲ့ရင် သူတို့ရဲ့ သားမြေးတွေဟာ ဖေးထန်းဟူလီရဲ့သားမြေးတွေကို လိုက်ပြီး လက်စားချေမှာ မဟုတ်တော့ဘူး။ ဒါပေမယ့် ကေရာစ်ကြီးလီချွမ့်ဝှမ်ဟာ စီမင်ကြာမှာ အသက်ရှင်နေသေးတယ်ဆိုတဲ့ သတင်းကတော့ တစ်ယောက်ကအစ တစ်ရာဆိုတာလို ပျံ့နှံ့သွားမှာ သေချာတယ်၊ စကားပုံတောင် ရှိသေးတယ် မဟုတ်လား။ ဖူးတစ်ရာရဲ့အပေါက်ကိုသာ ပိတ်လို့ လွယ်တယ်၊ လူတစ်ယောက်ရဲ့ ပါးစပ်ပေါက်ကို ပိတ်ဖို့ မလွယ်ဘူးဆိုတာ"

နားထောင်နေသော သိုင်းသမားများသည် ထိုအခါကျမှသာ စုတ်သပ်မိကြတော့သည်။

ဖိန်အာစစ်က.....

"ခင်ဗျားတို့စိတ်ထဲမှာ ထင်ချင်ထင်မယ်၊ မြောင်၊ ဖန့်နဲ့ ထန် ကိုယ်ရံတော်ကြီးတွေဟာ ဟူ၊ မြောင်၊ ဖန့်နဲ့ ထန်မိသားစုတွေ ဘယ်လောက်သေခဲ့ကြသလဲ၊ သူတို့တွေဟာ မသေသင့်ပဲ သေခဲ့ကြရတာပဲ"

ဖိန်အာစစ်က ခေါင်းခါ၏။

"အဲဒီ အချက်ကိုကပဲ မြောင်၊ ဖန့်နဲ့ ထန် ကိုယ်ရံတော်ကြီးသုံးဦးရဲ့ အရှင်သခင်ချစ်စိတ်ကို သက်သေပြခဲ့တာပဲ၊ သူတို့ရဲ့ သားမြေးတွေ၊ တီတွတ်တွေ သေတာကို သူတို့ ဂရုမစိုက်ဘူး။ သူတို့ ဂရုစိုက်တာက သူတို့ရဲ့ အရှင်သခင် ကေရာစ်ကြီး လီချွမ့်ဝှမ်ကို နယ်ချဲ့မန်ချူးတွေ



သတိရမသွားစေဖို့ပဲ"

ချောင်ယွင်ချီက ဆက်မေး၏။

"ဒါဖြင့် ဟူမိသားစုထဲမှာကော သတင်းမှန်နဲ့ ပတ်သက်လို့ ဘယ်လို သဘောထားကြသတဲ့လဲ"

"ဟူမိသားစုက ပိုလို့တောင် ဒီုးကျူးထိုက်သေးတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီအဖြစ်မှန်ကို သိထားတဲ့ မျိုးဆက်ဟာ 'ဟူ'မျိုးဆက်ပဲ ရှိတယ်၊ သူတို့ရဲ့ ဖခင်ကြီး မိုးပျံမြေခွေး ဖေးထန်းဟူလီက သူ့သားကို မှာပစ်ခဲ့တယ်၊ ဒီအဖြစ်မှန်ကို အနှစ်တစ်ရာအထိ ဟူမျိုးဆက်က လျှို့ဝှက်အောင် ထိန်းသိမ်းထားရမယ်၊ ဘာအသက်အန္တရာယ်ကြောင့်မှ ဒီအဖြစ်မှန်ကို မဖော်ထုတ်ရဘူး။ အနှစ်တစ်ရာကျော်တဲ့အခါမှာတော့ ဒီအဖြစ်မှန်ကို ဖော်ထုတ်ပြောနိုင်တယ်လို့ မှာကြားခဲ့တယ်၊ ဟူမျိုးဆက်တွေဟာ ဒီအဖြစ်မှန်ကို အသက်ပေါင်းများစွာ အဆုံးရှုံးခံပြီး ထိန်းသိမ်းခဲ့ကြပါတယ်"

ထန်ချင်ဝင်းက စိတ်မကောင်းကြီးစွာ ခံစားရရင်း.....

"မိုးပျံမြေခွေး ဖေးထန်းဟူလီက နှစ်တစ်ရာလောက် ထိန်းသိမ်းဖို့ မှာကြားတာ သိပ်များသွားတာပေါ့နော်၊ ကေရာစ်ကြီး လီချွမ့်ဝှမ်ဟာ သူ့ရှိရင်းစွဲအသက်ထက် နောက်ထပ် အနှစ်တစ်ရာတောင် အသက် မရှည်နိုင်ပါဘူး"

ဖိန်အာစစ်က.....

"ဒါလဲ သူ့အရှင်သခင်ပေါ် ချစ်မြတ်နိုးတဲ့ စိတ်ဓာတ်ပဲပေါ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ရဲ့ ကျေးဇူးရှင်သခင်ကြီး ဟူယိတောင်းလက်ထက်မှာ နှစ်တစ်ရာ ကျော်ခဲ့ပါပြီ၊ ဒါကြောင့်မို့ သခင်ကြီးဟူယိတောင်းဟာ ဒီအဖြစ်မှန်ကို ထုတ်ဖော်ပြောပြပြီး မြောင်ရင်ဖုန့်ဆီ အကြောင်းကြားနိုင်းလိုက်တာပါပဲ၊ သူ စေလွှတ်လိုက်တဲ့ တမန်တော်ကတော့ ဆေးဆရာယန့်ကြီးတစ်ဖြစ်လဲ မျက်ခုံးဖြူပေါင်စု ကိုယ်တော်ကြီးပဲပေါ့ဗျာ''

နားထောင်နေသည့် သိုင်းသမားများအားလုံး ဟင်းချမိတော့သည်။

ဤပြဿနာမှာ ပထမပြဿနာသာ ရှိသေးသည်။

ဒုတိယပြဿနာနှင့် တတိယပြဿနာတို့၌ မည်မျှ ရှုပ်ထွေးနေဦးမည် မသိသေးချေ။

ဖိန့်အာစစ်က ခန်းမထဲရှိ သိုင်းသမားများကို ခေတ္တမျှ အကဲခတ်လိုက်၏။

အားလုံး စိတ်ပါဝင်စားစွာ နားထောင်နေကြောင်း တွေ့ရသဖြင့် ဆက်ပြောတော့သည်။

''ကျုပ်ဆက်ပြောချင်တဲ့ အချက်ကတော့ ဒုတိယ ပြဿနာပဲဗျ။ ကျင်းမြန့်ဖူ မြောင်ရင်ဖုန့်ရဲ့ ဖခင်ကြီးနဲ့ သခင်ကလေးထန်တို့ရဲ့ ဖခင်ကြီး သေဆုံးရတဲ့ အကြောင်းအရင်းပါပဲ''

မြောင်ယိုလန်သည် ရှည်လျားစွာ စကားပြောရရှာသည့် အစေခံကြီး ဖိန့်အာစစ်အား ကိုယ်ချင်းစာ ညှာတာစိတ် ပေါ်ပေါက်လာသည်။



ထို့ကြောင့် ရေနွေးကြမ်းတစ်ပန်းကန်ကို လှမ်းပေးလေ၏။

ဖိန့်အာစစ်က လှက်ကာရင်း.....

''ကျေးဇူးတင်ပါတယ် သခင်မလေး။ ကျုပ်ဆက်ပြီး ပြောပြနိုင်ပါတယ်''

သူသည် ရေနွေးကြမ်းကို မသောက်ဘဲ ပန်းကန်ကို ပြန်၍ ချန်ထိုလိုက်၏။

ထို့နောက် ဆက်၍ ပြောသည်။

''ကျင်းမြန့်ဖူ မြောင်ရင်ဖုန့်ရဲ့ ဖခင်ကြီးနဲ့ သခင်ကလေးထန်ရဲ့ဖခင်ကြီးတို့ နှစ်ယောက်ဟာ အင်မတန်ကျော်ကြားတဲ့ သိုင်းဆရာကြီးနှစ်ဦးဖြစ်ကြပါတယ်၊ တစ်နေ့မှာ သူတို့နှစ်ယောက်ဟာ မဟာတံတိုင်းကြီးရဲ့မြောင်ဘက်ကို ထွက်သွားကြပါတယ်၊ တိဗက်ပြည်ဘက်ကို ထွက်သွားကြခြင်းဖြစ်ပါတယ်၊ အဲဒီ နောက်ပိုင်းမှာ ဒီဆရာကြီးနှစ်ယောက်ရဲ့ သတင်းဟာ လုံးဝ စုပ်စမြုပ်စ ပျောက်သွားပါတယ်''

မြောင်ယိုလန်က ပထမဦးဆုံး မေးခွန်းထုတ်သည်။

''ဒီလို သတင်းမြုပ်ပြီး ပျောက်သွားတာနဲ့ ကျွန်မရဲ့ဖေဖေနဲ့ ဖခင်ကြီးထန်က ဘဘကြီးဟူကို အပြစ်ပုံချတော့တာပဲလား''

ဖိန့်အာစစ်က ခေါင်းခါ၏။

''ဒီလိုတော့လဲ မဟုတ်ပါဘူး။ သခင်ကြီး ဟူယိတောင်းအပေါ် သတင်းမှားတာ အကြောင်းရှိပါတယ်၊ အဲဒီဆရာကြီးနှစ်ယောက် တိဗက်ကို ထွက်သွားတဲ့အချိန်မှာ သခင်ကြီး ဟူယိတောင်းကလဲ တိဗက်မှာ

www.burmeseclassic.com

www.burmeseclassic.com



ရှိနေပါတယ်၊ ဒီဆရာကြီးနှစ်ယောက်ရဲ့ သိုင်းပညာဟာ လောကကြီးကို ခြောက်ခြားစေလောက်အောင် ထက်မြက်ကောင်းမွန်ပါတယ် သူတို့နှစ်ယောက်စလုံးရဲ့သတင်း စုပ်စပြုပ်စ ဖြစ်သွားတယ်ဆိုတော့ 'ဒီနှစ်ယောက်ကို တော်ရုံတန်ရုံသိုင်းသမားတွေ မသတ်နိုင်ဘူး သခင်ကြီး ဟူယိတောင်းလိုလူမျိုးကသာ သတ်နိုင်တယ်လို့ အထင်များတာပါ နောက်ပြီး ဟူမိသားစုဟာ မြောင်၊ ဖန့်နဲ့ ထန်မိသားစုတွေနဲ့ ဘေးဘိုး အစဉ်အဆက်ကတည်းက ရန်ငြိုးသိုခဲ့ကြတဲ့ အစဉ်အလာရှိခဲ့တော့ ဆရာကြီးနှစ်ယောက် သေဆုံးမှုရဲ့လက်သည် တရားခံဟာ သခင်ကြီး ဟူယိတောင်း ဖြစ်လာတော့တာပါပဲ''

မြောင်ယိုလန်က.....

''ဒီသတင်းနဲ့ ပတ်သက်လို့တော့ ကျွန်မရဲ့ဖေဖေက ဘာမှ မပြောခဲ့ပါဘူးရှင်၊ ဖေဖေဟာ ဘယ်ကိစ္စပဲဖြစ်ဖြစ် မစုံစမ်း မမေးမြန်းဘဲနဲ့ အရမ်းလုပ်လေ့လုပ်ထတော့ မရှိပါဘူး''

ဖိန်အာစစ်က ခေါင်းညိတ်ပြ၏။

''မှန်ပါတယ်၊ ကျွင်းမြန့်ဖူ မြောင်ရင်ဖုန့်ဟာ အရမ်းမလုပ်ပါဘူး။ ဆရာကြီးနှစ်ယောက်ရဲ့ သတင်းနဲ့ပတ်သက်လို့ စုံစမ်းဖို့အတွက် ဆရာကြီးမြောင်ရင်ဖုန့်နဲ့ ဆရာကြီးထန်ကွေနုံးတို့ဟာ တိဗက်ကို လိုက်သွားပြီး သူတို့ရဲ့ဖခင်ကြီးတွေကို ရှာဖွေခဲ့ကြပါတယ်၊ ဘာသတင်း အစအနမှ မရခဲ့ကြဘူးလို့ သိရပါတယ်''

မြောင်ယိုလန်က.....



''တိဗက်ကိုရောက်မှတော့ ဖေဖေဟာ ဘာဘကြီးဟူကို မရှာပဲ နေမယ်မထင်ဘူး''

''ဟာ.....သေချာတာပေါ့၊ သခင်ကြီးဟူယိတောင်းကို တိဗက်ပြည် တစ်နံ့တစ်လျှား လိုက်ရှာတာပါပဲ၊ ဒါပေမယ့် သခင်ကြီး ဟူယိတောင်း ဘယ်မှာ ရှိနေတယ်ဆိုတဲ့ သတင်းကလေးတောင် မရပါဘူး''

''ဒီတော့ ဖေဖေ ဘာဆက်လုပ်သေးသလဲ၊ တရုတ်ပြည်ကို ပြန်လာတာပဲလား''

''ဆရာကြီး မြောင်ရင်ဖုန့်ဟာ တရုတ်ပြည်ကို ပြန်သွားခဲ့ပါတယ်၊ မဟာတံတိုင်းကြီးအတွင်းကို ရောက်တာနဲ့ သူ့ကိုယ်သူ သိုင်းလောက ပြိုင်ဘက်ကင်း။ မိုးအောက်မြေပြင် ပြိုင်ဘက်ကင်းလို့ ကြေငြာတော့တာပဲ၊ တကယ့်တကယ်မှာ ဒီလိုကြေငြာဖို့ မလိုပါဘူး။ မဟာတံတိုင်းကြီးအတွင်းမှာ ကျွင်းမြန့်ဖူ မြောင်ရင်ဖုန့်ကို တကယ်တမ်း ယှဉ်ပြိုင်နိုင်တဲ့ သိုင်းသမားဆိုလို့ တစ်ယောက်မှ မရှိပါဘူး။ သူ အဓိက ရည်ရွယ်တဲ့လူကတော့ သခင်ကြီး ဟူယိတောင်းပါပဲ၊ သခင်ကြီး ဟူယိတောင်း မခံချင်စိတ်ပေါ်ပြီး သူ့ကိုလာပြီး ယှဉ်ပြိုင်အောင် ဆွပေးလိုက်တဲ့ သဘောပါပဲ''

ချောင်ယွင်ချီက ဝင်ပြော၏။

''အင်း.....ကျုပ်ကတော့ သိုင်းလောကပြိုင်ဘက်ကင်း၊ မိုးအောက်မြေပြင် ပြိုင်ဘက်ကင်းဆိုတဲ့ နာမည်ကို သိုင်းလောကသား

www.burmeseclassic.com

www.burmeseclassic.com



တွေက ဘာလို့ ထင်မှတ်ခဲ့သလဲဗျာ''

ဖိန်အာစစ်က လေးနက်စွာ ပြောသည်။

''သိုင်းလောကသားတွေက ပေးပေးမပေးပေး တရုတ်ပြည်ထဲမှာတော့ ဆရာကြီးမြောင်ရင်ဖုန့်ကို ယှဉ်နိုင်တဲ့လူ တစ်ယောက်မှ မရှိဘူးဆိုတော့ အမှန်ပဲဗျ။ အဲ.....မိုးအောက်မြေပြင် ပြိုင်ဘက်ကင်းလို့တော့ တိတိကျကျခေါ်လို့ မရသေးဘူးပေါ့ဗျာ၊ သခင်ကြီးဟူယိတောင်းရဲ့ သိုင်းပညာကလဲ ဆရာကြီးမြောင်ရင်ဖုန့်လောက်ကို ကောင်းနေလို့ပဲ။ သူဘယ်လိုပဲ ကြွေကြွေကြွေ သခင်ကြီးဟူယိတောင်းကတော့ လုံးဝ မလှုပ်ဘူးဗျ၊ ဘာမှမသိသလို ဘာမှမကြားသလို ငြိမ်ပြီး ကုပ်နေခဲ့ပါတယ်''

မြောင်ယိုလန်က.....

''အဲဒါ ဘာဖြစ်လို့လဲရှင့်''

''သခင်ကြီး ဟူယိတောင်းဟာ ဆရာကြီး မြောင်ရင်ဖုန့်ကို ဘာမှ မတုံ့ပြန်ပေမယ့် ပျောက်ဆုံးနေတဲ့ ဆရာကြီးနှစ်ယောက်ရဲ့ သတင်းကိုတော့ ကြိတ်ပြီး စုံစမ်းခဲ့ပါတယ်၊ သူ့ကို ဆရာကြီး မြောင်ရင်ဖုန့် အထင်လွဲနေမယ်ဆိုတာ ကြိုတင်ရိပ်မိထားလို့ပဲ ဖြစ်ပါတယ်၊ သူဟာ ဆရာကြီးနှစ်ယောက်ရဲ့သတင်းကိုရရင် ဆရာကြီး မြောင်ရင်ဖုန့်နဲ့ ရင်ဆိုင်တွေ့ပြီး ရှင်းပြချင်လို့ ဒီလို စုံစမ်းတာပဲ ဖြစ်ပါတယ်''

မြောင်ယိုလန်က.....

''ဘိုးဘိုးကြီးတို့ရဲ့သတင်းကို ဘာဘာကြီးဟူ စုံစမ်းလို့ ရပါသလား၊ရှင်''



ဖိန်အာစစ်က ခေါင်းညိတ်၏။

''ရပါတယ်၊ အဲဒီအချိန်မှာပဲ သခင်ကြီး ဟူယိတောင်းရဲ့ဇနီးသည်ဟာလဲ ကိုယ်လေးလက်ဝန် ရှိလာနေပါပြီ. သခင်ကြီးရဲ့ကတော်ဟာ ကျန်းနန်ဒေသသူဖြစ်ပါတယ်၊ သူကိုယ်ဝန်ရှိချိန်မှာ သူမရဲ့ မွေးဇာတိကို သိပ်လွမ်းဆွတ်နေတာကြောင့် သခင်ကြီး ဟူယိတောင်းဟာ ဇနီးသည်ရဲ့ အလိုကိုလိုက်ပြီး တရုတ်ပြည်တောင်ပိုင်းကို ဆင်းလာခဲ့ပါတယ်၊ အဲဒီနောက်ပိုင်း သတင်းတွေကိုတော့ ဒီကဆရာကြီးများ သိပြီးဖြစ်ကြပါတယ်ဗျာ''

ချောင်ယွင်ချိုက.....

''ဟာ.....ခင်ဗျား ပြောမှာသာ ဆက်ပြောစမ်းပါဗျာ၊ မဟုတ်ရင် အဆက်အစပ်တွေ ပြတ်သွားမှာပေါ့''

''ကောင်းပါပြီဗျာ ကောင်းပါပြီ၊ ကျွန်တော် အကျဉ်းချုပ်ပြီး ပြောပါ့မယ်၊ သခင်ကြီးတို့ ဆင်းလာတော့ ခေါင်းဆောင်ကြီးဖန့်နဲ့ သခင်ကလေးထန်တို့က ဘယ်လိုတားဆီးခဲ့တယ်ဆိုတာ ဆေးဆရာကြီး တစ်ဖြစ်လဲ မျက်နုံးဖြူပေါင်စု ပြောပြတဲ့အထဲမှာ ပါပါတယ်၊ ခေါင်းဆောင်ကြီးဖန့်နဲ့ သခင်ကလေး ထန်တို့ဟာ သူတို့ပညာနဲ့ မယှဉ်နိုင်မှန်းသိလို့ ဆရာကြီးမြောင်ရင်ဖုန့်ကို သွားခေါ်ခဲ့ကြပါတယ်၊ မြောင်ရင်ဖုန့်ဟာ သခင်ကြီး ဟူယိတောင်းရဲ့သားကလေးကို ရယ်မောကြည့်ပြီး ပြန်ထွက်သွားခဲ့ပါတယ်၊ သခင်ကြီး ဟူယိတောင်းဟာ ရုပ်ခန္ဓာ ကြမ်းတမ်း

www.burmeseclassic.com

www.burmeseclassic.com



သလောက် အင်မတန် စိတ်သဘောထားကောင်းသူလဲ ဖြစ်ပါတယ် သူ့သားကလေးရဲ့ ရှေ့ရေးကိုတွေးပြီး လွှန်ခဲ့တဲ့ အနှစ်တစ်ရာကျော်က အဖြစ်မှန်တွေကို ရှင်းပြဖို့၊ တီဗက်မှာ ဆရာကြီးနှစ်ယောက် ဘယ်လို သေဆုံးတယ်ဆိုတာ ရှင်းပြဖို့ ဆေးဆရာယန်ကြီးကို တမန်အဖြစ် စေလွှတ်လိုက်ပါတယ်''

ချောင်ယွင်ချီက.....

''မိုးအောက်မြေပြင် ပြိုင်ဘက်ကင်း မြောင်ရင်ဖုန့်ကို ဆရာကြီး နှစ်ဦးသေခဲ့တဲ့ ကိစ္စနဲ့ပတ်သက်ပြီး ဘယ်လိုရှင်းပြလိုက်သလဲဗျာ၊ ကျုပ်တို့ သိခွင့်မရှိဘူးလား''

ဖိန်အာစစ်က ရှင်းပြ၏။

''သခင်ကြီး ဟူယိတောင်းက ဆေးဆရာယန်ကြီးကို အဲဒီ ကိစ္စနဲ့ပတ်သက်ပြီး အပြည့်အစုံ ရှင်းမပြဘူးဗျ၊ မြောင်ရင်ဖုန့်လာရင် 'အဲဒီဆရာကြီးနှစ်ယောက်ရဲ့အလောင်းကို လိုက်ပြပါ့မယ်၊ သူတို့ ဘယ်လိုသေဆုံးတယ်ဆိုတာ သိရပါလိမ့်မယ်၊ သူတို့သေဆုံးပုံဟာ ရှင်းပြရဲစရာ မရှိအောင် ရှက်ဖို့ကောင်းလှပါတယ်'လို့ပဲ မှာကြားခဲ့ပါတယ်''

ဖိန်အာစစ်က ချောင်းတစ်ချက် ဟန့်လိုက်ပြီး အားလုံးကို အကဲခတ်လိုက်၏။

''ခင်ဗျားတို့ တတိယ ပြဿနာကြီးကိုရော နားထောင်ချင်စိတ် ရှိကြရဲ့လားဗျာ''

ခန်းမထဲရှိ သိုင်းသမားများသည် ယိမ်းတိုက်ထားသစ္စည့်အလား



ကျိန်ပြိုင်နက် ခေါင်းထောင်သွားကြလေတော့၏။

''ဟာ.....ကျုပ်တို့သိပ်ပြီး နားထောင်ချင်ကြပါတယ်ဗျာ၊ ပြောစရာ ရှိတာကိုသာ ပြောပါ၊ ခင်ဗျား မပြောမှာကိုပဲ စိုးရိမ်မိပါတယ်''

ထိုလူစုထဲ၌ မျက်နှာဖြူပေါင်စုတည်းဟူသော တရုတ်တုန်းကြီးအို မပါဝင်ပေ။ သူသည် ဖိန်အာစစ်ကို သုန်မှုန်စွာ ကြည့်နေလေ၏။

ဖိန်အာစစ်က ခေါင်းညိတ်ရင်း ဆက်ပြောလေ၏။

''ကောင်းပါပြီ၊ တတိယ ပြဿနာကို ဆက်ပြောပါ့မယ်၊ ကျုပ်ပြောခဲ့သလို ဒီတတိယပြဿနာက ကေရာဇ်ကြီး လီချွမ့်ဝှမ်ရဲ့ လက်သုံးတော်ဓားနဲ့ ပတ်သက်နေပါတယ်၊ ဒီလက်သုံးတော်ဓားထဲမှာ မျိုးအနွယ်ထိုက်တန်တဲ့ ကျောက်မြတ်ရတနာတွေ ရှိနေပါတယ်လို့ ဆိုပါတယ်''

ခန်းမကြီးထဲရှိ သိုင်းသမားအားလုံး ဇက်များ ထောင်သွားကြသည်။

သူတို့၏မျက်လုံးများ ပြူးကျယ်သွားသည်။ ယုံလည်း မယုံနိုင်ကြပေ။

အဘယ်မှာလျှင် ယုံနိုင်ပါအံ့နည်း။

လီချွမ့်ဝှမ်၏ လက်သုံးတော်ဓားမှာ စစ်အမိန့်ပေး ဓားကောင်းမှာမြတ်ဖြစ်သော်လည်း မည်သည့်နေရာတွင်မျှ ရတနာ စီခြယ်ထားကြောင်း လုံးဝ မတွေ့ရှိရခဲ့ပေ။

သာမန်တိုက်ပွဲဝင် ဓားတစ်လက်သာဖြစ်ကြောင်း သူတို့အားလုံး

www.burmeseclassic.com

www.burmeseclassic.com



နိုင်မိကြသည်။

ဖိန်အာစစ်သည် သိုင်းသမားများ မယုံမကြည် ဖြစ်နေကြခြင်းကို သိရှိလိုက်သဖြင့် သိုင်းသမားများ၏ ယုံမှားသံသယကို ဖယ်ရှင်းနိုင်အောင် လီချွမ့်ဝှမ်၏ လက်သုံးတော်ဓားအကြောင်း ဆက်လက်ပြောတော့သည်။

"ဒီအကြောင်းတွေကို ကျုပ်ဘာသာကျုပ် ပင်ပင်ပန်းပန်းကြိုးစားပြီး ရတာမဟုတ်ဘူးဆိုတာတော့ ကြိုတင်ပြောပါရစေဗျာ။ တကယ်တမ်းပြောရရင် ဒီအကြောင်းတွေကို စောစောကတည်းက မျက်ခုံးဖြူပေါင်စု ကိုယ်တော်ကြီးဆီက ခင်ဗျားတို့ သိသင့်ကြတာဗျ"

သိုင်းသမားများ၏ မျက်လုံးများသည် မျက်ခုံးဖြူပေါင်စုတည်းဟူသော တရုတ်ဘုန်းကြီးအိုကြီးပေါ်သို့ ရောက်ရှိသွားကြတော့၏။

ဤတရုတ်ဘုန်းကြီးအိုသည် လက်သုံးတော်ဓားနှင့်ပတ်သက်၍ သူတို့အပေါ် လျှို့ဝှက်ထိန်ချန်ထားသည်မှာ သေချာနေပြန်လေပြီ။

မျက်ခုံးဖြူပေါင်စုကား ဖိန်အာစစ်ကို အံ့ကြိတ်၍သာ ကြည့်နေ၏။

သူ့မျက်လုံးများသည် မီးဝင်းဝင်းတောက်နေ၏။

တတ်နိုင်လျှင် ဖိန်အာစစ်ကို အမှုန့်ချေပစ်ချင်ကြောင်း သူ့ဟန်အမူအရာက သက်သေပြနေ၏။

သို့သော်.....

ကျင်းမြန့်ဖူ မြောင်ရင်ဖုန့်၏ ကမ္ဘည်းစာတန်းက စွမ်းအားကြီး



မှာလှစွာဖြင့် တရုတ်ဘုန်းကြီးအို၏ ဒေါသကို တားဆီးထားလေ၏။

ဖိန်အာစစ်က.....

"အဲဒီညက သခင်ကြီးဟူယိတောင်းဟာ ဆေးဆရာယန်ကြီးကို ဒီ လက်သုံးတော်ဓားနဲ့ ပတ်သက်ပြီး အသေအချာကို ပြောပြခဲ့ပါတယ်၊ ကေရာဇ်ကြီးလီချွမ့်ဝှမ်ဟာ ပီကင်းနေပြည်တော်ကို အောင်ပွဲခံတဲ့အချိန်မှာ စစ်ရှုံးသူ 'မင်'ကေရာဇ်ရဲ့ မှူးကြီးမတ်ရာ သေနာပတိအားလုံးလက်နက်ချ အညံ့ခံခဲ့ပါတယ်၊ အဲဒီ မှူးကြီးမတ်ရာအားလုံး ကိုယ်ကျိုးရှာသူတွေချည်းဆိုတော့ သူတို့ဆီမှာ ပစ္စည်းဥစ္စာ ရတနာတွေ အများကြီးရှိနေခဲ့ကြပါတယ်၊ ကေရာဇ်ကြီးလီချွမ့်ဝှမ်ဟာ ဆင်းရဲသား တောင်သူလယ်သမားဘဝက တက်လာခဲ့ရသူဖြစ်တဲ့အတွက် မတရား ကိုယ်ကျိုးရှာနေတဲ့ ဒီမှူးကြီးမတ်ရာတွေကို အင်မတန် စက်ဆုပ်ရွံရှာပါတယ်"

ချောင်ယွင်ချီက.....

"ဒါနဲ့ သူတို့အားလုံးကို သတ်ပစ်လိုက်ရောလား"

"ဟင့်အင်း.....မသတ်ပါဘူး။ ကေရာဇ်ကြီးလီချွမ့်ဝှမ်ဟာ လောက် ရက်စက်တဲ့စိတ်ထား မရှိဘူးလို့ ဆိုပါတယ်၊ ဒါပေမယ့် ကိုယ့်ကိုယ်ကို လိပ်ပြာမလုံတဲ့ မှူးကြီးမတ်ရာ သေနာပတိတွေဟာ သူတို့အသက်နဲ့ သူတို့သားမယားတွေရဲ့အသက်ကို ရွေးနုတ်ဖို့ အဖိုးအနဂ္ဃတိုက်တန်တဲ့ ရတနာတွေကို တောင်ပုံယာပုံ ဆက်သကြသတဲ့၊ ရွှေငွေတွေဆိုတာတော့ ပြောမနေနဲ့ ကျောက်မျက်ရတနာတွေကိုက ရေတွက်လို့မနိုင်အောင် စုပုံနေတယ်ဆိုပဲ"

www.burmeseclassic.com

www.burmeseclassic.com



ချောင်ယွင်ချီက တီးတိုးပြောလိုက်၏။

"ဒီလောက်တောင်ပုံရာပုံရှိတဲ့နေရာတွေကို ဓားတစ်ချော
တည်း ထည့်ထားတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။ ဒီကောင်ကြီးပြောနေတ
ပထမပိုင်းတော့ ဟုတ်သလိုလိုပဲ၊ နောက်ပိုင်းကျတော့ သိပ်ယုတ္တိ
မရှိတော့ဘူး"

ဖိန်အာစစ်သည် ချောင်ယွင်ချီ၏ ပြောစကားကို မကြားပေ
သူ့ဘာသာ ဆက်၍ ပြောနေလေ၏။

"ကေရာဇ်ကြီး လီချွမ့်ဝှမ် ပီကင်းနေပြည်တော်ကို စွန့်ခွ
ထွက်ပြေးလာတဲ့အခါမှာတော့ ဒီတောင်ပုံရာပုံ ရတနာတွေကို ကေရာ
ကြီးရဲ့လူယုံတော်တွေဟာ အင်မတန်လျှို့ဝှက်တဲ့နေရာတစ်နေရာမှာ မြှုပ်
သိမ်းဆည်းလိုက်ကြတယ်၊ တကယ်လို့ မန်ချူးတွေကို အရေးနိမ့်ခဲ့ရ
နောက်တစ်ခါ ပြန်တော်လှန်တဲ့အခါမှာ အသုံးပြုဖို့ ကေရာဇ်ကြီးဟာ
ရည်ရွယ်ခဲ့တယ်၊ ဒါကြောင့်မို့ ဒီရတနာတွေ မြှုပ်နှံထားတဲ့နေရာ
တိတိကျကျ မြေပုံတစ်ချပ် ရေးဆွဲပြီး ကေရာဇ်ကြီးရဲ့ လက်သုံးတော်
ဓားထဲမှာ ထည့်ထားခဲ့ပါတယ်၊ ဒါကြောင့် ကေရာဇ်ကြီးရဲ့ လက်သုံး
တော်ဓားဟာ ရတနာသိုက် ပြန်ရှာမယ့်ကိစ္စမှာ အင်မတန် အဓိကကျတဲ့
အခန်းက ပါဝင်နေခဲ့ပါတယ်"

"ကျို့ကုန်းတောင်ထိပ်မှာ သက်တော်စောင့် ကိုယ်ရံတော်
တပ်သားလေးအဖြစ် ခေတ္တ ပြောင်းလွှဲခဲ့တဲ့ ကေရာဇ်ကြီး လီချွမ့်ဝှမ်ဟာ
သူ့ရဲ့လက်သုံးတော်ဓားကို မိုးပျံမြေခွေး ဖေးထန်းဟူလီရဲ့ လက်ထဲ



ပေးအပ်ခဲ့ပါတယ်၊ ဒီလိုပေးအပ်ခဲ့တာ အကြောင်းရှိပါတယ်၊ ကေရာဇ်ကြီး
အပေါ် သစ္စာရှိတဲ့လူတွေနဲ့ တိုင်းသူပြည်သားတွေကို အဓိကစုစည်းမယ့်
လူကတော့ ဖေးထန်းဟူလီပဲ ဖြစ်ပါတယ်၊ ဒါကြောင့်မို့ ရွှေ ငွေ ရတနာ
လိုအပ်ခြင်းလိုအပ်ရင် ဖေးထန်းဟူလီသာ လိုအပ်မယ်ဆိုတာ ကေရာဇ်
ကြီးက သိရှိခဲ့ပါတယ်၊ ဒါကြောင့်မို့ သူ့လက်သုံးတော်ဓားကို ပေးအပ်ခဲ့ခြင်း
ဖြစ်ပါတယ်"

"ဒါပေမယ့် ကျွင်းရေကန်တော်မှာ ဖေးထန်းဟူလီ အထင်မှား
လုပ်ကြံခံရပြီးနောက် ကေရာဇ်ကြီးရဲ့ လက်သုံးတော်ဓားဟာ ကိုယ်ရံ
တော်ကြီးသုံးဦးရဲ့လက်ထဲ ရောက်သွားပါတယ်၊ ဒါပေမယ့် ဒီလက်သုံး
တော်ဓားကို ဖေးထန်းဟူလီရဲ့သားက ပြန်လည် ယူဆောင်သွား
ခဲ့ပါတယ်"

"အဲဒီနှစ်များစွာအတွင်းမှာ ဟူမိသားစုကတစ်ဘက်၊ မြောင်၊
ဖန့်နဲ့ ထန်မိသားစုသုံးစုကတစ်ဘက် အပြန်ပြန် အလှန်လှန် တိုက်ခိုက်
ကြပါတယ်၊ ဒီလက်သုံးတော်ဓားဟာလဲ အဲဒီ မိသားစုလေးစုရဲ့လက်ထဲ
အပြန်ပြန်အလှန်လှန် ရောက်ခဲ့တာပါပဲ၊ နောက်ပိုင်းနှစ်တွေမှာတော့
လက်သုံးတော်ဓားဟာ ထန်းလုံသိုင်းအဖွဲ့ကြီးရဲ့ လက်ထဲမှာပဲ အတော်
နိုင်နိုင်မြဲမြဲ ရောက်ရှိခဲ့ပါတယ်"

"တစ်ခုရှိတာက ဒီလက်သုံးတော်ဓားထဲမှာ အင်မတန်
တန်ဖိုးရှိတဲ့ ရတနာမြေပုံ ရှိနေတယ်ဆိုတဲ့အချက်ကို မြောင်၊ ဖန့်နဲ့
ထန်မိသားစုတွေဟာ လုံးဝ မသိရှိကြပါဘူး။ ဒါကြောင့်မို့ သူတို့ဟာ

www.burmeseclassic.com

www.burmeseclassic.com



ရတနာသိုက် ရှာဖွေတူးဖော်ဖို့ကိစ္စကို လုံးဝ မဆောင်ရွက်ခဲ့ကြပါဘူး။ အဲဒီ လျှို့ဝှက်ချက်ကို သိရှိထားသူတွေကတော့ ဟူမိသားစုရဲ့ မျိုးဆက်တွေ တစ်ဆက်လုံးပဲ ဖြစ်ပါတယ်၊ ဒါပေမယ့် ဟူမိသားစုရဲ့ နောက်ဆက်တွဲ တွေရဲလက်ထဲမှာ လက်သုံးတော်ခား ရှိမနေတော့တဲ့အတွက် သူတို့ဟာလဲ ရတနာများကို ထုတ်ဖော်တူးယူခြင်း မပြုနိုင်ကြပါဘူး''

''သခင်ကြီးဟူယိတောင်းဟာ အင်မတန်အရေးကြီးတဲ့ လျှို့ဝှက်ချက်ကြီးကို ဆေးဆရာယန်ကြီးကို ထုတ်ဖော်ဖွင့်ပြောခဲ့ပါတယ်၊ အထူးစကားချပ်ကိုလဲ ကျင်းမြန့်ဖူ မြောင်ရင်ဖုန့်ကို ပြောဖို့ သေသေချာချာ မှာကြားပါတယ်၊ အထူးစကားချပ်ကတော့ ကျန်းမြန့်ဖူ မြောင်ရင်ဖုန့် ကိုယ်တိုင် ဒီရတနာတွေကို ထုတ်ဖော်တူးယူဖို့၊ တူးယူပြီးရင် ဆင်းရဲ ကျပ်တည်းနေတဲ့ တိုင်းသူပြည်သားတွေကို ကူညီထောက်ပံ့ဖို့၊ တရုတ် ပြည်ကို မတရားကျူးကျော်အုပ်ချုပ်နေတဲ့ မန်ချူးတွေကို မဟာတံတိုင်း ကြီးအပြင် နှင်ထုတ်တိုက်ခိုက်ရေးကိစ္စမှာ ဒီရတနာတွေကို ရံပုံငွေအဖြစ် အသုံးပြုဖို့ ကျုပ်တို့ရဲ့ ရေမြေတောတောင်တွေအားလုံးကို ပြန်ရပြီးတဲ့အခါ လယ်ယာစိုက်ပျိုးရေးအတွက် ဒီရတနာတွေကို ပြန်သုံးဖို့ အစရှိတဲ့ အင်မတန် အရေးကြီးတဲ့စကားတွေကို မှာကြားခဲ့ပါတယ်''

''သခင်ကြီးဟူယိတောင်းဟာ သိုင်းလောကထဲက ဘယ်သူမှ မသိသေးတဲ့ ပြဿနာကြီးသုံးရပ်ကို ဆေးဆရာယန်ကြီးကို ရဲရဲဝံ့ဝံ့ ယုံယုံစားစား ဖွင့်ပြောခဲ့ပါတယ်ဗျာ၊ ဒီအချက်တွေအားလုံးကို ဆရာကြီး မြောင်ရင်ဖုန့်ကိုယ်တိုင် ယုံယုံကြည်ကြည်သိရှိမှ သူတို့နှစ်ယောက်ရဲ့



တိုက်ပွဲဟာလဲ အေးငြိမ်းမှု ရလိမ့်မယ်ဆိုတာ သခင်ကြီး ဟူယိတောင်း ကြိုတင်သိရှိနေပါတယ်''

''ဆေးဆရာယန်ကြီးဟာ ဒီသတင်းအားလုံးကို ဆရာကြီး မြောင်ရင်ဖုန့်ဆီ သွားရောက်သတင်းပို့ခဲ့ပါတယ်၊ ဒီလျှို့ဝှက်ချက်ကြီးတွေကို အသိပေးခဲ့ပါလျှက်နဲ့ ဆရာကြီးမြောင်ရင်ဖုန့်က သခင်ကြီး ဟူယိတောင်း ကို ဘာ့ကြောင့် လာတိုက်ခိုက်တယ်ဆိုတာ သခင်ကြီးဟူယိတောင်းဟာ ပူဆေသွားတဲ့အထိ လုံးဝ မသိရှိသွားပါဘူးဗျာ၊ ကျုပ်လဲ လုံးဝ အဖြေရှာ လို့ မရခဲ့ပါဘူး''

''အင်မတန် ဖြောင့်မတ်တဲ့ သူရဲကောင်း သိုင်းသမားကြီး မြောင်ရင်ဖုန့်ဟာ သခင်ကြီး ဟူယိတောင်းနဲ့ ပတ်သက်ပြီး ဘာဖြစ်လို့ ဖြောင့်မတ်မှုမရှိဘဲ ဖြစ်သွားရတာလဲဗျာ၊ ခင်ဗျားတို့ အားလုံးပဲ စဉ်းစား ကြည့်ကြပါဦး။ တစ်ခုတော့ စဉ်းစားစရာ ရှိတာပေါ့ဗျာ၊ သခင်ကြီး ဟူယိတောင်းပြောပြခဲ့တဲ့ ပြဿနာကြီးသုံးရပ်ဟာ ကြားရသူတိုင်း မယုံ၀င်တွေ ထောင်သွားရလောက်အောင် အံ့ဩစရာ ဖြစ်နေတာမို့ သိုင်းလောက ပြိုင်ဘက်ကင်း ဆရာကြီး မြောင်ရင်ဖုန့်ဟာ တစ်စက် ကလေးမှ မယုံကြည်ဘဲ ဖြစ်သွားသလား မသိပါဘူးဗျာ''

အစေခံကြီးဖိန်အာစစ်သည် သက်ပြင်းရှည်ကြီးချလျက် သူ့စကားကို နောက်ဆုံး နိဂုံးချုပ်လိုက်လေတော့၏။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၁)

## ငြင်းမရသော အမာရွတ်

မြောင်ယိုလန် အပါအဝင် သိုင်းသမားများသည် ဟူယီတောင်း အပေါ် လွန်စွာ စာနာဖွယ်ကောင်းပါလျက် စာနာမှုမရှိဘဲ ငါးရက်တိုင်တိုင် လာရောက်တိုက်ခိုက်သည့် မြောင်ရင်ဖုန့်၏စိတ်ဓာတ်ကို နားမလည်နိုင်ဘဲ ဖြစ်နေကြသည်။

မြောင်ရင်ဖုန့်သည် သစ္စာဘက်တော်သားအဖြစ်မှ သွေဖယ် ခဲ့လေသလား ဟု တွေးတောနေမိကြလေ၏။

ထိုစဉ် တစ်ချိန်လုံး ငြိမ်သက်စွာ နားထောင်နေသည့် ထောင်ပိုင် ရွှေ့သည် ရုတ်တရက် ကြားဖြတ်၍ ဝင်ပြောလာလေ၏။

❀



"သိုင်းလောက ပြိုင်ဘက်ကင်း မြောင်ရင်ဖုန့်က ဟူယီတောင်း ကို ဘာကြောင့် လာပြိုင်တယ်ဆိုတဲ့အကြောင်း ကျုပ် ကောင်းကောင်းကြီး သိရှိထားပါတယ်၊ ကျုပ် သိထားတဲ့အကြောင်းကို ထုတ်ဖော် မပြောခင် ဖိန်အာစစ်ကို ကျုပ် တစ်ခုပြန်မေးချင်တယ်ဗျာ"

ဖိန်အာစစ်သည် ထောင်ပိုင်ရွှေ့၏စကားကို ကြားရသောအခါ အလွန်တရာ အံ့ဩသွားသည်။

ထို့ကြောင့် ချက်ချင်းပင် ခေါင်းညိတ်ပြလေ၏။

"ဟုတ်ကဲ့၊ မေးချင်တာမေးပါဗျာ၊ ကျုပ်သိသမျှတော့ ပြန်ဖြေဖို့ အဆင့်သင့်ပါပဲ"

"ကောင်းပြီ၊ ကျုပ်မေးမယ်၊ ခင်ဗျားဟာ ဟူယီတောင်းနဲ့ အတော်ကလေး ပတ်သက်ခဲ့တဲ့လူဖြစ်ကြောင်း ခင်ဗျားစကားအရ မှန်းနေပြီ၊ အခု ဒီတောင်ကလပ်ထိပ်ပေါ်ကို ခင်ဗျားဘာလာ လုပ်သလဲ၊ ဒီအချက်ကို ကျုပ် သိချင်တယ်"

ယင်းမေးခွန်းကား လူတိုင်း မေးလိုသည့် မေးခွန်းပင်ဖြစ် တော့သည်။

ဖိန်အာစစ်သည် ဟက်ဟက်ပက်ပက် ရယ်မောရင်း လူတကာ ထိတ်လန့်သွားစေသည့် စကားကို ပြောချလိုက်လေ၏။

"ကျုပ် ဒီကို ရောက်ရှိလာတာကတော့ ကျုပ်သခင်ကြီး ဟူယီတောင်းအတွက် လက်တုံ့ပြန်ဖို့ ရောက်ရှိလာတာပါပဲဗျာ"

"ဘာ.....လက်တုံ့ပြန်ဖို့ ရောက်ရှိလာတယ်၊ ဟုတ်လား"

❀

www.burmeseclassic.com

www.burmeseclassic.com



ထိုအသံကား ခန်းမကြီးထဲ၌ ဟိန်း၍ထွက်လာ၏။

သိုင်းသမားအများစုကြီးက ပြိုင်တူမေးလိုက်ခြင်းဖြစ်၍ ဤ အသံဟိန်းသွားခြင်းဖြစ်သည်။

မြောင်ယိုလန်၏ မျက်နှာမှာ ဖြူရော်သွား၏။

သူမက လေသံ တိုးတိုးဖြင့် ပြောလေ၏။

"ဦးဦးဖိန်အာစစ်အနေနဲ့ ဘယ်လိုပဲ တုံ့ပြန်ချင် တုံ့ပြန်ချ ကျွန်မရဲ့ဖေဖေဟာ ဒီတောင်ကလပ်ထိပ်ကို ရောက်မလာသေးပါဘူးရှင်"

ဖိန်အာစစ်က ကမန်းကတန်း ပြောလေ၏။

"ဟာ.....ဒီလို မဟုတ်ပါဘူး။ သခင်ကြီး ဟူယိတောင်းက သေအောင် သတ်ခဲ့တဲ့လူက ဆရာကြီးမြောင်ရင်ဖုန့်မှ မဟုတ်တာပဲ"

"ရှင်"

မြောင်ယိုလန်မှာ အံ့ဩလွန်းသဖြင့် မည်သည့်စကား မပြောနိုင်ဘဲ ဖြစ်သွားရှာလေ၏။

အတန်ကြာမှ.....

"ဒါဖြင့် ဘယ်သူများလဲရှင်"

ဖိန်အာစစ်သည် မျက်ခုံးဖြူပေါင်စုတည်းဟူသော တရုတ် ဘုန်းကြီးအိုကြီးကို တည့်မတ်စွာ လက်ညှိုးထိုးလျက် ရဲရင့်စွာ ပြော လိုက်လေ၏။

"သခင်ကြီး ဟူယိတောင်းကို သေအောင်လုပ်ခဲ့တဲ့သူကတော့ အရင်က ဆေးဆရာယန်ကြီးလို့ ခေါ်ခဲ့ပြီး အခု မျက်ခုံးဖြူပေါင်စုလို့



ကျော်ကြားနေတဲ့ တရုတ်ဘုန်းကြီးအိုကြီးပါပဲခင်ဗျာ"

မျက်ခုံးဖြူပေါင်စုသည် ဝုန်းခနဲ မတ်တတ်ရပ်လိုက်၏။

"ဟားဟားဟား..... မင်းကလေးကွ ငါ့ကို သတ်မှာ၊ မင်းမှာ သတ်နိုင်တဲ့ပညာရှိရင် ခပ်မြန်မြန်ကလေး လာသတ်စမ်းပါကွာ၊ ဟား ဟားဟား....."

"ဟားဟားဟား....."

သည်တစ်ကြိမ် ရယ်သူမှာ မျက်ခုံးဖြူပေါင်စု မဟုတ်ပါချေ။ ဖိန်အာစစ်သာ ဖြစ်ပါလေ၏။

ဖိန်အာစစ်သည် မျက်ရည်ထွက်မတတ် ရယ်နေလေ၏။

မျက်ခုံးဖြူပေါင်စုက မျက်မှောင်ကြုတ်၍ မေး၏။

"မင်း ဘာရယ်နေတာလဲ၊ ငါ့ကို တိုက်ခိုက်ချင်တယ်ဆို၊ ဟာ.....တိုက်လေ"

"ဟားဟားဟား.....ကျုပ်က ခင်ဗျားကို သတ်ခဲ့ပြီးပြီဗျ။ ခင်ဗျားဟာ ဒီလူပြည့်မှာ အသက်ရှင်လှ နောက်ရက်သတ္တပတ်ပေါ့ဗျာ၊ စိတ်ချစမ်းပါ၊ ခင်ဗျားဟာ နောက်ခုနစ်ရက်ထက် အသက်ပိုမရှင် နိုင်ပါဘူးဗျ။ ဟားဟားဟား....."

နားထောင်နေသူများ ထိတ်လန့် တုန်လှုပ်သွားကြ၏။

ဖိန်အာစစ်သည် မျက်ခုံးဖြူပေါင်စုအား မည်သို့ အဆိပ်ခတ် လိုက်လေသနည်းဟု တွေးတောနေလေ၏။

\+ + +

www.burmeseclassic.com

www.burmeseclassic.com



သူတို့နည်းတူ မျက်ခုံးဖြူပေါင်စုသည်လည်း တွေးနေ၏။

ဖိန်အာစစ် ပြောပုံမှာ သေချာလှသဖြင့် ပေါင်စုမှာ သူ့ကိုယ်သူ မယုံမရဲ ဖြစ်လာသည်။

သို့သော်.....

ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့ဆိုသည့်စကားအတိုင်း ခပ်ထန်ထန် ပြန်မေးလိုက်၏။

"မင်းလို မလောက်လေး မလောက်စားကောင်ကများ၊ ငါ့ကို သေအောင် လုပ်နိုင်မတဲ့လား။ ဟားဟားဟား .....ရယ်စရာကောင်းလိုက် တာကွာ"

ထိုအခါ ဖိန်အာစစ်က ပေါင်စုထက်ပင်ပို၍ မာကျောစွာ ပြန်ပြောလေတော့၏။

"ခင်ဗျားတစ်ယောက်တည်း သေမှာ မဟုတ်ဘူးဗျ။ ပော တောင်ကလပ်ပေါ်မှာ ရှိရှိသမျှလူအားလုံး သေကြမှာမို့ ကျုပ် ဆ တယ်ဗျာ"

ထိုင်၍ နားထောင်နေကြသည့် သိုင်းသမားအားလုံး မြောင် လန့်မှအပ အားလုံး ထခုန်မိကြလေ၏။

သူတို့အားလုံးသည် ဤတောင်ကလပ်ထိပ်သို့ သူတို့သဘော သူတို့ စိတ်လိုလက်ရ တက်လာခဲ့ကြသူများ မဟုတ်ကြချေ။

မျက်ခုံးဖြူပေါင်စုက အတင်းအကျပ်ခေါ်လာခဲ့သဖြင့် မတ သာဘဲ တက်လာခဲ့ရသူများဖြစ်ကြ၏။



ယခုသော်.....

ဘာမှန်းမသိ ညာမှန်းမသိ သေရတော့မည်ဟု သိလိုက်ရသဖြင့် အားလုံး ထိတ်လန့်သွားကြတော့သည်။

မျက်ခုံးဖြူပေါင်စုက ဝေါက်၍ မေးလိုက်၏။

"ငါသိပြီ မင်းတော်တော်ယုတ်မာတဲ့ကောင်ပဲ၊ ငါတို့ သောက်နေ တဲ့ လက်ဖက်ရည်ကြမ်းအိုးထဲကို မင်းအဆိပ်ခတ်လိုက်ပြီပေါ့၊ ဟုတ်လား"

"ဟားဟားဟား..... လက်ဖက်ရည်ကြမ်းထဲ အဆိပ်ခတ်လိုက် ရင် ခင်ဗျားတို့ သိပ်ပြီး သက်သာသွားမှာပေါ့ဗျာ၊ ဒီနည်းကို ကျုပ်က ဘယ်သုံးလိမ့်မလဲ၊ ခင်ဗျားတို့အားလုံး တဖြည်းဖြည်း တစိမ့်စိမ့် သေရမယ့် နည်းလမ်းကို ကျုပ်က ရွေးထားတာဗျ၊ ခင်ဗျားတို့အားလုံး အူလိမ်ပြီး တကြွတ်ကြွတ် ဆာလောင်လာစေရမယ်၊ တစ်ယောက်ကိုတစ်ယောက် သတ်စားချင်လောက်အောင် ဆာလောင်လာစေရမယ်၊ ကျုပ်ဘယ်လို နည်းလမ်း ရွေးထားတယ်ဆိုတာ ခင်ဗျားတို့ဘာသာ စဉ်းစားကြည့်ကြ ပေါ့ဗျာ"

သည့်တစ်ကြိမ် ခုန်ထမိသူမှာ ဘဏ္ဍာစိုးကြီးယီပင် ဖြစ်တော့၏။

သူသည် ခန်းမကြီးထဲမှ တဟုန်ထိုး ထွက်ပြေးသွားလေတော့၏။

ခန်းမကြီးထဲမှ သိုင်းသမားကြီးများသည် 'ယီ' အဘယ့်ကြောင့် ထွက်ပြေးသွားသည်ကို ရုတ်တရက် နားမလည်လိုက်ကြပေ။

သို့သော် မကြာမီ ဘဏ္ဍာစိုးကြီးယီ ပြန်လည်ပြေးဝင်လာ တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏မျက်နှာမှာ ဖြူရော်လျက်ရှိပြီး အသံကလည်း တုန်ယင်လျက်ရှိလေ၏။

''ကုန်ပြီ.....ကုန်ပြီ၊ အားလုံး ကုန်ပြီ''

မျက်ခုံးဖြူပေါင်စုက မေးခွန်း ထုတ်လိုက်၏။

''ဘာတွေ ကုန်နေတာလဲကွ၊ ငါတို့ နားရှင်းအောင် ပြောစမ်းပါကွ''

''ဘာတွေကုန်ရမှာလဲ၊ ရိက္ခာရုံထဲမှာရှိတဲ့ ဆန်တွေ၊ အသီးအနှံတွေ၊ ကြက်တွေ၊ ဘဲတွေ၊ ဝက်တွေ၊ အားလုံး အားလုံး ကုန်ပြီ ရှိရှိသမျှ ရိက္ခာတွေကို ဟောဒီမောင်မင်းကြီးသားက တောင်ကလေအောက်ကို ပစ်ချလိုက်ပြီ''

ထိုစဉ်.....

''ဝုန်း''

အစေခံကြီး ဖိန်အာစစ်မှာ ခန်းမကြီး၏ ထောင့်တစ်နေရာသို့ လွင့်စဉ်ထွက်သွား၏။

ချောင်ပယ့်ချီက ဒေါသဖြစ်ဖြစ်ဖြင့် လက်သီးတစ်လုံး ပစ်သွင်းလိုက်ခြင်းဖြစ်ပါသည်။

ဖိန်အာစစ်သည် လဲကျနေရာမှ ဒူးထောက်ထိုင်လိုက်ပြီး 'ဝေါ့'ခနဲ သွေးများ ထိုးအန်လေတော့၏။

သူသည် နှုတ်ခမ်းစွန်း၌ ပေနေသည့် သွေးများကို လက်ဖမိုးဖြင့် သုတ်လျက် ချောင်ပယ့်ချီအား ခပ်ပြုံးပြုံးကြည့်နေ၏။



အာဂ ဖိန်အာစစ် ပေတကား။

သူသည် ဒယီးဒယိုင်ဖြင့် ထရပ်လာ၏။

မည်သူ့ကိုမျှ ကြောက်ရွံ့ခြင်းမရှိကြောင်း သူ့အမူအရာက ပြသနေသည်။

မျက်ခုံးဖြူပေါင်စုသည် ဖိန်အာစစ်၏ အဖြစ်အပျက်ကို ...ချက်မျှ စောင်းကြည့်ပြီးနောက် ဘဏ္ဍာစိုးကြီးယီကို ဆက်၍ ...မေးနေလေ၏။

''မင်းတို့ ဘယ်လိုလုပ်ကြသလဲကွာ၊ ရိက္ခာရုံမှာ အစောင့် ...ယောက်မှ ချမထားဘူးလားကွ၊ ဒီလောက် အရေးကြီးတဲ့နေရာကို ...ကွာ''

ဘဏ္ဍာစိုးကြီးယီက.....

''ဟာ.....ချထားပါတယ်ဗျာ၊ အစောင့် သုံးယောက်တောင် ...ထားသဗျ''

''အဲဒီသုံးယောက်က ဘာလုပ်နေကြသလဲ၊ အိပ်နေကြ...လားကွ''

''မအိပ်ပါဘူးဗျာ၊ သုံးယောက်စလုံး ကြိုးတွေအတုပ်ခံရပြီး ...မှာလဲ အဝတ်နဲ့အဆို့ခံထားရတယ်၊ ဟောဒီ မောင်မင်းကြီးသားရဲ့ ...ချက်ပဲ ဖြစ်မှာပေါ့ဗျာ''

''မင်းလူသုံးယောက်က လူပြိန်းတွေလား''

''လူပြိန်းတွေဗျ၊ အလုပ်ကြမ်းသမား သက်သက်တွေ။

www.burmeseclassic.com

www.burmeseclassic.com



ဘာသိုင်းပညာကိုမှ မတတ်ပါဘူး။ ကြည့်ရတာ ဟိုအမြှားညီနေ
နှစ်ယောက် ဒီမှာ တိုက်ခိုက်နေတုန်း ဒီမောင်မင်းကြီးသားက ဝို
အားလုံးကို တောင်အောက် ပစ်ချလိုက်တာပဲ ဖြစ်ရမယ်''

မျက်ခုံးဖြူပေါင်စုက ညည်းညူလိုက်၏။

''ကောင်းကွာ၊ နှင်းတောင်မြေခွေး ရှိစန်းဟူဖေးကပေ
တကယ့်ကို အကွက်ဝင်အောင် လုပ်နိုင်တာပါပဲကွာ''

ဘဏ္ဍာစိုးကြီးယီက မြောင်ယိုလန်အား လှမ်းပြော
လေသည်။

''ကျုပ်ကတော့ဗျာ ဒီမောင်မင်းကြီးသားဟာ လုံမလေး ခေါ
တဲ့လူပဲလို့ အောက်မေ့နေခဲ့တာပါဗျာ''

မြောင်ယိုလန်က ခေါင်းကို သွက်သွက်ခါအောင် ယမ်း
အဖြေပေးလေ၏။

''ဘယ်ဟုတ်ရမှာလဲရှင်၊ ကျွန်မကလဲ သူဟာ ရှင်တို့ ဓေ
ကလပ်ထိဝိက အိမ်ထိန်းတစ်ဦးလို့ ထင်မှတ်ခဲ့တာပါ''

မျက်ခုံးဖြူပေါင်စုက စိတ်ပျက်လက်ပျက် လှမ်းပြောသည်
''တော်ကြပါတော့ကွာ၊ ခုမှ ဒါတွေပြောနေလို့ အပိုပါပဲ၊ မ
ရိကွာရုံထဲမှာ စားစရာ နည်းနည်းပါးပါးကလေးတောင် မကျန်တေ
လားကွာ''

ဘဏ္ဍာစိုးကြီးယီက ခေါင်းကို သွက်သွက်ခါအောင်ယမ်းပြ
''ဘာဆို ဘာမှ မကျန်တော့ပါဘူးဗျာ၊ ကျုပ်သေသေသ



ကျွန့်ပြီးပါပြီ''

ချောင်ယွင်ချီသည် ဖိန်အာစစ်အား တိုက်ခိုက်ရန် ဒုတိယ
အကြိမ် ခုန်ထွက်လာပြန်၏။

''တော်တော့၊ ရှင် ထပ်မလုပ်နဲ့တော့''

ဩဇာအာဏာသံပါသော မြောင်ယိုလန်၏အသံက ချောင်ယွင်
ချီအား တုံ့ခနဲ ရပ်ဆိုင်းသွားစေလေ၏။

''ရှင်.....ကျွန်မပြောထားတဲ့ စကားကိုမေ့သွားပြီ မဟုတ်လား။
ပထမအကြိမ်တုန်းကတောင် ကျွန်မ မတားနိုင်ခဲ့ဘူး။ ဒုတိယအကြိမ်မှာ
တော့ ကျွန်မ ငြိမ်မနေနိုင်တော့ဘူး''

ချောင်ယွင်ချီသည် ဖိန်အာစစ်၏လုပ်ရပ်အတွက် ဒေါသိုးများ
ပွားစေနေသဖြင့် မြောင်ယိုလန် မည်သည့်အဓိပ္ပာယ်ဖြင့် ပြောနေသည်ကို
စဉ်းစား၍မရနိုင်လောက်အောင်ပင် ဖြစ်နေတော့သည်။

သူသည် လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်လျက် မြောင်ယို
လန်ကို ပြန်ကြည့်နေလေ၏။

''ဦးလေးဖိန်အာစစ်ရဲ့ ရင်ဘတ်မှာ ချည်ထားတဲ့ ကမ္ပည်း
စာတမ်းဟာ ကျွန်မဖေဖေရဲ့ ဘွဲ့အမည်ကမ္ပည်းစာတမ်း ဖြစ်ပါတယ်၊
သူ့ကို ဘယ်သူမှ လက်ဖျားနဲ့ မတို့ရဘူး။ ရှင် ပထမတစ်ချက် လက်သီးနဲ့
ထိုးလိုက်တာတောင် အတော်ကြီး အပြစ်ကြီးလေးလှပြီရှင့်''

''ဗျာ''

ချောင်ယွင်ချီမှာ အာမေဋိတ်သံပင် ပြုလိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



သူက ဒေါသဖြင့် ဆက်၍ပြောနေလေ၏။

"မိန်းကလေးက ဘာပြောတာလဲ၊ ကျုပ်တို့အားလုံးကို သူသေအောင်လုပ်ခဲ့တာကိုတော့ ထည့်မပြောတော့ဘူးလား။ ကျုပ်တို့က သူလုပ်သမျှ ငုတ်တုတ်ထိုင် အသေခံရတော့မှာလား"

မြောင်ယိုလန်က ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းပြ၏။

"သေတာဟာ မဆန်းပါဘူးရှင်၊ သေတစ်နေ့ မွေးတစ်နေ့ပါပဲ၊ သူက ကျွန်မတို့အားလုံး သေအောင်လုပ်ခဲ့တယ်လို့ဆိုတယ်၊ ထားလိုက်ပါတော့၊ သူလဲ မသေဘဲ ကျန်ရစ်ခဲ့မလား။ သူလဲ သေမှာပဲပေါ့ရှင့်၊ သူ့အသက်ကို စတေးပြီး ကျွန်မတို့အားလုံးကို သတ်ရတဲ့ အဓိပ္ပာယ်ဟာ ဘယ်ပေါ့ပျက်ပျက် ရှိပါ့မလဲ၊ အသက်ကလေးတစ်သက်အတွက် ဒီလောက်သောကဗျာပါဒတွေ များမနေစမ်းပါနဲ့၊ ကံစီမံတဲ့ အတိုင်းပေါ့ရှင်၊ သူ ဘာပြောမလဲဆိုတာကိုသာ ဆက်နားထောင်စမ်းပါ"

မြောင်ယိုလန်သည် ဤခန်းမထဲရှိ သိုင်းသမားယောက်ျားအားလုံးထက် အသက်ငယ်ဟန် ရှိ၏။ သို့သော် သူမ၏စကားများက ဉာဏ်အမြော်အမြင် အပြည့်ဝဆုံး ကြင်နာမှုအရှိဆုံး မိန်းမကြီး တစ်ယောက်၏ လေသံပေါက်နေ၏။ ထို့ပြင် ထူးထူးခြားခြားပင် လေးနက်သောသြဇာဖြင့် ပြည့်နေ၏။ မျက်နုံးဖြူပေါင်စုနှင့် ချောင်ယွင်ချီတို့သည် မြောင်ယိုလန်၏ သြဇာကို ပယ်ချရန် မတတ်နိုင်ကြပဲ ကိုယ့်ထိုင်ခုံ အသီးသီး၌ ငြိမ်လည်၍ ဝင်ထိုင်ကြရတော့သည်။

\+ + +



မြောင်ယိုလန်က ဖိန်အာစစ်ကို လှမ်းကြည့်ပြီး မေးခွန်းထုတ်လိုက်၏။

"ဦးလေး ဖိန်အာစစ်၊ အပြစ်ရှိတဲ့လူအတွက် အပြစ်ကျရောက်တာကတော့ မှန်ပါတယ်ရှင်၊ အပြစ်မရှိတဲ့လူတွေ ရောနှောသေရမယ်ဆိုတဲ့အချက်ကတော့ သိပ်သဘာဝမကျလှပါဘူး။ ဘဘကြီးဟူယာ ဦးလေး ဖိန်အာစစ်ရဲ့ ကျေးဇူးရှင်ဖြစ်တဲ့အတွက် တုံ့ပြန်တာကိုလဲ ကျွန်မ အပြစ်မတင်ပါဘူး။ အဲဒီ ကျေးဇူးအတွက် အပြစ်မရှိတဲ့လူတွေအားလုံးပါ သေရမလို ဖြစ်နေတဲ့ကိစ္စအတွက် ကျွန်မတို့ ရှင်းရှင်းလင်းလင်း သိချင်ပါတယ်ရှင်"

ဖိန်အာစစ်က.....

"ဒီအတွက် ဝမ်းနည်းပါတယ် သခင်မလေး။ တကယ်တော့ ကျားကို ခြောက်ထုတ်ရင်း သမင်ရော၊ ဒရယ်ပါ ပါပါသွားတဲ့ကိစ္စပါပဲ၊ သခင်ကြီး ဟူယိတောင်းရဲ့ကျေးဇူးဟာ ကျုပ်အပေါ်မှာ မြင်းမိုရ်တောင်မျှမက ကြီးမားလှပါတယ်၊ ကျုပ်လို အညတရဆင်းရဲသား လယ်သမား မိဘနှစ်ဦးရဲ့သားကို ဘယ်သူကမှ အရေးမလုပ်ခဲ့ကြဘူး၊ အားလုံးက ပစ်ပယ်ခဲ့ကြတယ်၊ သခင်ကြီး ဟူယိတောင်းကတော့ ကျုပ်ကို မပစ်ပယ်ဘူး။ ကျုပ်မိဘနှစ်ပါးရဲ့အသက်ကို ကယ်ခဲ့တယ်၊ ကျုပ်ရဲ့ဘဝကို ကယ်ခဲ့တယ်၊ ငွေတွေလဲ အများကြီး ပေးခဲ့တယ်၊ နောက်ဆုံးဗျာ၊ သခင်ကြီး ဟူယိတောင်းဟာ ကျုပ်ကို ညီလေးလို့တောင် ခေါ်ခဲ့ပါတယ်"

"ဒါကြောင့် ကျုပ်ဟာ သခင်ကြီး ဟူယိတောင်းကို ကျေး

www.burmeseclassic.com

www.burmeseclassic.com



ဆွေရှင်းသားရင်း အစ်ကိုကြီးတစ်ယောက်လိုပဲ အသည်းနှလုံးထဲက မှတ်ထင် ယုံကြည်ခဲ့ပါတယ်၊ သူ့ကို ကျုပ်အသက်ထက်တောင် ချစ်ခင် ကြည်ညိုခဲ့ပါတယ်''

''အဲဒီ ဝမ်စိန်းစားသောက်ဆိုင်ကြီးမှာ သခင်ကြီး ဟူယိတောင်းနဲ့ ဆရာကြီး မြောင်ရင့်ဖုန့်တို့ဟာ ငါးရက်တိုင်တိုင် ယှဉ်ပြိုင် တိုက်ခိုက်ခဲ့ကြပါတယ်၊ ကျုပ်ကတော့ သခင်ကြီး ဟူယိတောင်းဘက်က စိုးရိမ်ကြောင့်ကြနေခဲ့တဲ့လူပဲပေါ့ဗျာ၊ သခင်ကြီးဟူယိတောင်း ဘယ်လို သေရတယ်၊ ဘာ့ကြောင့် သေရတယ်ဆိုတာ ကျုပ် အားလုံး မျက်မြင်ကိုယ်တွေ့ ဖြစ်ခဲ့တာပေါ့ဗျာ၊ ခုထက်ထိ ကျုပ်မျက်စိထဲက မထွက်သေးပါဘူး''

''အဲဒီအချိန်တုန်းက သခင်ကြီး ဟူယိတောင်းနဲ့ ဆရာကြီး မြောင်ရင်ဖုန့်ကို ချောင်းမြောင်း ကြည့်ရှုနေတဲ့ ဆေးဆရာယန့်ကြီးရဲ့ ပုံသဏ္ဌာန်ကိုလည်း ခုထိ မြင်ယောင်နေပါသေးရဲ့ဗျာ၊ သူဟာ ချောင်းသာ ချောင်းတယ် လက်ဝဲဘက်က ဆေးသေတ္တာကိုလဲ မချဘူးဗျ၊ ကျောကုန်းပေါ်က အထုပ်ကြီးကိုလဲ မချဘူးဗျ၊ ကျောကုန်းပေါ်က အထုပ်ကြီးကတော့ သခင်ကြီး ဟူယိတောင်းက သူ့ကို စွန့်ကြဲထားတဲ့ ငွေတုံးတွေကို ထည့်ထုပ်ထားတဲ့ အထုပ်ကြီးပဲ ဖြစ်ပါတယ်၊ အဲဒီနေ့က သူဟာ အတွင်းခံအစိမ်းရောင်အင်္ကျီကို ဝတ်ဆင်ထားတယ်၊ အပေါ်ရုံ သားမွေး အင်္ကျီကြီးကိုလဲ ဝတ်လို့ဗျ၊ ခေါင်းမှာလဲ အဝါရောင် သားမွေး ဦးထုပ်ကြီး စွပ်ထားသေးသဗျ''

ဗိန်အာစစ်သည် မျက်ခုံးဖြူပေါင်စုဘက်သို့ ရုတ်တရက်လှည့်၍



မေးလိုက်၏။

''ကဲ.....လွန်ခဲ့တဲ့ နှစ်ဆယ့်ခုနစ်နှစ်က ခင်ဗျားဝတ်ထားတဲ့ အဝတ်အစားတွေကို ကျုပ်ကတော့ ကောင်းကောင်းကြီး မှတ်မိခဲ့ပါတယ်၊ ခင်ဗျားကကော ကိုယ်ဝတ်တာကို ကိုယ် သတိရသေးရဲ့လား''

မျက်ခုံးဖြူပေါင်စု၏မျက်နှာမှာ ညိုမည်းညစ်ပုပ်သွားလေတော့၏။

သူ၏လက်ထဲမှ စိပ်ပုတီးပင်လျှင် တဆတ်ဆတ် တုန်လျက်ရှိနေ၏။

ဗိန်အာစစ်၏ စွပ်စွဲချက်များကို သူ့အနေဖြင့် တစ်လုံး တစ်ပါဒမျှ ငြင်းဆန်ရန် မတတ်နိုင်ဘဲ ဖြစ်နေတော့သည်။

ဗိန်အာစစ်က ဆက်ပြောလေ၏။

''အဲဒီငါးရက်ထဲက အလယ်ရက်တစ်ရက်မှာ သခင်ကြီး ဟူယိတောင်းဟာ ဆရာကြီး မြောင်ရင်ဖုန်နဲ့အတူ အခန်းတစ်ခန်းမှာ ထိုင်စကားပါတယ်၊ သိုင်းလောကအကြောင်း၊ သိုင်းလောက အတွေ့အကြုံ ဆန်းများအကြောင်း ခင်ခင်မင်မင် ရင်ရင်းနှီးနှီး ပြောဆိုကြတယ်''

ထန်ချင်ဝင်းက ဖြတ်၍ မေးခွန်းထုတ်လိုက်၏။

''သူတို့ ဒီလောက် ရင်းရင်းနှီးနှီး ပြောကြလျက်သားနဲ့ ဆရာကြီးဟူယိတောင်းက သူ့ သံသယ ရှိထားတဲ့အချက်ကို ပွင့်ပွင့် လင်းလင်း မမေးမြန်းဘူးလား''

ဗိန့်အာစစ်က နားမလည်သဖြင့် ပြန်မေး၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာ သံသယရှိတဲ့အချက်လဲ"

ထန်ချင်ဝင်းက.....

"ဟို.....ဟိုပြသနာကြီးသုံးရပ်ကို အလေးထားလျက်နဲ့ ဆရာကြီး မြောင်ရင်ဖုန့်က လာတိုက်ခိုက်တဲ့ကိစ္စလေ"

ဖိန်အာစစ်က.....

"ဟာ.....ဒါတော့ ဘယ်မေးမလဲ၊ မိန်းကလေးပဲစဉ်းစားကြည့် ပါဦး၊ ဒါတွေ မေးလိုက်ရင် ဆရာကြီးမြောင်ရင်ဖုန့်ကို မယှဉ်ပြိုင်ချင်လို့ ဆိုတဲ့သဘောမျိုး သက်ရောက်သွားမှာပေ့ါ"

မှန်သည်။

ထိုသဘောမျိုး သက်ရောက်သွားနိုင်ကြောင်း ထန်ချင်ဝင်း လက်ခံသည်။

ထို့ကြောင့် ဆက်မမေးတော့ချေ။

ဖိန်အာစစ်က ဆက်ပြောၿ၏။

"ဆရာကြီးနှစ်ယောက် ရင်းရင်းနှီးနှီး ဆွေးနွေးနေကြတဲ့ စကားကို ထရံနားကပ်ပြီး နားထောင်နေတဲ့လူကတော့ ဆေးဆရာ ယန်ကြီးပေ့ါဗျာ၊ ဒါကို ဆရာကြီး မြောင်ရင်ဖုန့်က သိတယ်၊ ယန်ကြီးရဲ့ အခန်းထဲဝင်ပြီး ချောင်းနားထောင်နေတဲ့ ယန်ကြီးရဲ့မျက်နှာကို တစ်ချက် တည်း ဖြတ်ရိုက်ပစ်လိုက်တယ်၊ သူ့မျက်နှာကြီးဟာ ကြည့်မကောင်း ရှုမကောင်းအောင် ရောင်ကိုင်းလာတော့တာပါပဲဗျ၊ ဆရာကြီး မြောင်ရင် ဖုန့်ဟာ ယန်ကြီးကို ထပ်မံ ဆုံးမ ချင်သေးတယ်၊ သခင်ကြီး ဟူယိ



တောင်းက ဝင်တောင်းပန်လို့ တစ်ချက်တည်းနဲ့ပဲ ဆုံးမတဲ့ကိစ္စ ရပ်ဆိုင်းသွားခဲ့ပါတယ်"

"ဆေးဆရာ ယန်ကြီးဟာ အဲဒီလို အရိုက်ခံရပြီးတဲ့နောက် ကိုယ့်ကုတင်ပေါ် ကိုယ်တက်ပြီး အိပ်နေသင့်ပါတယ်၊ ဒါပေမဲ့ သူက သွားပြီး မအိပ်ခဲ့ဘူးဗျ၊ သူဟာ မကြောက်မရွံ့ ဆက်လက်ပြီး ချောင်း မြောင်းနေခဲ့ပါတယ်၊ ဆရာကြီးနှစ်ယောက် သူတို့အခန်းထဲက ခေတ္တလဲ ထွက်သွားရော ဆေးဆရာယန်ကြီးဟာ ဆရာကြီးနှစ်ယောက်ရဲ့အခန်းထဲ ပြေးဝင်တော့တာပါပဲဗျ"

သူဟာ ဆရာကြီးနှစ်ယောက် ချိတ်ဆွဲထားတဲ့ ဓားနှစ်လက်ကို ဆုတ်ယူပြီး သူ့ဆေးပုလင်းလေးထဲက အရည်တချို့ကို ထုတ်ယူ သုတ်လိမ်းလိုက်ပါတယ်၊

အဲဒီမြင်ကွင်းကို ကျုပ် ခုထက်ထိ မြင်နေတုန်းပါပဲ၊ အဲဒီ အချိန်တုန်းကတော့ ဆေးဆရာယန်ကြီး ဘာလုပ်တယ်ဆိုတာ ကျုပ်သာ ရိပ်မိရင် ဒီအတိုင်း ဘယ်ကြည့်နေလိမ့်မလဲဗျာ"

"သခင်ကြီး ဟူယိတောင်း ဓားကလေး နည်းနည်းရှပြီး သေဆုံးသွားတဲ့အခါကျတော့မှပဲ ဆေးဆရာယန်ကြီး စောစောက ဘာလုပ်ခဲ့တယ်ဆိုတာ ကျုပ် သိပါတော့တယ်၊ ဒီလူဟာ တကယ့် လူယုတ်မာပါဗျာ၊ သခင်ကြီး ဟူယိတောင်းရော၊ ဆရာကြီး မြောင်ရင်ဖုန့် ရော သေအောင်ကြံစည်ခဲ့တဲ့ လူယုတ်မာပါပဲဗျာ"

ဖိန်အာစစ်သည် မျက်ခုံးဖြူပေါင်စုကို ဒေါသလွှမ်းသော

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးများဖြင့် လှမ်းကြည့်ပြီး.....

"ဟော့.....အရေခြုံကြီး၊ ခင်ဗျား ဘာငြင်းချင်သေးသလဲ၊ ကျုပ်ပြောတာတွေကို ငြင်းနိုင်ရင် ငြင်းစမ်း"

မျက်ခုံးမြှုပေါင်စုမှာ ဖိန့်အာစစ်ကို ငြင်းနိုင်ရန် မဆိုထားနှင့်၊ မျက်လုံးချင်းဆုံအောင်ပင် မကြည့်ရဲတော့ချေ။

ဆင်ဖြူမျက်နှာ ဆင်မည်းမကြည့်ပုံဆိုသည့်အဖြစ်မျိုးပင်တည်း။

+ + +

ဖိန့်အာစစ်က.....

"ဆေးဆရာယန်ကြီးက ဆရာကြီးမြောင်ရင်ဖုန့်ကို သေစေချင်တဲ့ကိစ္စကိုတော့ ခင်ဗျားတို့ စဉ်းစားလို့ရမယ်၊ သခင်ကြီးဟူယိတောင်းကို ဘာကြောင့် သေစေချင်တယ် ဆိုတဲ့ကိစ္စကိုတော့ ခင်ဗျားတို့ စဉ်းစားလို့ရမယ် မထင်ပါဘူး"

နားထောင်နေသူများက ခေါင်းတဆတ်ဆတ် ညိတ်ပြကြလေသည်။

"ယန်ကြီးအကြောင်းကို သေသေချာချာ သိထားရင်တော့ ဒီအချက်ကို ခင်ဗျားတို့ စဉ်းစားလို့ရကြမှာ၊ တကယ်တော့ ယန်ကြီးဟာ ဟူယိတောင်းရဲ့ ဇနီးအိပ်နေတဲ့ ခေါင်းအုံးအောက်က သံဘူးကလေးကို မြင်ထားလို့ပဲဗျ"

နားထောင်နေသူများ ပို၍ နားစွင့်လာမိကြ၏။

ထိုအချက်အလက်ကို သူတို့ ယခင်က မကြားခဲ့ရသေးပေ။



ဖိန့်အာစစ်က ဆက်ပြောနေ၏။

"ဆေးဆရာယန်ကြီးလောက် လောဘဇောတိုက်တဲ့လူကတော့ ဒီလောကထဲမှာ မရှိပါဘူးဗျာ၊ သခင်ကြီး ဟူယိတောင်းဟာ ဒီသံဘူးကလေးကို သူ့ဇနီးရှေ့မှောက်မှာ သွန်မှောက်ပြဖူးတယ်၊ သူတို့ ပြောပုံဆိုပုံအရ အရင့်အရင်က ဒီလို တစ်ကြိမ်တစ်ခါမှ မပြခဲ့ဖူးဘူးဆိုတာ ထင်ရှားပါတယ်"

"ဘူးကလေးကိုလဲ သွန်ချလိုက်ရော အရောင်တဖိတ်ဖိတ် တောက်နေတဲ့ ရတနာမျိုးစုံနဲ့ စာအုပ်တစ်အုပ် ထွက်လာတယ်၊ သခင်ကြီးဟူယိတောင်းက ဇနီးကို ပြောတယ်၊ မင်းမှာရှိတဲ့ သိုင်းပညာနဲ့ တော်ရုံတန်ရုံ သိုင်းသမားတွေကို အနိုင်ယူနိုင်ပါတယ်တဲ့၊ မန်ချူး အရာရှိဆိုးတွေနဲ့ မြေရှင်ဆိုးတွေဆီက ရွှေ ငွေ၊ ကျောက်သံ ပတ္တမြားတွေကို လုမယ်၊ ယက်မယ်ဆိုရင်လဲ ဒီပညာနဲ့ လုယက်နိုင်ပါတယ်တဲ့၊ ဒါပေမယ့် ကြိမ်ဖန်များများ လုယက်လာရင်တော့ တစ်ကြိမ်မဟုတ် တစ်ကြိမ် ခြေချော်လက်ချော်ဖြစ်ပြီး ဒုက္ခရောက်နိုင်တယ်တဲ့"

"သခင်ကြီးဟူယိတောင်းရဲ့ ဇနီးက ပြန်ပြောတယ်၊ 'စိတ်ချစမ်းပါ အစ်ကိုကြီးရယ်၊ အခု အစ်ကိုကြီးပြတဲ့ ရတနာတွေကို ထုခွဲရောင်းချပြီး သားကလေးကို ပြုစုစောင့်ရှောက်ပါ့မယ်၊ ဟိုမန်ချူး အရာရှိဆိုးတွေနဲ့ မြေရှင်ဆိုးတွေကိုတော့ ဘေးမဲ့ပေးထားလိုက်ပါ့မယ်၊ သားကလေး အရွယ်မရောက်မီအထိ ကျွန်မတာစာထားတဲ့ သိုင်းပညာကို မသုံးဘဲ လျှို့ထားပါ့မယ်လို့ ပြောပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"သခင်ကြီးဟူယိတောင်းဟာ ရတနာတွေကို အသာ ဘေးဖယ်ပြီး စာအုပ်ကို ကိုင်မြှောက်ပြတယ်"

"ညီမ.....ဟောဒီမှာ တွေ့လား။ ဒီသိုင်းကျမ်းဟာ ငါတို့ ဟူမိသားစုရဲ့ သိုင်းပညာတွေ စုစည်းထားတဲ့ သိုင်းကျမ်းပဲ၊ ဒီအထဲမှာ လက်သီး၊ လက်ဝါးနဲ့ တုတ်၊ ဓား၊ လှံတို၊ လှံရှည် ပညာရပ်တွေ အားလုံး ပါဝင်တယ်'လို့ ပြောလိုက်တော့ သခင်ကြီးဟူယိတောင်းရဲ့ဇနီးက သူ့ ခင်ပွန်းကို ချစ်စဖွယ် မျက်စောင်းထိုးပြီး ပြောပါတယ်၊ 'ကောင်းပုံရှင်၊ ဒီစာအုပ်အကြောင်းကို ရှင်တစ်ခါမှ ကျွန်မကို ပြောမပြခဲ့ဘူး။ အခုကျမှ ဘာဖြစ်လို့ပြောရတာလဲ'လို့ ပြန်မေးပါတယ်"

"အဲဒီအခါမှာ သခင်ကြီးဟူယိတောကင်းက တအားအော်ဟစ်ပြီး ရယ်တော့တာပဲ၊ စားသောက်ဆိုင် ခေါင်မိုးကြီး ပွင့်ထွက်သွားမလား အောက်မေ့ရပါတယ်၊ သခင်ကြီးက စာအုပ်ကိုမြှောက်ပြပြီး.....

"သူတို့ရဲ့ ဘိုးဘေးအမွေအနှစ် သိုင်းကျမ်းအတွက် အင်မတန်တင်းကျပ်တဲ့ စည်းကမ်းကြီးတစ်ခု ရှိခဲ့တယ်၊ ဒါကတော့ ဘိုးဘွားအမွေအနှစ် သိုင်းကျမ်းကို သားယောကျ်ားကလေးကိုမှ ပေးအပ်ရမယ် ဆိုတဲ့ စည်းကမ်းချက်ပါပဲကွ၊ တကယ်လို့ မင်းသာ သားကလေးမမွေးဘဲ သမီးကလေးသာ မွေးခဲ့ရင် ဒီသိုင်းကျမ်းစာအုပ်အကြောင်း ငါက ဘာတစ်ခွန်းမှ ထုတ်ဖော်မပြောပါဘူးလို့ ရယ်ရယ်မောမောနဲ့ ပြောပါတယ်"

"သခင်ကြီးဟူယိတောင်းရဲ့ဇနီးက စောဒက တက်တက်ပါတယ်၊ 'တကယ်လို့ ကျွန်မတို့မှာ သားကလေးမမွေးဘဲ သမီးကလေးသာ



မွေးခဲ့ရင် ဒီသိုင်းကျမ်းဟာ ဒီအတိုင်း အလကား ဖြစ်ရတော့မလားရှင်' လို့ မေးပါတယ်၊ သခင်ကြီး ဟူယိတောင်းက 'ဟ.....ဒီအတိုင်း ဘယ် အလကား အဖြစ်ခံမလဲကွ' လို့ ပြန်ဖြေပါတယ်၊ သခင်ကြီးက ရယ်ပြီး 'ငါတို့ မိသားစု စည်းကမ်းကတော့ အတော့်ကို တင်းကျပ်သဟေ့၊ ကိုယ့်ဇနီးမယားကိုတောင် အသိမပေးရဘူးလို့ အဆိုရှိခဲ့တယ်' လို့ ပြန်ပြောပါတယ်"

"သခင်ကြီးရဲ့ဇနီးကတော့ ဟူမိသားစုရဲ့ စည်းကမ်းကို ဘာမှ စိတ်အနှောင့်အယှက် ဖြစ်ပုံမရပါဘူး။ သခင်ကြီးက ဆက်ပြောပါတယ်"

"ဒီသိုင်းကျမ်းကို ဓားသိုင်းငါးခု ဟူမိသားစုလို့ ခေါ်တယ် ကျူးထက်မြက်တာတော့ မပြောနဲ့၊ သိုင်းလောကထဲမှာ ဘယ်သူ့ကိုမှ မကြောက်တဲ့ သိုင်းပညာတွေကွ'လို့ ပြောပါတယ်၊ သခင်ကြီးရဲ့ဇနီးက ပြုံးပြုံးကလေး ပြန်ပြောပါတယ်၊ 'သားလေး စာဖတ်တတ်တဲ့အရွယ် ရောက်မှ ဒီသိုင်းကျမ်းကို ပေးဖတ်ပါ့မယ်၊ ကျွန်မကတော့ ဒီသိုင်း ပညာတွေကို ဘယ်တော့မှ ခိုးမသင်ပါဘူးရှင်' လို့ ပြောခဲ့ပါတယ်"

"သခင်ကြီးဟူဟာ သက်ပြင်းရှည်ကြီးချပြီး ရတနာတွေ အားလုံးကို သံဘူးထဲ ပြန်ထည့်ပါတယ်၊ သံဘူးကို သေသေချာချာ ပြန်ပိတ်ပြီးတော့ သူ့ဇနီးရဲ့ ခေါင်းအုံးအောက်ကို အသာပြန်ထိုးထည့်လိုက်ပါတယ်၊ သူတို့ အဲဒီလို လုပ်နေတာကို ပထမဆုံး ချောင်းကြည့်တဲ့ လူကတော့ ဆေးဆရာကြီး ယန်ကြီးပေါ့ဗျာ၊ ခင်ဗျားတို့က မေးချင် မေးမယ်၊ မင်းကတော့ မချောင်းဘူးလားလို့ ကျုပ်ချောင်းတာက မတရား

www.burmeseclassic.com

www.burmeseclassic.com



လောဘစိတ်နဲ့ ဒီပစ္စည်းတွေကို လိုချင်လို့ မဟုတ်ဘူး။ သခင်ကြီးရဲ့ လျှို့ဝှက်ချက်တွေကို သိတန်သမျှ သိထားရင် သခင်ကြီးအတွက် ကျုပ် ထိုက်သင့်သလို ကာကွယ်နိုင်မယ်လို့ တွက်ထားလို့ပါပဲ၊ ဆေးဆရာ ယန်ကြီးဟာ ဒီအကြောင်းတွေကို ကျုပ် သိမထားဘူးလို့ ထင်နေပါတယ် တကယ်တော့ ကျုပ်ဟာ အမြဲတန်း သူ့ထက် တစ်ကွက်စောပြီး သိနေခဲ့ တာပါပဲဗျာ"

"တိုတိုပြောရမယ်ဆိုရင် သခင်ကြီးဟူယိတောင်းနဲ့ သခင်ကြီးရဲ့ ဇနီးတို့ သေဆုံးသွားတဲ့အခါမှာ ဆရာကြီး မြောင်ရင်ဖုန့်ဟာ ယူကြုံးမရ ဖြစ်ပြီး သူ့မိတ်ဆွေနှစ်ဦးရဲ့အလောင်းကို စားပွဲကြီးပေါ်မှာ တင်နေပါတယ် အခန်းထဲက လူအားလုံးဟာ သခင်ကြီးအလောင်းနဲ့ သခင်ကြီးဇနီး တို့ကိုပဲ ဂရုစိုက်နေကြပါတယ်၊ အဲဒီအချိန်မှာ ယန်ကြီးဟာ....."

ဖိန်အာစစ်သည် လူတိုင်းအလွန်တရာ စိတ်ဝင်စားနေသည့် နေရာသို့ ရောက်သောအခါ မြောင်ယိုလန်ဆီမှ လက်ဖက်ရည်ကြမ်း တစ်ခွက်ကို တောင်းသောက်လေ၏။

နားထောင်နေသူများသည် ဖိန်အာစစ်အား မချင့်မရဲ မျက်နှာ များဖြင့် လှမ်းကြည့်နေကြလေ၏။

လက်ဖက်ရည်ကြမ်းသောက်ပြီးသောအခါမှ ဖဖိန်အာစစ်က-

"ဆေးဆရာယန်ကြီးက သူ့အခန်းထဲက ရုတ်နုင်းပြီး ထွက်လာ တယ်၊ သခင်ကြီးရဲ့ဇနီး ချထားတဲ့ကလေးကိုကောက်ပွေ့ပြီး သခင်ကြီးတို့ အခန်းထဲ လှစ်ခနဲ ပြေးဝင်သွားတယ်၊ သူ ဘာလုပ်မယ်လို့ ခင်ဗျားတို့



ထင်ကြသလဲ"

ဖိန်အာစစ်သည် နားထောင်နေသူများအား ပြန်လည်၍ မေးခွန်း ထုတ်နေသေး၏။

မြောင်ယိုလန်က.....

"ဦးလေးဖိန်အာစစ်ပဲ ဆက်ပြီး ပြောပါတော့ရှင်"

ဖိန်အာစစ်က ရွှရာမုန်းတီးသောအကြည့်ဖြင့် မျက်နှံုးဖြူပေါင်စု အား လှမ်းကြည့်ကာ ဆက်လက်ပြောပြလေ၏။

"ဘာပြောကောင်းမလဲ၊ သခင်ကြီးရဲ့ဇနီးအိပ်တဲ့ ခေါင်းအုံး အောက်ကို ပြေးနှိုက်တော့တာပဲဗျာ၊ ကျုပ်က ဘာဖြစ်လို့ ဒါကို မြင်သလဲ ဆိုတော့ ကျုပ်လဲ သူ့နောက်က လှစ်ခနဲ ပြေးလိုက်လို့ပဲပေါ့၊ ဒါပေမယ့် ကျုပ်က ဘာသိုင်းပညာမှ မတတ်တော့သူ့ကို မယှဉ်ရဲဘူးဗျ၊ တံခါးကြား မှာ ပုန်းပြီး သူ ဘာဆက်လုပ်မယ်ဆိုတာကို ချောင်းကြည့်နေရတယ်"

"ဒီတစ်ကြိမ်မှာတော့ ယန်ကြီးရဲ့လက်ထဲမှာ ဆေးသေတ္တာ မရှိတော့ပါဘူး၊ လက်ဝဲလက်က ကလေးကို ချီထားပြီး လက်ယာလက်က ခေါင်းအုံးအောက်ကို နှိုက်ပါတယ်၊ သံဘူးလဲ ရရော လက်နဲ့ ဟိုနှိပ်ဒီနှိပ် လျှောက်နှိပ်နေတာပဲ၊ သုံးလေးခါလောက်လဲ နှိပ်ပြီးရော သံဘူးပွင့်သွား ပါတယ်၊ အဲဒီအချိန်က ဆေးဆရာယန်ကြီးရဲ့မျက်နှာကြီးကို ခင်ဗျားတို့ အားလုံး တွေ့မြင်စေချင်တယ်ဗျာ၊ မျက်လုံးတွေဟာ အရောင် တဖိတ်ဖိတ် လက်နေတယ်၊ နောက်ဆုံး ပါးစောင်က စီးကျနေတဲ့ သွားရည်တွေ ကိုတောင် မသိမ်းနိုင်တော့ပါဘူးဗျာ၊ သူဟာ ဟိုဘက်က လောဘ

www.burmeseclassic.com

www.burmeseclassic.com



သိပ်တက်နေတော့ ကလေးလေးကို ကုတင်ပေါ် ချထားပြီး ရတနာတွေကို ပွတ်သပ်ကြည့်နေတယ်၊ နောက်တော့ သိုင်းကျမ်းကို ကောက်ကိုင်ပြီး စာရွက်တွေကို လှောက်လှန်နေတယ်"

"အဲဒီအချိန်မှာပဲ ကလေးက 'အဲ့'ခနဲ အော်တော့တာပဲ၊ ဆေးဆရာယန်ကြီးဟာ တုံ့ခနဲ ဖြစ်သွားတယ်၊ သူမပြောနဲ့၊ ကျုပ်တောင် တုန်သွားပါတယ်၊ အပြင်ဘက်မှာ ဆရာကြီးမြောင်ရင်ဖုန်ဟာ သူ့မိတ်ဆွေ ဇနီးမောင်နှံနှစ်ယောက်ရဲ့ အလောင်းကို ပြင်ဆင်ပေးနေလို့ ကလေးကို မေ့လျော့နေတာပါ၊ ကလေးငိုသံကြားရင် ချက်ချင်း အခန်းထဲ ဝင်လာမှာ သေချာပါတယ်၊ အဲဒီအခါမှာ လူယုတ်မာ ယန်ကြီးဟာ ဘာလုပ်တယ် ထင်သလဲ၊ ကလေးလေးကို ဂွမ်းစောင်နဲ့ အုပ်တော့တာပဲ"'

ခန်းမကြီးထဲရှိ သိုင်းသမားများမှာ သူတော်ကောင်းများ မဟုတ်ကြပါ။

သို့သော် ယန်ကြီး၏ ယုတ်မာရက်စက်မှုများကို ကြက်သီး ထစဖွယ် ကြားရသောအခါ အားလုံးက မျက်စောင်းလှမ်းထိုးကြလေ တော့၏။

"အုပ်တာမှ စောင်တစ်ထည်တည်း မဟုတ်ဘူး၊ တစ်ထည်ပြီး တစ်ထည် ထပ်အုပ်တော့တာပဲ၊ ကျုပ်ဟာ တံခါးကြားထဲကနေ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေခဲ့ပါတယ်၊ ဒီပုံအတိုင်းဆိုရင် ကလေး လေးဟာ ဘယ်ခံတော့မလဲဗျာ၊ သေတော့မှာပေါ့၊ ကျုပ်အပေါ် သိပ် ကောင်းခဲ့တဲ့ သခင်ကြီးဟူယိတောင်းရဲ့မျက်နှာကို ကျုပ် မြေးမြင်မိ



တယ်ဗျာ၊ ကျုပ်ကျေးဇူးရှင်ရဲ့သားကလေး ရက်ရက်စက်စက် အသတ်ခံ နေရတာကို ကျုပ် ဒီအတိုင်း ကြည့်နေရမလား"

ဖိန်အာစစ်သည် နဖူး၌ သီးလာသည့် ချွေးများကို လက်ဖြင့် သပ်ချလိုက်လေ၏။

လွန်ခဲ့သည့် နှစ်ဆယ့်ခုနစ်နှစ်က အဖြစ်အပျက်များသည် ယခုချက်ချင်း ကြုံတွေ့နေရသလို ခံစားနေရပုံ ပေါ်၏။

"ခက်တာက ကျုပ်ဟာ ယန်ကြီးထက် အသက်ငယ်ရုံတင် မကဘူး၊ ဘာသိုင်းပညာမှလဲ မတတ်ဘူး၊ ဒီတော့.....ကျုပ် ဘာလုပ်ရ မလဲ"ကျုပ်လဲ ဟိုကြည့်ဒီကြည့်လုပ်တော့'တံခါးကြားထဲမှာ ထောင်ထားတဲ့ မင်းတုပ်ကို တွေ့ရတယ်၊ ဒါနဲ့ အဲဒီမင်းတုပ်ကို ကောက်ယူလိုက်တယ်၊ အဲဒီအချိန်မှာ ယန်ကြီးဟာ ကလေးလေးကို ဂွမ်းစောင်သုံးထပ်လောက် ပုံအုပ်ပြီးနေပါပြီ၊ သူဟာ သိုင်းကျမ်းစာအုပ်ကို အငမ်းမရ ဖွင့်ဖတ်နေ ပါတယ်"

"ကျုပ်လဲ ဆေးဆရာယန်ကြီးနောက်ကို တစ်လှမ်းချင်း လှမ်းရ တော့တာပဲ၊ ခြေသံ လုံးဝ မကြားရအောင် လျှောက်ရတဲ့ဒုက္ခဟာ တကယ့်ကို ကြီးတာပဲနော်၊ ကျုပ်ရင်တွေ တဒိန်းဒိန်း ခုန်နေတယ်၊ မောလိုက်တာလဲ အလွန်ပါပဲဗျာ၊ လမ်းခုလတ်မှာသာ ယန်ကြီးက နောက်လှည့်ကြည့်ရင် ကျုပ် သေတော့မှာပါ၊ ကလေးကိုလဲ ကျုပ် ဘယ်ကယ်နိုင်တော့မလဲ၊ ကျုပ်ဟာ သိပ်ကံကောင်းခဲ့ပါတယ်၊ ယန်ကြီးဟာ သိုင်းကျမ်းကို ကိုင်ပြီး သိပ်စိတ်ဝင်စားနေတော့ ကျုပ်ကပ်လာတာကို

www.burmeseclassic.com

www.burmeseclassic.com



လုံးဝ မရိပ်မိဘူးဗျာ၊ ဘာပြောကောင်းမလဲ၊ ကျုပ်လဲ သူ့နောက်စေ့ကို 'ဝုန်း'ခနဲ ရိုက်ချပစ်လိုက်တယ်၊ တအားကုန် လွှဲရိုက်လိုက်တာပါပဲဗျာ၊ ရှိရှိသမျှအင်အားနဲ့ ရိုက်ချပစ်ခဲ့တာပါပဲ၊ ယန်ကြီးဟာ တစ်ချက်ကလေးတောင် မအော်နိုင်ဘဲ မှောက်ကျသွားခဲ့ပါတယ်''

''ယန်ကြီး လဲကျသွားတာနဲ့ ကျုပ်လဲ ငွမ်းစောင်တွေကို ကမန်းကတန်း ဖယ်ချရတော့တာပဲ၊ ဒီတစ်ကြိမ်မှာတော့ ကျုပ်ဟာ သခင်ကြီး ဟူယီတောင်းရဲ့ကျေးဇူးကို ဆပ်ရတော့မယ်ဆိုတာကို သိလိုက်ပါပြီ၊ ကလေးငယ်ကလေး ဆက်လက်အသက်ရှင်သန်နေဖို့ ကျုပ်မိခင်ဆီ အမြန်ဆုံး ခေါ်သွားရမယ်ဆိုတာ ကျုပ် သိနေပါတယ်၊ ကျုပ်ဟာ ကလေးကို ပွေ့ချီလိုက်တယ်၊ ရတနာတွေကိုတော့ ကျုပ် မမက်ပါဘူး။ ဒါပေမယ့် သခင်ကြီး အလိုဆန္ဒနဲ့အညီ ကလေးလေးကို ပြုစုနိုင်ဖို့ ဟူမိသားစု သိုင်းကျမ်းကတော့ ကျုပ်အတွက် လိုအပ်နေပါတယ်၊ သိုင်းကျမ်းကို ကျုပ် ကြည့်လိုက်တယ်၊ လား.....လား.....လူယုတ်မာယန်ကြီးဟာ သတိလစ်နေတာတောင် သိုင်းကျမ်းက စာရွက်တစ်ချို့ကို ဆုပ်ကိုင်ထားဆဲ ဖြစ်နေပါတယ်''

''ကျုပ်ဟာ ဘာကိုမှ စဉ်းစားမနေနိုင်ပါဘူး။ သိုင်းကျမ်းကို ကမန်းကတန်း ဆွဲယူလိုက်ပါတယ်၊ စာအုပ်ဟာ 'ဒြီး'ခနဲအသံနဲ့အတူ ကျုပ်လက်ထဲ ပါလာတယ်၊ သေသေချာချာ ကြည့်လိုက်တော့ စာရွက်အချို့ဟာ ယန်ကြီးရဲ့လက်ထဲမှာ ပြတ်ကျန်နေတာ တွေ့ရတယ်၊ စာအုပ်ကတော့ ကျုပ်လက်ထဲ ရောက်လာပါတယ်၊ သူ့လက်ထဲက စာရွက်



လေးငါးရွက်ကို မက်မနေနိုင်တော့တာနဲ့ စာအုပ်ကို ရင်ဘတ်ထဲ ထိုးထည့်ပြီး နောက်ဘက်အပေါက်က ထွက်ပြေးရတော့တာပဲ၊ နောက်ဘက်က ဆူညံသံတွေ ကြားလေ ကျုပ်ဟာ ထွက်ပြေးလေပါပဲ၊ အဲဒီအချိန်ကစပြီး ဆေးဆရာယန်ကြီးကို ကျုပ် မမြင်မတွေ့ရတော့ပါဘူး။ ဒါပေမယ့်.....

''လောကကြီးဟာ အင်မတန် အံ့ဩစရာကောင်းတယ်ဗျ၊ လွန်ခဲ့တဲ့ နှစ်ဆယ့်ခုနစ်နှစ်လုံးလုံး တစ်ကြိမ်မှ မတွေ့ခဲ့တဲ့ ဆေးဆရာယန်ကြီးကို တရုတ်ဘုန်းကြီးအိုအဖြစ် အခု ကျုပ် တွေ့နေရပါပြီဗျာ''

''ဘာလဲဗျ၊ ကျုပ်တော့ ဘာမှ နားမလည်တော့ဘူး။ ကျုပ်ကို ငွေတုံးတွေ အမြောက်အမြား ပေးခဲ့တဲ့ ကျေးဇူးရှင်ကို အဆိပ်ခါးနဲ့ သေအောင် လုပ်ခဲ့တဲ့လူ၊ ကျေးဇူးရှင်ရဲ့သားကို ငွမ်းစောင်အထပ်ထပ် အုပ်ပြီး သတ်ဖို့ကြံခဲ့တဲ့လူ၊ ကျေးဇူးရှင်ရဲ့ ရတနာတွေနဲ့ သိုင်းကျမ်းကို လုယူခိုးဝှက်ဖို့ ကြံခဲ့တဲ့လူက ဘယ့်နှယ် တရုတ်ဘုန်းကြီးဝတ်စုံနဲ့ ဖြစ်နေရတာလဲ၊ ဒီလောက် မကောင်းမှုတွေနဲ့ တစ်ကိုယ်လုံး ပြည့်နေတဲ့ လူက တရုတ်ဘုန်းကြီးဝတ်စုံကို ဝတ်ဆင်ထားတာကတော့ ဘယ်လိုမှ ကြားလို့မတော်တဲ့ကိစ္စကြီးပါပဲဗျာ''

''တစ်ခုတော့ စဉ်းစားလို့ရတယ်၊ သူ့အတွက် ကြံဖန် စဉ်းစားရတာပေါ့ဗျာ၊ ဒီမကောင်းမှု ဒုစရိုက်တွေကို နောင်တရလို့၊ သံဝေဂတရားရလို့ ဒီလို တရုတ်ဘုန်းကြီးအဖြစ် ဘဝပြောင်းလိုက်သလားတော့ မသိဘူးပေါ့ဗျာ၊ ဘယ်လိုပဲဖြစ်ဖြစ် သူဟာ ဟူမိသားစုရဲ့ ကျမ်းကြီးထဲက

www.burmeseclassic.com

www.burmeseclassic.com



စာရွက်လေးငါးရွက်ကို ပိုင်ဆိုင်သွားပြီးတဲ့နောက်ပိုင်း သိုင်းလောကထဲမှာ 'မျက်ခုံးဖြူပေါင်စု'လို့ ကျော်ကြားခဲ့တယ်ဆိုတာတော့ အားလုံး သိပြီးသား ဖြစ်ပါတယ်။ ဟူမိသားစုရဲ့ သိုင်းပညာဟာ ဘယ်လောက်ထက်မြက်တယ် ဆိုတာ ခင်ဗျားတို့ပဲ စဉ်းစားကြည့်ကြပါတော့၊ စာရွက်လေး ငါးရွက် ရသွားတဲ့ ဆေးဆရာယန်ကြီးဟာ သိုင်းလောကထဲမှာ ဘုရင်တစ်ဆူအဖြစ် မင်းမူနေပါပြီ''

''သူကတော့ သူ့အကြောင်းကို ဘယ်သူမှ မသိဘူးလို့ ထင်မှတ်နေမှာပဲဗျ ဟားဟားဟား.....အခု ခင်ဗျားတို့ အကြားပဲ၊ ကျုပ် ပြောပြခဲ့တာတွေဟာ လူယုတ်မာ ဆေးဆရာယန်ကြီးရဲ့အကြောင်းတွေပဲဗျ ဒါကို သူ ငြင်းချင်ရင် ငြင်းမယ်၊ ဒါပေမယ့် ဒီဆေးဆရာယန်ကြီးရဲ့ နောက်ကွယ်မှာ ရှိနေမယ့် မင်းတုပ်ဓဏ်ချက် အမာရွတ်ကြီးကတော့ ငြင်းနိုင်မှာ မဟုတ်ပါဘူးဗျ''

ဖိန်အာစစ်သည် ရှည်လျားစွာ ပြောပြီးနောက် တဟားဟား အော်ဟစ်ရယ်မောတော့သည်။

သူ ရယ်ပုံမှာ ရူးသွပ်သွားသူတစ်ဦး ရယ်ပုံမျိုး ဖြစ်နေ၏။

သို့သော် သူ မရူးပါ၊ သူ လုပ်ခဲ့သည့် လုပ်ရပ်အတွက် အားရကျေနပ်လွန်းသဖြင့် ရယ်မောနေခြင်းသာ ဖြစ်ပါလေ၏။

♛ ♛ ♛



အခန်း (၂၂)

သေသင့်သူ

''ဟား ဟား ဟား မျက်ခုံးဖြူပေါင်စုကိုယ်တော်ကြီးခင်ဗျား၊ ...ဆောင်ထဲက မီးထိုးအလုပ်သမားကလေးတစ်ယောက် ရိုက်ခဲ့တဲ့ ...ကျာဒဏ်ချက်ဟောင်းကို ဟောဒီက မင်းပရိတ်သတ်ကြီးကို ...ပြပါလားခင်ဗျား၊ဟား ဟား ဟား''

မျက်ခုံးဖြူပေါင်စုသည် 'ဝုန်း'ခနဲ ထရပ်လိုက်လေ၏။

မည်သူမျှ တုတ်တုတ်မလှုပ်ရဲကြတော့ပါ။

အားလုံးအသက်ရှူရန်မေ့သွားကြသည်။

မျက်ခုံးဖြူပေါင်စုသည် သူ၏ယုတ်မာမှုများကို ဖွင့်ချသော ...အား သေလုမြောပါးရိုက်နှက်ခဲ့သော ရန်သူတော်ဟောင်းကို လက်စတုံး ...ဖြတ်တော့မည်ဟု အားလုံးထိတ်ထိတ်လန့်လန့် တွေးလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူတို့ကြားလိုက်ရသည့်စကားကား–

"ဘုရားရေ ငါ့ကိုအမှောင်တိုက်ကြီးထဲ ရောက်သွားအော[င်] လုပ်ခဲ့တာမင်းလား။ ငါ့မှာဖြင့် ငါဘယ်လိုသတိလစ်သွားတယ်ဆိုတာ ဘာ[မှ] မသိလိုက်ရပါဘူးကွာ၊ ငါ့ကို ဘယ်သူရိုက်ခဲ့သလဲဆိုတာ နှစ်ပေါ[င်း] နှစ်ဆယ့်ခုနစ်နှစ်လုံးလုံး စဉ်းစားခဲ့ပါတယ်ကွာ၊ ဘယ်လိုမှ စဉ်းစားလို့[မရ] ခဲ့ပါဘူး။ ဘုရား ဘုရား ငါ့ကိုရိုက်ခဲ့တာမင်းကိုး"

ခန်းမထဲရှိ နားထောင်နေသည့် ပရိတ်သတ်ကြီးသည် သွေး[...] ရဲရဲသတ်ဖြတ်ခန်းကို မတွေ့ရတော့ဘဲ မျက်ခုံးဖြူပေါင်စု၏ အံ့ဖွယ်သ[...] ရဲရဲဝံ့ဝံ့ဝန်ခံလိုက်သည့်အတွက် ဟာယ်ခနဲ ဖြစ်သွားကြရပြန်လေ၏။

မျက်ခုံးဖြူပေါင်စုသည် ဤမျှ ဝန်ခံရဲလိမ့်မည်ဟု မည်သူ[မျှ] မထင်မှတ်ခဲ့ကြချေ။

ထိုစဉ်–

မြောင်ယိုလန်က ဆက်၍မေးလေသည်။

"ဦးလေး ဖိန်အာစစ်၊ ဟိုသနားစရာ ကလေးငယ်ကလေးဟာ နောက်တော့ ဘာဖြစ်သွားသေးသလဲ၊ အဲဒါကို ရှင်းပြပါဦးရှင်"

ဖိန်အာစစ်က–

"ဆက်ပြောမှာပေါ့၊ ဒီနောက်ပိုင်း အဖြစ်အပျက်တွေဟာ မပြောရင်မဖြစ်တဲ့ အဖြစ်အပျက်တွေပဲ"

မြောင်ယိုလန်မှာ လွန်စွာဝမ်းသာသွားသည်။

"ကျေးဇူးပါပဲရှင်၊ ကျွန်မက အဲဒီသနားစရာ ကလေးငယ်[...]

---



အကြောင်း သိပ်ပြီးစိတ်ဝင်စားပါတယ်၊ ဖေဖေက ဒီကလေးငယ်ကို သိပ်ပြီး အသက်ရှင်သန်စေချင်ပါတယ်ရှင်"

ဖိန်အာစစ်က ခေါင်းညိတ်ရင်း ဆက်လက်ပြောပြလေ၏။

"ကျုပ်ဟာ ကလေးငယ်ကိုချီပြီး ပြေးလိုက်တာ နားထဲမှာ [...]ုံးသံတစီစီကို ပြည့်နေတာပဲ၊ ဒါပေမယ့် ကျုပ်နောက်က ကျုပ်ကို အော်ခေါ်သံကြားလို့ ကြက်သီးထသွားမိပါတယ်၊ ဟေ့ ကောင်လေး၊ ကလေးကို ဘာဖြစ်လို့ ချီပြေးသွားတာလဲ၊ ပြန်ခေါ်ခဲ့စမ်းတဲ့၊ ဒါပေမယ့် ကျုပ်က ဒီအသံကို ဂရုမစိုက်ပါဘူး။ ဂရုစိုက်ပြီး ရပ်နေမိရင် ကလေးကို ပြန်အလုခံရမယ်၊ ကျုပ်လဲ အသတ်ခံရနိုင်တယ်"

"ကျုပ် ဘယ်လောက်ပဲ အပြေးသန်သန် ကျုပ်နောက်က လူက ကျုပ်ထက်ပိုပြီးအပြေးသန်တယ်ဗျ၊ မကြာပါဘူး။ ကျုပ်ကို မီလာတယ်၊ ကျုပ်လက်မောင်းတစ်ဘက်ကို ဖမ်းဆွဲပြီး ကျုပ်လက်ထဲက ကလေးကို လုတော့တာပဲဗျာ၊ ကျုပ်စိတ်ထဲမှာ ကလေးငယ်ကို အဲဒီလူရဲ့လက်ထဲ ပါသွားမှာကိုပဲ စိုးရိမ်နေမိတယ်၊ ဒါနဲ့ ကျုပ်လက်မောင်းကိုလဲ လာကိုင်ရော သူ့လက်ကို တအားကုန်းကိုက်လိုက်မိတော့တာပါပဲ၊ သွေးတွေကို မြင်မကောင်းအောင် စီးကျလာခဲ့ပါတယ်"

ထိုအခါ ချောင်ယွင်ချီက အထိတ်တလန့်ထ၍ အော်ဟစ်လေ၏။

"ဗျာ ကျုပ် ခေါင်းဆောင်ချုပ်ကြီးရဲ့လက်မောင်းမှာ သွားကိုက်ရာကြီးရှိတယ်၊ ဒါ ဒါဖြင့် ခင်ဗျား ကိုက်ခဲ့တာပေါ့ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ရှုရှည်မလည်စွာ ထချွေအော်ဟစ်သည့် ချောင်ပွင့်ချီအား ထန်ချင်ဝင်းက မျက်စောင်းထိုးလေ၏။

ချောင်ပွင့်ချီသည် အလွန်တရာ သိက္ခာကျနိုင်သည့် အပြုအမူ ပြုမူနေသူမှာ မိမိတို့၏ခေါင်းဆောင်ချုပ်ကြီးဖြစ်ကြောင်း ဖော်ထုတ်မိသဖြင့် မိမိအမှားကြီးမှားပြီဖြစ်ကြောင်း နောင်တရစွာ သိလိုက်မိသည်။

သို့သော်–

ပြင်ဆင်ရန် မတတ်နိုင်တော့ပေ။

ဖိန်အာစစ်က ဆက်၍ပြောလေ၏။

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်ကို လာခွဲတဲ့လူဟာ သခင်ကလေး ထန်လို့ခေါ်တဲ့ ဆရာကြီး ထန်ကွေ့နုံးပဲဖြစ်ပါတယ်၊ သူ့လက်မောင်းပေါ်မှာ ယနေ့အထိရှိနေမယ့် သွားရာကြီးဟာ ကျုပ်ကိုက်လိုက်တဲ့ သွားရာကြီးပါလို့ ခင်ဗျားတို့ကို ဘယ်ပြောလိမ့်မလဲ၊ ညောင်မြစ်တူးရင် ပုတ်သင်ဥ ပေါ်ကုန်မှာဆိုတော့ သူဒီအကြောင်းတွေကို လျှို့ဝှက်ထားမှာ သေချာ ပါတယ်ဗျ"

ထိုအခါ ထန်းလုံသိုင်းအဖွဲ့များဖြစ်ကြသည့် ယင်ကြည်၊ ယွမ်စစ်ကျူး၊ ချောင်ပွင့်ချီ၊ ကျိုးယွင်ကန်နှင့် ထန်ချင်ဝင်းတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြလေ၏။

ထန်းလုံသိုင်းအဖွဲ့ကြီး၏ ခေါင်းဆောင်ချုပ်ကြီး ထန်းကွေ့နုံး သည် ထိုအကြောင်းနှင့် ပတ်သက်၍ မိမိတို့အား အရိပ်အရောင်မျှ ထုတ်မပြောခဲ့ကြောင်း၊ တစ်ဦးတစ်ယောက်အား ထုတ်ပြောခဲ့လေသလား



ပူသော အကြည့်များဖြင့် ကြည့်နေကြခြင်း ဖြစ်လေ၏။

ဖိန်အာစစ်က–

"ကျုပ်က အသက်စွန့်ပြီး ကိုက်ခွဲခဲ့တာပါဗျ၊ ဆရာကြီး ထန်ကွေ့နုံးဟာ အင်မတန် သိုင်းပညာကောင်းပါတယ်၊ ကျုပ်ဟာ သိုင်းပညာမတတ်ပေမယ့် ဒီလောက်တော့ ကျုပ်သိတာပေါ့ဗျာ၊ ဆရာကြီး ထန်ကွေ့နုံးဟာ သူ့ကိုခွေးဆွဲသလို ဆွဲရမလားဆိုပြီး သိပ်စိတ်ဆိုးသွား ပါတယ်၊ သူဟာ ဓားကို ဆွဲထုတ်ပြီး ကျုပ်မျက်နှာကို သုံးလေးချက် ခုတ်တယ်"

မြောင်ပိုလန်မှာ ဟယ်ခနဲဖြစ်သွားတော့၏။

"ဒါတင်ဘယ်ကမလဲ၊ ဆေးဆရာယန်ကြီးအပေါ်မှာ အင်မတန် ကျေးဇူးရှိခဲ့ပါတယ်ဆိုတဲ့ သခင်ကလေးထန်ခေါ် ဆရာကြီး ထန်ကွေ့နုံးဟာ ကျုပ်ရဲ့လက်တစ်ဘက်ကိုပါ ဓားနဲ့ခုတ်ဖြတ်ချပါတယ်၊ အခု ကျုပ်လက် တစ်ဘက်ပြတ်ပြီး ဒုက္ခိတဖြစ်ခဲ့ရတာ ဆရာကြီးထန်ကွေ့နုံးရဲ့ လက်ချက် ပေါ့ဗျာ၊ ထန်းလုံအဖွဲ့ရဲ့ ခေါင်းဆောင်ချုပ် ကြီးထန်ကွေ့နုံးဟာ ကျုပ်လို သိုင်းပညာနကန်းတစ်လုံးမသိတဲ့လူကိုတောင် ဒီလိုရက်ရက်စက်စက် လုပ်ခဲ့ပါတယ်ဗျာ"

ထန်းလုံအဖွဲ့သားများမှာ ခေါင်းမထောင်နိုင်ဘဲ ဖြစ်သွားကြရ လေ၏။

"ဒါပေမယ့် ကျုပ်ရဲ့ကျန်တဲ့လက်တစ်ဘက်နဲ့တော့ ကျုပ်ရဲ့ ကျေးဇူးရှင်သခင်ကြီး ဟူယိတောင်းရဲ့သားကလေးကို တင်းတင်းကျပ်ကျပ်

www.burmeseclassic.com

www.burmeseclassic.com



ကြီး ပွေ့ထားပါတယ်၊ ကလေးကိုတော့ ဘယ်နည်းနဲ့မှ အပါမခံဘူး၊ ကျုပ်ဆုံးဖြတ်ထားပါတယ်၊ ဆရာကြီး ထန့်ကွေ့နီးဟာ စိတ်ဆိုးမာန်ဆိုး ကျုပ်ကိုပစ်ကန်လိုက်တယ်၊ ကျုပ်လဲ ရေစီးသန်တဲ့ချောင်းထဲ ဝုန်းခနဲ ကျသွားတော့တာပါပဲ၊ ကျုပ်ဟာ သတိမေ့နေအောင်ဖြစ်နေပေမယ့် သခင်**ကြီး ဟူယိ**တောင်းရဲ့ သားကလေးလက်ထဲက လွတ်ကျမသွား**အောင်တော့ ပွေ့ဖက်**ထားနိုင်ခဲ့ပါတယ်''

''ဩော် ကျွတ် ကျွတ်''

မြောင်ယိုလန်မှာ မျက်ရည်ဝဲလာတော့၏။

မျက်နှာ၌ ဓားအခုတ်ခံရရုံမျှမက လက်တစ်ဘက်ပင် အပြတ်ရပါလျက် ကျေးဇူးရှင်၏ရင်သွေးအား လုံးဝလက်မလွှတ်သည့် ဖိန်အာစစ်၏ ကျေးဇူးသိတတ်သည့် စိတ်ဓာတ်ကို အထူးချီးကျူးမိတော့သည်။

ဖိန်အာစစ်က ဆက်လက်၍ပြောသည်။

''**ကျုပ်**ဟာ ရေထဲမှာ သတိမလစ်အောင် ကြိုးစားပေမယ့် မရပါဘူးဗျာ၊ ကျုပ်လက်တစ်ဘက်က အင်မတန်သွေးထွက်နေတော့ မကြာပါဘူး သတိလစ်သွားတော့တာပါပဲ၊ ကျုပ်သတိရလာတဲ့အခါကျတော့ လှေကြီးတစ်စင်းပေါ်ရောက်နေပြီဗျ၊ သူတော်ကောင်း နတ်ကောင်းမတယ်ဆိုတာ ဒါမျိုးထင်ပါရဲ့ဗျာ၊ ကျုပ်ဟာ သခင်ကြီး ဟူယိတောင်းအပေါ် စိတ်ကောင်းစေတနာကောင်းထားလို့ ကျုပ်ကို ကယ်တင်မယ့်သူပေါ်ခဲ့တာလို့ပဲ ကျုပ်ယုံကြည်တယ်ဗျ''

---



မြောင်ယိုလန်က အရေးတကြီး မေးလေ၏။

''ဒါဖြင့် ဦးလေးဖိန်အာစစ်ပွေ့ချီထားတဲ့ ကလေးရော ကလေးလေးလေ''

ဖိန်အာစစ်က–

''ဟာ သခင်မလေးနယ် ကျုပ်က ဘယ်**အငြိမ်နေလိမ့်မလဲ၊** ကျုပ် သတိရ ရချင်း အော်မေးတာကတော့ 'ကလေး ဘယ်မှာလဲ'ဆိုတဲ့ စကားဗျ၊ အော်မေးတယ်ဆိုပေမယ့် အသံကယ့်ယဲ့ကလေးပဲ ထွက်ပါတော့တယ်၊ ဒီအခါမှာ ကျုပ်ကို ကယ်ထားတဲ့ လှေသူကြီး ကတော်က စကားအော်ဟစ်ပြီး ရယ်တော့တာပါပဲဗျာ၊ ဒါပေမယ့် လှေသူကြီးကတော်ပြောတဲ့စကားက ကလေးအကြောင်း မဟုတ်ဘူးဗျ 'တော်ပါသေးရဲ့၊ ကတော်အသက်ပြင်းတဲ့ သူငယ်ပဲ'တဲ့၊ သူတို့ အရေးထားပြီး ကုသနေတာက ကျုပ်ကိုးဗျ၊ ကျုပ်က လှေသူကြီး ကတော်ကို ကြည့်လိုက်တယ်၊ သူ့ရင်ခွင်ထဲမှာ သခင်ကြီးဟူယိတောင်းရဲ့ ရင်သွေးကလေးကို အသက်ရှင်လျက် တွေ့ရပါတယ်ဗျာ၊ လှေသူကြီး ကတော်ဟာ အင်မတန် ကြင်နာမှု ရှိပါတယ်၊ ကလေးလေးကို မြှောက်ပြပြီး–

'မင်းရဲ့ကလေး ဒီမှာရှိပါတယ်ကွယ်၊ မင်းသာ နေကောင်းအောင်ကြိုးစားပါ'လို့ ပြောပါတယ်''

မြောင်ယိုလန်သည် သူမ၏ရင်ကလေးကို ဖိ၍ ဟင်းချလိုက်မိလေ၏။

''တော်ပါသေးရဲ့ရှင်၊ ဖေဖေနဲ့ ကျွန်မဆုတောင်းခဲ့ရတာပြည့်

www.burmeseclassic.com

www.burmeseclassic.com



အလကားမဖြစ်တော့ဘူးပေါ့ရှင်''

ဖိန်အာစစ်က ခေါင်းညိတ်၏။

''ဒါကတော့ စိတ်ချပါ သခင်မလေးရယ်၊ စေတနာဟာ အကျိုးပေးပါတယ်၊ စိတ်ရင်း စေတနာရင်းကောင်းသူတွေရဲ့ မေတ္တာဟာ တစ်ပါးသူအပေါ်မှာ တုံ့ပြန်သက်ရောက်မှုရှိတတ်ပါတယ်၊ ကျုပ်ဟာ ကလေးကို မြင်လိုက်ရတော့ ကျုပ်ခံစားနေရတဲ့ ဝေဒနာတောင် တစ်ဝက်လျော့ပါးသွားတယ်လို့ အောက်မေ့မိတယ်၊ ကျုပ်ကို သူတို့ ကယ်ဆယ်ထားတာခြောက်ရက်တောင် ရှိပြီလို့လဲ သိရတယ်၊ သဘော ကတော့ ကျုပ်ဟာ ခြောက်ရက်တိတိ သတိလစ်မေ့မြော နေခဲ့တယ် ဆိုတဲ့သဘောပါပဲ၊ အဲဒီအချိန်မှာတော့ ကျုပ်ဟာ ကျုပ်ရဲ့ မွေးရပ်ဌာနီရဲ့ အတော်ကလေး ကွာလှမ်းသွားခဲ့ပါပြီ'' .

မြောင်ယိုလန်က မေးလိုက်သည်။

''ဦးလေးဖိန်အာစစ် ကိုယ့်မွေးရပ်ဌာနီကို ပြန်မသွားတော့ ဘူးပေါ့၊ ဟုတ်လား''

ဖိန်အာစစ်က ခေါင်းညိတ်၏။

''ဘယ်လို ပြန်သွားရဲတော့မလဲ သခင်မလေးရယ်၊ ကျုပ်တို့ကို ပိုက်စိပ်တိုက်ရှာနေမယ့် လူတွေကအများကြီး၊ ဆရာကြီး မြောင်ရင်ဖုန် လိုလူမျိုးနဲ့တွေ့ရင်တော့ ကံကောင်းပါရဲ့၊ ဆရာကြီး ထန်ကွေနုံးတို့ ခေါင်းဆောင်ကြီးဖန့်တို့နဲ့တွေ့ရင် ကျုပ်ရောကလေးလေးပါ ဒီလောကထဲက လက်စပျောက်သွားမယ် မဟုတ်လား။ ဒါကြောင့်မို့ ကျုပ်မိဘတွေဆီကို

❀



လုံးဝမပြန်ဝံ့တော့ပါဘူးဗျာ''

မြောင်ယိုလန်က ခေါင်းတဆတ်ဆတ် ညိတ်နေသည်။

ဖိန်အာစစ်က ဆက်ပြော၏။

''ကျုပ်မွေးရပ်ဌာနီကို မပြန်တော့တဲ့အတွက် သခင်မလေးရဲ့ ဖခင်ကြီး မြောင်ရင်ဖုန်ဟာ ကလေးငယ်ရဲ့ သဲလွန်စပျောက်သွားခဲ့ရတာ ပါပဲ၊ ဒါကြောင့် ကလေးငယ်ကလေး သေဆုံးသွားပြီ၊ တစ်ယောက် ယောက်က သတ်လိုက်ပြီလို့ သူထင်မှတ်သွားခဲ့တာပါ၊ သူတွေ့ခဲ့တဲ့ သွေးကွက်ကတော့ ကျုပ်ရဲ့လက်မောင်းနဲ့မျက်နှာကကျတဲ့ သွေးတွေပါ၊ ဆရာကြီး ထန်ကွေနုံးရဲ့ ကောင်းမှုပေါ့ဗျာ''

မြောင်ယိုလန်က ကျေနပ်အားရစွာပြော၏။

''ဘာပဲဖြစ်ဖြစ် ဒီကလေးငယ်ကလေး အသက်ရှင်နေ တဲ့အတွက် ကျွန်မသိပ်ဝမ်းသာတယ်၊ ဖေဖေသာသိရင် ဘယ်လောက် ဝမ်းသာမလဲမသိဘူး။ အဲဒီကလေးလေး ဘယ်မှာလဲရှင့်၊ ကျွန်မကို မပြနိုင်ဘူးလားရှင်''

သူမသည် သနားစဖွယ် ကလေးငယ်လေးဟူ၍သာ မျက်စိထဲ မြင်နေသည်။

စင်စစ် ထိုကလေးငယ်လေးသည် ယခုအခါအသက် နှစ်ဆယ့် မှနှစ်နှစ်မျှ ရှိနေပြီဖြစ်ကြောင်း သူမ သတိမပြုမိချေ။

သူမသည် ကိုးနှစ်ဆယ်နှစ်ခန့် ကြီးနေပြီဖြစ်ကြောင်းကိုလည်း မရိပ်မိချေ။

❀

www.burmeseclassic.com

www.burmeseclassic.com



ဖိန်အာစစ်က–

"သခင်မလေး ဒီကလေးငယ်လေးဟာ ခုဆိုရင် လုံးလုံးလျားလျား လူလားမြောက်နေပါပြီခင်ဗျာ၊ ကလေးငယ်ကလေး မဟုတ်တော့ပါဘူး၊ အခု ကျုပ်ပြောနေတဲ့ အဖြစ်အပျက်တွေဟာ လွန်ခဲ့တဲ့နှစ်ဆယ့်ခုနစ်နှစ်ကပါ"

မြောင်ယိုလန်သည် ထိုအခါကျမှ ကလေးငယ်ကလေး ရှိနေမည့်အသက်ကို ခန့်မှန်းမိသွားပြီး ရှက်သွေးလွှမ်းသွားလေတော့၏

ဖိန်အာစစ်က ဆက်ပြောသည်။

"သခင်မလေး အနေနဲ့ ဒီလူကောင်းကလေးကို တွေ့မြင်ခွင့် မရနိုင်တော့ပါဘူးခင်ဗျာ၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်အပါအဝင် လူအားလုံးဟာ ဘယ်သူမှ တောင်ကလပ်အောက်ကို မဆင်းနိုင်ကြတော့လို့ပါပဲ"

မြောင်ယိုလန်က ပြုံးလိုက်သည်။

သူမသည် သေခြင်းတရားကို ကြောက်ရွံ့ဟန်မရှိပေ။

"ကိစ္စမရှိပါဘူး၊ ကျွန်မဖေဖေဟာ ဒီတောင်ကလပ်ထိပ်ကို လာမှာပါ၊ နေ့းတာနဲ့ မြန်တာ တစ်ခုပဲကွာပါလိမ့်မယ်၊ ဖေဖေက ကျွန်မတို့ရဲ့အသက်ကို လာကယ်မှာ သေချာပါတယ်ရှင်"

ဖိန်အာစစ်ကရယ်ရင်း–

"ဟား ဟား ဟား သခင်မလေးရဲ့ ဖခင်ကြီး မြောင်ရင်ဖုန့်ဟာ သိုင်းပညာမှာသာ မိုးအောက်မြေပြင် ပြိုင်ဘက်ကင်းတဲ့လူပါ၊ အခုလော

—❀—



က်စောက်နေတဲ့ တောင်ကြီးကို တက်တဲ့နေရာမှာတော့ မိုးအောက်မြေပြင် ပြိုင်ဘက်ကင်း မဖြစ်နိုင်ပါဘူး။ ဒီတောင်ပေါ်ကို မျောက်တစ်ကောင်တောင် မတက်နိုင်ပါဘူး။ နောက်တစ်ခု ဆိုးတာက ဒီတောင်ထိပ်ဟာ သခင်မလေးမြင်တဲ့အတိုင်း နှင်းတွေဖုံးလွှမ်းနေတာပဲဗျ၊ ဘယ်လောက်တော်တဲ့ သိုင်းသမားပဲဖြစ်ဖြစ် ခြေကုပ်မမြဲနိုင်ပါဘူး"

မြောင်ယိုလန်က–

"ကျွန်မတစ်ခုမေးပါရစေ"

"မေးပါ သခင်မလေး။ ဘာများမေးချင်ပါသလဲ"

"ဩော် ဦးလေးဖိန်အာစစ် ကျွန်မတို့ကို အခုလိုလာပြီး တ်ဖို့ကြံစည်တာဟာ ဘာဘာကြီးဟူရဲ့သားက လာသတ်ခိုင်းလို့လား"

"ဟာ မဟုတ်လိုက်တာ၊ ဒီကလေးဟာ သူ့ဖခင်နဲ့ တစ်ထေရာ ည်းတူတဲ့ကလေးပါ။ စိတ်ကောင်း စေတနာကောင်းရှိတယ်၊ သူတစ်ပါး ပေါ်ကြင်နာတတ်တယ်၊ ပွင့်ပွင့်လင်းလင်းရှိတယ်၊ ကျုပ်အခုလို လာလုပ်မယ်ဆိုတာကို သူသိရင် မုချတားမြစ်မှာ သေချာပါတယ်"

ချောင်ယွင်ချီမှာ အကြီးအကျယ် ဒေါသထွက်နေမိသည်။

"ဟုတ်တယ်၊ ခင်ဗျားရဲ့ သခင်ကြီးသားက စိတ်ကောင်း စေတနာကောင်းရှိတယ်၊ ခင်ဗျားကျတော့ သူတစ်ပါး ဒုက္ခရောက်အောင် လာဒုက္ခပေးတယ်၊ ကိုယ့်ယုတ်မာမှုကို ကိုယ်ရှက်ရမှန်း မသိဘူးလား"

မြောင်ယိုလန်က တားဆီးရင်း–

"နေစမ်းပါဦးရှင်၊ ကျွန်မ မသိတဲ့အချက်ကလေးတွေ မေးစမ်း

—❀—

www.burmeseclassic.com

www.burmeseclassic.com



ပါရစေဦး။ ဘဘကြီးဟူရဲ့သားအမည်ကို ဘယ်လိုခေါ်ပါသလဲရှင်၊ သူ့ သိုင်းပညာကကော ကောင်းရဲ့လား''

ဟူယိတောင်း၏သားအပေါ် မြောင်ရင်ဖုန့်နှင့် မြောင်ယိုလန် တို့က လွန်စွာ ကရုဏာထားကြကြောင်း သိရှိပြီးဖြစ်၍ ဖိန်အာစစ်သည် သက်ပြင်းရှည်ကြီးချလိုက်မိသည်။

''အင်းဗျာ၊ ကျုပ်သာ ဒီတောင်ပေါ်တက်တဲ့ ဆိုင်းကြိုးကို မဖျက်ဆီးခဲ့ရင်တော့ သခင်ကြီး ဟူယိတောင်းရဲ့သားကို သခင်မလေး အနေနဲ့ မုချတွေ့နိုင်မှာပါ၊ ခုတော့ ကျုပ်ကတောင်ပေါ်တက်တဲ့ ဆိုင်းကြိုးကို ဖြတ်ချပစ်လိုက်ပြီဆိုတော့ သခင်မလေးအနေနဲ့ သူ့ကို ဘယ်တွေ့နိုင်တော့မလဲ''

ချောင်ပွင့်ချိုက ဝင်မေး၏။

''ဒီလူရဲ့ နာမည်က ဘယ်သူတဲ့လဲဗျ''

ဖိန်အာစစ်က-

''သခင်ကြီး ဟူယိတောင်းရဲ့သား ဖြစ်တဲ့အတွက် နှင်းတောင် မြေခွေး သို့မဟုတ် ရှိုစန်းဟူဖေးလို့ ခေါ်ပါတယ်ခင်ဗျာ''

ခန်းမကြီးထဲရှိ သိုင်းသမားများသည် နှင်းတောင်မြေခွေး၏ အမည်ကို တတွတ်တွတ် ရေရွတ်နေမိကြတော့သည်။

ထိုစဉ် မြောင်ယိုလန်သည် တစ်စုံတစ်ခုကို တွေးမိပြီး 'အို' ခနဲ အထိတ်တလန့် အော်မိလေ၏။

ဖိန်အာစစ်မှာ အရေးတကြီး မေးမြန်းသည်။



''သခင်မလေး ဘာဖြစ်လို့လဲ''

''ကျွန် ကျွန်မ တစ်ခုသတိရပြီရှင့်၊ ဒီတောင်ကလပ်ပေါ်ကို ရှိုစန်းဟူဖေးဖြစ်ဖြစ်၊ ကျွန်မရဲ့ဖေဖေဖြစ်ဖြစ် တစ်ယောက်ယောက်ရှိနေရင် သိပ်ကောင်းမှာပဲရှင်၊ တကယ်လို့ ကျွန်မဖေဖေနဲ့ ရှိုစန်းဟူဖေး တစ်ယောက်ယောက် တောင်ခြေမှာ ဆုံမိကြရင် အကြောင်းမသိသေးပဲနဲ့ ကျွန်မဖေဖေက ရှိုစန်းဟူဖေးကို တစ်ချက်တည်းနဲ့ ထိုးသတ်ခဲ့ရင် ဒုက္ခပါရှင်''

ထိုစကားကို ကြားလိုက်ရသောအခါ ဖိန်အာစစ်က တဟားဟား အော်ရယ်လေတော့၏။

''သူ့ရဲ့ကောင်းကြီး မြောင်ရင်ဖုန့်ကို သိုင်းလောက ပြိုင်ဘက်ကင်း မိုးအောက်မြေပြင် ပြိုင်ဘက်ကင်းလို့ အားလုံးကပဲ ခေါ်ဝေါ် သမုတ်ခဲ့ကြပါတယ်၊ ဘယ်လောက်ပဲ ပြိုင်ဘက်ကင်းဖြစ်ဖြစ် သခင်ကြီး ဟူယိတောင်းရဲ့သား ရှိုစန်းဟူဖေးကိုတော့ သူ့ရဲ့ကောင်းကြီး မြောင်ရင်ဖုန့်ဟာ ဓားနဲ့တစ်ချက်တည်း အသေထိုးမသတ်နိုင်ဘူးဆိုတာတော့ သခင်မလေးယုံပါ''

မြောင်ယိုလန်က မေးလိုက်၏။

''ဒီတောင်ကလပ်ထိပ်က သခင်ကြီးဟာ အနယ်နယ် အရပ်ရပ်က သိုင်းအကျော်အမော်ကြီးတွေကို သွားရောက်ဖိတ်ခေါ် နေပါတယ်၊ ဘဘကြီးဟူရဲ့သားဟာ အားလုံးကို ယှဉ်ပြိုင်မှာပဲလား''

ဖိန်အာစစ်က ခေါင်းညိတ်ပြ၏။

www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါတယ်၊ သူအားလုံးကို ယုံကြည်မှာပါ"

မြောင်ယိုလန် ထိတ်လန့်သွားသည်။

"ကျွန်မဖေဖေဟာ ဘဘကြီးဟူကို ကတိပေးခဲ့တယ်၊ သူ့သားကလေးကို စောင့်ရှောက်ပါမယ်လို့၊ ဘဘကြီးဟူရဲ့သားကလေး ပျောက်ဆုံးသွားလို့သာ မစောင့်ရှောက်ခဲ့ရတာပါ။ အခုလိုရှင်ဆိုင်တွေ့ရင် ဖေဖေဟာ တိုက်ခိုက်မှာ မဟုတ်ဘူး"

ဖိန်အာစစ်ကလည်း ရှင်းပြသည်။

"ဟုတ်ပါတယ်၊ သခင်ကြီး ဟူယိတောင်းနဲ့ ဆရာကြီးမြောင်ရင်ဖုန့်တို့ ဘယ်လို ချစ်ချစ်ခင်ခင်ရှိခဲ့တယ်ဆိုတာ ကျုပ်ပြောပြခဲ့ပါတယ်၊ သခင်ကြီးဟူယိတောင်း သေဆုံးရတဲ့ ကိစ္စမှာလဲ ဆရာကြီး မြောင်ရင်ဖုန့်ရဲ့အပြစ် လုံးဝမရှိပါဘူး။ ဟိုလူယုတ်မာ ဆေးဆရာ ယန့်ကြီးအဆိပ်တွေ သုတ်လိမ်းထားလို့သာ သခင်ကြီး ဟူယိတောင်း သေဆုံးခဲ့ရတာပါ၊ ဒါတွေကို ကျုပ်ကိုယ်တွေ့မျက်မြင် ဖြစ်ခဲ့တဲ့အကြောင်း ရှိစန်းဟူဖေးကို ရှင်းလင်းပြခဲ့ပါတယ်၊ ဒါကြောင့်မို့ ဆရာကြီး မြောင်ရင်ဖုန့် ကို မပြစ်မမှားပါနဲ့၊ သိုင်းပညာ မပြိုင်ပါနဲ့လို့ အတန်တန်တားခဲ့ပါတယ်၊ ဒါပေမယ့် ကျုပ်တားမြစ်ချက်ဟာ လုံးဝအရာမရောက်ခဲ့ပါဘူး"

ချောင်ယွင်ချီက–

"ခပ်ရှင်းရှင်း ပြောရရင်တော့ ရှိစန်းဟူဖေးဟာ မိုးအောက်မြေပြင် ပြိုင်ဘက်ကင်း ကျင်းမြန့်ဖူ မြောင်ရင်ဖုန့်ကို တုံ့ပြန်မယ် ဆိုပါတော့ဗျာ"

❀



ဖိန်အာစစ်မှာ စိတ်မကောင်းဟန်ဖြင့် ခေါင်းညိတ်ဝန်ခံလေ၏။

"ဟုတ်ပါတယ်ဗျာ၊ ဒီသဘောပါပဲ၊ ကျုပ်ဘယ်လိုမှ မတားမြစ်နိုင်ခဲ့ပါဘူးဗျာ"

ချောင်ယွင်ချီက–

"ခင်ဗျားက ဒီတောင်ကလပ်ထိပ်ပေါ် ဘာဖြစ်လို့ တက်လာရတာလဲ၊ လာချင်းလာရင် ရှိစန်းဟူဖေးနဲ့အတူ လာသင့်တာပေါ့ဗျ"

ဖိန်အာစစ်က–

"ခင်ဗျားပြောတာ မှန်ပါတယ်ဗျာ၊ ကျုပ်အနေနဲ့ လာချင်းလာရင် ရှိစန်းဟူဖေးနဲ့ လာသင့်ပါတယ်၊ ဒါပေမယ့် ကျုပ်ဒီဘက်ကို ကလေ့လာနေတုန်းမှာ ဟောဟိုက ဆေးဆရာယန့်ကြီးကို လူစုလူဝေးကြီးနဲ့တွေ့လိုက်တော့ ကျုပ်သိပ်အံ့ဩသွားခဲ့ပါတယ်"

ချောင်ယွင်ချီက ပြန်လှန်မေးခွန်းထုတ်လေ၏။

"ခင်ဗျားကို ကျုပ်တို့မတွေ့ပါလား၊ ဘယ်မှာ ပုန်းနေသလဲ"

ဖိန်အာစစ်က အောင်နိုင်သူ၏အပြုံးဖြင့် ပြုံးလိုက်သည်။

"ကျုပ်က ဘယ်ပေါ်ပေါ်ထင်ထင် နေရဲမှာလဲဗျ၊ ပထမတုန်းက မျက်ခုံးဖြူ ပေါင်စုကို ရုတ်တရက်မမှတ်မိဘူးလေဗျာ၊ သူက အသွင်ပြောင်းနေတာကိုး၊ နောက်တော့မှ ဆေးဆရာယန့်ကြီးမှန်း သိရတယ်၊ ခင်ဗျားတို့ကို ပုန်းလျှိုးကွယ်လျှိုး နေနေရတယ်၊ ဟို သခင်မလေး မြောင်ယိုလန်တို့ ရောက်လာတဲ့အခါကျမှ တောင်ကလပ် ထိပ်က လူလိုလို ဘာလိုလိုနဲ့ ကပ်လိုက်ခဲ့ရတာဗျ"

❀

www.burmeseclassic.com

www.burmeseclassic.com



သူသည် မျက်စိမျက်နှာပျက်နေသော သိုင်းသမားအားလုံးကို ပြုံးကြည့်ပြီးနောက်–

''အခုတော့ အားလုံး စိတ်အေးအေးပဲထားကြပါတော့လို့ မေတ္တာရပ်ခံပါတယ်၊ တောင်ပေါ်ကို တက်တဲ့ဆင်းတဲ့ ဆိုင်းကြိုးကို ကျုပ် ဖြတ်ပြီးပြီ၊ စားရေရိက္ခာအားလုံးကိုလဲ ဖျက်ဆီးပြီးပြီ၊ အားလုံး တူတူ သေကြရုံပဲရှိတော့တာပေါ့ဗျာ၊ မဆိုင်တဲ့ လူတွေအတွက်တော့ ဝမ်းနည်းရုံကလွဲလို့ ကျုပ်လဲဘာမှမတတ်နိုင်တော့ဘူးဗျ၊ ကျုပ်အနေနဲ့ ကတော့ သခင်ကြီးဟူယိတောင်းကို သေအောင်လုပ်ခဲ့တဲ့ လူယုတ်မာကို ပြန်လက်စားချေရမှာပဲ''

ခန်းမထဲရှိ သိုင်းသမားများသည် မကျေမနပ် ဖြစ်သွားကြသည်။

ဆေးဆရာ ယန်ကြီး တစ်ဖြစ်လဲ မျက်ခုံးဖြူပေါင်စုသည် အလွန်တရာ သစ္စာမဲ့သူဖြစ်သည်။

အလွန်တရာ လောဘကြီးသူဖြစ်သည်။

အလွန်တရာ ယုတ်မာသူဖြစ်သည်။

ထို့ကြောင့်–

သူ့ သေသင့်သည်။

သူ့ကို သတ်သင့်သည်။

ထိုအချက်ကို သူတို့ ကြည်ကြည်ဖြူဖြူ လက်ခံသည်။

သို့သော်–

မိမိတို့သည်ကား သခင်ကြီး ဟူယိတောင်းကိုလည်း



မတွေ့မြင်ခဲ့စဖူး။ သခင်ကြီးဟူယိတောင်းအား သေရန်လည်း မကြံစည်ခဲ့စဖူး။

သို့ဖြစ်ပါလျက်–

မိမိတို့ သေရမည်ဆိုသည်မှာ အလွန်တရာ နည်းလမ်းမကျ သောကိစ္စဖြစ်သည်ဟု သူတို့မှတ်ယူကြသည်။

သူတို့သည် ဖိန်အာစစ်၏ ကြွက်ရော ကျီပါမီးရှို့ခြင်းအမှုကို မကျေနပ်သကဲ့သို့ မိမိတို့အား ဤတောင်ကလပ်ထိပ်သို့ အတင်းအကျပ် တွန်းထိုးခေါ်လာသည့် လူယုတ်မာကြီး ပေါင်စုကိုလည်း ကျေနပ်ခြင်း မရှိကြချေ။

အထူးသဖြင့် ပေါင်စုကို ပို၍မကျေနပ်ကြချေ။

သူသာ မိမိတို့ကို ဤတောင်ကလပ်ထိပ်သို့ အတင်းအကျပ် မခေါ်ခဲ့ပါက ယခုအဖြစ်ဆိုးကို မိမိတို့ ကြုံတွေ့ကြရမည် မဟုတ်ချေ။

သို့သော်–

ထိပ်သီး လူဆိုးလူယုတ်ကြီးကို သူတို့လည်း မည်သို့မျှ ဆုပ်ကိုင်မောင်းခြင်း မပြုရဲကြလေပြီတကား။

+ + +

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

## လျှို့ဝှက်ရာဇနာခမြင့်

မျက်ခုံးဖြူပေါင်စုသည် ခန်းမထဲရှိ သိုင်းသမားများက မိမိအာ မကျေမနပ်ဖြစ်နေကြောင်း ရိပ်မိသဖြင့် ဝုန်းခနဲ ထရပ်လိုက်သည်။

သူထရပ်လိုက်ခြင်းမှာ ခန်းမထဲရှိ သိုင်းသမားများအား နှိပ်စက် တိုက်ခိုက်ရန် မဟုတ်ပါ။

သူ့အပေါ် မကျေမနပ်ဖြစ်ခြင်းများကို လမ်းလွှဲရန်အတွက် စကားပြောရန် ထရပ်လိုက်ခြင်းသာ ဖြစ်ပါသည်။

"ခန်းမထဲမှာရှိကြတဲ့ သိုင်းသမားအားလုံးကို ကျုပ်တစ် ပြောချင်ပါတယ်၊ ခင်ဗျားတို့ ကျုပ်တို့အားလုံးဟာ ခုအချိန်မှာဆိုရင် အားလုံး သေလူဖြစ်ကုန်ပါပြီ၊ တစ်လှေတည်းစီး တစ်ခရီးတည်းသွားတော့



ဖြစ်ကုန်ပါပြီ၊ ဒါကြောင့်မို့ အချင်းချင်း စိတ်ဝမ်းကွဲကြမယ့်အစား တောင်အောက်ကို ဆင်းနိုင်အောင် ဘယ်လို ကြံဆမယ်ဆိုတဲ့ နည်းလမ်း ကို ဆွေးနွေးသင့်ကြပါတယ်၊ ဒါမှသာ ကျုပ်တို့ အားလုံး သေဘေးက လွတ်မြောက်ကြမှာ ဖြစ်ပါတယ်၊ ကျုပ်တို့ ဒီလို မဆွေးနွေးခင်.....'

မျက်ခုံးဖြူပေါင်စုသည် အစေခံကြီး ဖိန်အာစစ်ကို မျက်မှောင် ကြုတ်၍ကြည့်လိုက်ပြီး လက်ညှိုးငေါက်ငေါက်ထိုးလေ၏။

"ဟောဒီ.....ကျုပ်တို့အားလုံးကို သေကြောင်းကြံစည်တဲ့ မကောင်းဆိုးဝါးကောင်ကို အရင်ဆုံး....."

ဖျပ်.....ဖျပ်.....ဖျပ်.....ဖျပ်.....

ဖျပ်.....ဖျပ်.....ဖျပ်.....ဖျပ်

ပေါင်စု၏ စကားမဆုံးမီ ကြီးမားသော ဖျိုင်းဖြူကြီးတစ်ကောင် သည် ပြတင်းပေါက်မှတစ်ဆင့် ခန်းမကြီးထဲသို့ ဝင်လာပြီး လှည့်ပတ် ပျံဝဲနေလေတော့၏။

ထိုအဖြစ်ဆန်းကြောင့် ပေါင်စုမှာ သူ့စကားကို ဆုံးအောင် ဆက်မပြောနိုင်ဘဲ ဖြစ်သွားခဲ့ရသည်။

ထို့နောက်.....

ဖျိုင်းဖြူကြီးသည် စားပွဲစွန်း၌ သွားရောက် ရပ်နားလေတော့၏။

"အို.....ငွေဖျိုင်းဖြူကလေးရယ်၊ ငါ့နောက်ကို လိုက်လာခဲ့ရ သလားကွယ်"

မြောင်ယိုလန်သည် ညင်သာစွာ ရေရွတ်ပြီး ဖျိုင်းဖြူကြီး

www.burmeseclassic.com

www.burmeseclassic.com



ကျောကို သွားရောက် ပွတ်သပ်ပေးသည်။

''ဟင်.....ငွေမျှင်းဖြူရယ်၊ ခြေထောက်မှာ ကြိုးစကလေး တစ်စပါလား''

မြောင်ယိုလန်သည် ငွေမျှင်းဖြူ၏ခြေထောက်မှ ငုက်ပျော ညွန့်ရောင် ကြိုးစကလေးကို တအံ့တသြ လှမ်းကိုင်လေ၏။

သူမသည် ကြိုးစတစ်လျှောက် လျှောက်ကြည့်လိုက်သောအခါ ကြိုးသည် ပြတင်းပေါက်ဝအထိ ရှည်လျားစွာ ရှိနေသည်ကို တွေ့လိုက်ရသဖြင့် သူမ၏စိတ်ထဲ၌ ထူးဆန်းသလို ဖြစ်သွားလေသည်။

ထို့ကြောင့် ကြိုးစကို တဖြည်းဖြည်း ဆွဲယူတော့၏။

သို့သော်.....

ကြိုးစသည် လွယ်လွယ်နှင့် ဆွဲယူမကုန်နိုင်အောင် ဖြစ်နေတော့သည်။

ထန်ချင်ဝင်းသည် ထူးဆန်းသောအဖြစ်ကို ရိပ်မိလာသဖြင့် မြောင်ယိုလန်၏အနီးသို့ ချဉ်းကပ်လာကာ ကြိုးစကို ဝိုင်း၍ ဆွဲပေးတော့သည်။

သိုင်းသမားအားလုံး ထိုအဖြစ်ဆန်းကို ဝိုင်း၍ကြည့်နေကြ၏။

မြောင်ယိုလန်သည် ဆွဲရင်းဆွဲရင်း လေးလံလာကြောင်း ခံစားမိလာလေ၏။

ကြိုး၏အခြားတစ်ဘက်တွင် လေးလံသော ပစ္စည်းတစ်ခုခု ချိတ်ဆွဲထားကြောင်း ရိပ်စားမိလာ၏။



သူမသည် ထန်ချင်ဝင်းအား ဆက်ဆွဲရန် အချက်ပြလိုက်ပြီး တအံ့တသြ ဝိုင်းကြည့်နေသည့် သိုင်းသမားများအား ပြုံးရွှင်စွာ ကြေငြာလိုက်လေတော့၏။

''လူကြီးမင်းများရှင်၊ ကျွန်မတို့အားလုံး ဒီတောင်ကလပ်ပေါ်မှာ အသက်သေဆုံးရမယ့်အဖြစ်က လွတ်ကင်းပါပြီ''

သိုင်းသမားများသည် 'ဟယ်'ခနဲ၊ 'ဟာ'ခနဲ ဖြစ်ကုန်ကြလေတော့၏။

သူတို့၏နားများကိုပင် မယုံနိုင်အောင် ဖြစ်သွားကြသည်။

''ဘယ်လိုလဲ''

''ဘယ်လို လွတ်မြောက်မှာလဲ''

''ရှင်းရှင်း ပြောပါ''

တစ်ယောက်တစ်ခွန်း မေးလိုက်ကြသည့် မေးခွန်းများသည် ဆူညံသွားသည်။

ခန်းမကြီးတစ်ခုလုံး ကျွက်စီကျွက်စီအသံများ ပြည့်လျှံသွားသည်။

မြောင်ယိုလန်က ပြုံး၍ ရှင်းပြသည်။

''ဟောဒီ ငွေမျှင်းဖြူဟာ ကျွန်မတို့အိမ်မှာ မွေးထားတဲ့ ငှက်ကြီး ဖြစ်ပါတယ်ရှင်၊ သူဟာ ကျွန်မဖေဖေရဲ့ အနားမှာ အမြဲနေလေ့ ရှိပါတယ်၊ သူ လိုက်လာလို့ ကျွန်မ သိပ်အံ့သြသွားခဲ့တယ်၊ ခြေထောက်မှာ ကြိုးကလေးတစ်ချောင်း ပါလာလို့ ပိုပြီး အံ့သြခဲ့တယ်''

www.burmeseclassic.com

www.burmeseclassic.com



"အခုတော့ ကျွန်မ မအုံ့ညြတော့ပါဘူးရှင်၊ ကျွန်မဖေဖေဟာ ဟောဒီ တောင်ကာလပ်အောက်ကို ရောက်နေပါပြီ၊ ကျွန်မတို့ရဲ့အသက်ကို ကယ်ဆယ်ဖို့ ပထမအဆင့် ပြင်ဆင်ပေးလိုက်ပါပြီ"

ဗိန်အာစစ်သည် ကြောက်မက်ဖွယ်ရာအသံဖြင့် အော်ဟစ်ရင်း မြောင်ယိုလန်ထံသို့ ခုန်ဝင်လာသည်။

သူသည် မြောင်ယိုလန်၏လက်ထဲမှ ကြိုးစကို ဖြတ်တောက်ရန် ခုန်ဝင်လာခြင်း ဖြစ်ပေသည်။

သို့သော်.....

သူ့ရှေ့နား၌ ယင်ကြည် ရှိနေ၏။

ယင်ကြည်သည် ခန္ဓာကိုယ်ကို အနည်းငယ် လှုပ်လိုက်ရုံမျှဖြင့် မြောင်ယိုလန်၏အနီးသို့ ဗိန်အာစစ်ထက် စောစီးစွာ ရောက်ရှိသွားပြီး ခုန်ဝင်လာသော ဗိန်အာစစ်အား လက်ဝါးဖြင့် တွန်းလွှတ်လိုက်လေတော့၏။

"ဝုန်း"

ယင်ကြည်သည် ဗိန်အာစစ်အား ရက်ရက်စက်စက် မလုပ်လိုက်ပါ။

သို့ရာတွင် ဗိန်အာစစ်ခမျာ ယင်ကြည်လောက် သိုင်းပညာစွမ်း မထက်သဖြင့် အခန်းထောင့်သို့ ဝုန်းခနဲ လွင့်စင်ထွက်သွားရရှာသည်။

ထန်ချင်ဝင်းက.....

"ညီမလေး ကြိုးစပြတ်မှာ စိုးရတယ်၊ ဖြည်းဖြည်းဆွဲတင်မှနဲ့ ကူတယ်"

မြောင်ယိုလန်က ရယ်ရင်း.....

"ကိစ္စမရှိပါဘူး၊ ရဲရဲသာ ဆွဲတင်ပါ၊ ကြိုးက သေးပေမယ့် အင်မတန် ခိုင်ပါတယ်၊ တော်တော်နဲ့ မပြတ်နိုင်ပါဘူး"

မဆုံးနိုင်သော ကြိုးစကို အဆက်မပြတ် ဆွဲတင်နေရသည့် အလုပ်မှာ လွယ်ကူသောအလုပ် မဟုတ်ပါ၊ ထန်ချင်ဝင်းမှာ နဖူး၌ ချွေးများ သီးလာသည်။

မြောင်ယိုလန်လည်း ဝင်ကူ၍ ဆွဲတင်နေပြန်သည်။

ထောင်ကြည်အန်းက.....

"လုံမလေး မြောင်ယိုလန်၊ ကျုပ်ပါ လာပြီး ဝင်ကူဆွဲပါရစေ၊ မြန်မြန်အကောင်အထည် ပေါ်တာပေါ့"

မြောင်ယိုလန်က ဟက်ဟက်ပက်ပက်ရယ်ရင်း.....

"ရှင်ပြောတာ နောက်ကျနေတယ်ရှင့်၊ စောစောကတည်းက ကျွန်မတို့ကို ဝင်ကူသင့်တယ်"

ထောင်ကြည်အန်းသည် ရှေ့သို့ ပြေးကပ်လာကာ ထန်ချင်ဝင်း၏ လက်ထဲမှ ကြိုးစကို ယူလျက် လျှင်မြန်သွက်လက်စွာ ဆွဲတင်လေတော့၏။

ထိုစဉ် ယွမ်စစ်ကျုံး ချောင်ယွင်ချိုနှင့် လိုယွမ်ဟိုတို့ သုံးဦးသည် ခန်းမကြီးထဲမှ ပြေးထွက်သွားလေတော့၏။

ထိုသုံးဦး အဘယ်ကြောင့် ပြေးသွားသည်ကို ခန်းမထဲမှ လူမျ



www.burmeseclassic.com

www.burmeseclassic.com



နိုင်မိကြ၏။

ထို့ကြောင့် ချက်ချင်းလိုလို ကျန်လူများလည်း ပြေးလိုက်သွားကြတော့သည်။

တောင်ကလပ် နှုတ်ခမ်းထိပ်သို့ နောက်လူများ ရောက်ရှိလာသောအခါ ရှေ့မှ ရောက်နှင့်နေသူများသည် အလွန်တရာ အလုပ်ရှုပ်နေသည်ကို တွေ့ရှိကြရလေ၏။

ရှေ့မှလူများသည် မြောင်းပိုလန် ဆွဲတင်ခဲ့သည့်ကြိုးစကို အမောတကော ဆွဲတင်နေကြလေသတည်း။

မကြာမီ ကြိုးစသေးကလေး ကုန်ဆုံးသွားပြီး အဆုံးတွင် အတော်အတန် ကြီးမားသည့် ကြိုးတစ်ချောင်း ချည်နှောင်ထားကြောင်း တွေ့ရှိရသည်။

ထိုကြိုးစကို အားကြိုးမာန်တက် ဝိုင်းဆွဲတင်ကြသောအခါ ပထမ ပြတ်ကျသွားသည်။

ကြိုးနှင့် အလုံးတူ ကြိုးကြီးတစ်ချောင်းကို ဆွဲတင်မိကြတော့သည်။

ဖိန့်အာစစ်၏ကြိုးစားမှုသည် အချည်းအနှီး ဖြစ်သွားရချေပြီ။

ဤကြိုးကြီး၏ အကူအညီဖြင့် တောင်ကလပ်ထိပ်မှ လူအားလုံး သေဘေးမှ လွတ်မြောက်သွားချေတော့သည်။

လူအားလုံးသည် အားပါးတရ အော်ဟစ် ကြွေးကြော်လိုက်ကြလေ၏။

---



သူတို့အား ဖိစီးနေသည့် သေခြင်းတရား၏ လက်မည်းကြီးသည် အလိုလို ပျောက်ကွယ်သွားခဲ့ချေပြီ။

သေတော့မည်ဟု ထင်မှတ်နေရာမှ အသက်ရှင်ခွင့် ရတော့မည့်မှန်း သိလိုက်ကြရသောအခါ သိုင်းသမားများသည် ခုန်ချင်ပေါက်ချင် ဖြစ်လာကြလေ၏။

သူတို့သည် ထိုကြိုးကြီးကို တောင်ကလပ်ထိပ်တွင် ပေါက်နေသည့် ထင်းရှူးပင်ကြီးနှစ်ပင်၏ ပင်စည်၌ ခိုင်ခံ့စွာ ပြေးချည်လိုက်ကြသည်။

လိုယွမ်ဟို့သည် တောင်နှုတ်ခမ်းထိပ်၌ ရပ်ရင်း ကြိုးကြီးကို လက်ဖြင့် အုပ်ကိုင်လိုက်သည်။

သူသည် နှုတ်ခမ်းကို လျှာဖြင့်သိမ်းရင်း ခပ်တိုးတိုး ပြောလေတော့၏။

''ကဲ.....ကျုပ် ဆင်းတော့မယ်''

မျက်ခုံးဖြူပေါင်စုသည် ဝတ်ရုံကြီး တကားကားဖြင့် ရှေ့သို့ တက်လာရင်း လှမ်းအော်လေ၏။

''ဟေ့.....နေစမ်းပါဦး၊ မင်းက ဘာဖြစ်လို့ ပထမဆုံး ဆင်းသွားချင်ရတာလဲ''

လိုယွမ်ဟို့က ပေါင်စုကို မသက်မသာ လှမ်းကြည့်ပြီး.....

''ဘာဖြစ်သလဲဗျ၊ ဒီကြိုးက လူတိုင်း အောက်ဆင်းနိုင်အောင် အောက်က ကူညီတင်ပို့ပေးလိုက်တဲ့ကြိုးပဲဗျ၊ ဘယ်သူဆင်းဆင်း

www.burmeseclassic.com

www.burmeseclassic.com



အောက်ရောက်ဖို့ လိုရင်းပဲ၊ ကျုပ် ဆင်းပြီးရင် ခင်ဗျားတို့ ဆက်ဆင်းပေါ့"

"တော်စမ်းကွာ၊ အဓိပ္ပာယ်မရှိတဲ့စကားတွေ ပြောမနေစမ်းပါနဲ့၊ မင်းအကြောင်း ငါမသိဘူး ထင်လို့လား"

"ဘာဗျ၊ ကျုပ်က ဘာဖြစ်လို့လဲ၊ ခင်ဗျားအကြောင်းကို လူတိုင်း သိနေကြပြီ၊ ဒါတောင် ခင်ဗျားက ကျုပ်ကို ယုတ်မာတယ် ပြောချင်သေး လို့လား"

ထိုစဉ် တောင်ပိုင်ဖွေ့က ဝင်ရောက် အော်ဟစ်လေတော့၏။

"ဟေ့လူ.....ခင်ဗျား မဆင်းနဲ့၊ အောက်ကို ခင်ဗျား ပထမဆုံး ရောက်သွားရင် ဘာလုပ်မယ်ဆိုတာ ဘယ်သူမှ မသိနိုင်ဘူး၊ ခင်ဗျားကို ကျုပ်တို့ လုံးဝ မယုံဘူး"

"တိတ်စမ်းပါ၊ တောင်စဉ်ရေမရ စကားတွေနဲ့ လျှောက်အော် မနေစမ်းပါနဲ့"

လိုယွမ်ဟို့က ဒေါသတကြီး ပြန်အော်သည်။

ဤလူသိုက်သည် ဤတောင်ကလပ်ထိပ် မရောက်မီကပင် တစ်ဦးနှင့်တစ်ဦး အယုံအကြည် ကင်းမဲ့နေကြသောလူသိုက် ဖြစ်လေ သည်။

သေကောင်ပေါင်းလဲ ဖြစ်ခါနီး၌ တစ်ဦးကိုတစ်ဦး မယုံကြည် သောစိတ်များ ပျောက်ကွယ်ခဲ့ကြသော်လည်း တကယ်တမ်း အသက် ဘေးမှ လွတ်မြောက်တော့မည်ဟု သိရသောအခါတွင် သူတို့၏စိတ်ထဲ၌ မူလကတည်းက ကိန်းဝပ်နေသည့် မယုံကြည်သည့်စိတ်ထားများသည်



ပျက်ချင်းပြန်ပေါ်လာသည်။

အဘိုးအိုယင်ကြည်က ချက်ချင်း ဝင်ပြောလေ၏။

"ဒီမှာ.....ကျုပ်ပြောမယ်၊ အခု ပထမဆုံး ဆင်းသင့်တာက မိန်းကလေးတွေပဲဗျ၊ ဒီတော့ တောင်ကလပ်ထိပ်ပေါ် ရောက်နေတဲ့ မိန်းကလေးအားလုံး အရင်ဆင်းကြရမယ်၊ ကျုပ်တို့ ယောကျ်ားရင့်မကြီး တွေကတော့ နောက်မှပဲ ဆင်းကြမယ်"

ရှုံးယွမ်ရှန့်က ဝင်ရောက် ထောက်ခံ တက်နေသည်။

"ဒီလိုလုပ်ကြဗျာ၊ အခု ကျုပ်တို့ သုံးဖွဲ့ရှိကြတယ် မဟုတ်လား"

ချောင်ယွင်ချီ.....

"ဆိုစမ်းပါဦး၊ ခင်ဗျားက ဘာအကြံပေးမလို့လဲ"

ရှုံးယွမ်ရှန့်က.....

"ကျုပ်တို့ဒီမှာ အဖွဲ့သုံးဖွဲ့ ရှိကြတယ် မဟုတ်လား"

မျက်ခုံးဖြူပေါင်စုက ဝင်၍ ဟိန်းဟောက်လေ၏။

"ဟေ့.....ဘာတွေ အခုမှ သုံးဖွဲ့တွေ လေးဖွဲ့တွေ ပြောနေ တာလဲ၊ ပြောမှာဖြင့် မြန်မြန်ပြောစမ်း"

"ပြောမှာပေါ့ဗျာ၊ ခင်ဗျားက ဘာဖြစ်လို့ ဒီလောက် ဝင်ပြီး ဟိန်းဟောက်နေရတာလဲ"

ရှုံးယွမ်ရှန့်သည် မရဲသော်လည်း ပြေးခဲစေ ဟူသောစကားကို လက်ကိုင်သုံး၍ မျက်ခုံးဖြူပေါင်စုကို ပြန်လည်ဟိန်းဟောက်လေသည်။

အကယ်၍ မျက်ခုံးဖြူပေါင်စုကသာ ဒေါသထွက်ပြီး တိုက်ခိုက်

www.burmeseclassic.com

www.burmeseclassic.com



လျှင် သူ မုချ ဒုက္ခရောက်ပေလိမ့်မည်။

သို့သော်.....

ဒုက္ခများ မပြီးဆုံးသေးချိန်ဖြစ်၍ မျက်ခုံးဖြူပေါင်စုသည် ရန်မလုပ်ဘဲ မျက်တောင့်နီကြီးဖြင့် စောင့်ကြည့်နေလေ၏။

ရှုံးပွဲမ်ရှုန့်က ဆက်ပြောသည်။

"ကျုပ်တို့ အခု လောလောဆယ် ရှိနေတာက ထန်းလုံးသိုင်းအဖွဲ့ရယ်၊ ယင့်မာချွန်းသိုင်းအဖွဲ့ရယ်၊ ကျုပ်တို့ ဖိန့်တုန်း အာမခံပို့ဆောင်ရေးအဖွဲ့ရယ် စုစုပေါင်း သုံးဖွဲ့ ရှိနေပါတယ်"

ထိုစဉ်.....

"ဟော့.....ငါ့ကိုတော့ ဘယ်ချောင် ထိုးထားမှာလဲကွ"

မျက်ခုံးဖြူပေါင်စု၏ လေသံက တောင်ကလပ်ထိပ်၌ ပဲ့တင်ထပ်သွားသည်။

"ခင်ဗျားလဲ ပါတာပေါ့ဗျ၊ ဒါပေမယ့် ကျုပ်တို့ထဲမှာ ခင်ဗျားက သိုင်းပညာအကောင်းဆုံးဆိုတော့ ခင်ဗျားကို ထည့်မတွက်ဘဲ ထားရတာပေါ့"

"ကောင်းကွာ၊ ဆိုစမ်းပါဦး။ မင်း အစီအစဉ်ကို"

"ကျုပ်တို့ သုံးဖွဲ့ရှိတဲ့အနက် တစ်ယောက်စီ တစ်ယောက်စီ အလှည့်ကျ ဆင်းသက်ကြမယ်၊ အပေါ်မှာ တစ်ယောက်ကိုတစ်ယောက် ကြပ်မတ်စောင့်ဆိုင်းကြမယ်၊ အောက်ရောက်တဲ့လူတွေကလဲ တစ်ယောက်ကိုတစ်ယောက် ကြပ်မတ်စောင့်ဆိုင်းနေရမယ်၊ ကဲ.....ဘယ်သူက ဘယ်သူ့ကို လုပ်ကြံရဲတော့မှာလဲ"



"အား.....ဟုတ်တယ်၊ ဒီအကြံ ကောင်းတယ်"

ယင့်ကြည်က အပြည့်အဝ ထောက်ခံလေ၏။

ထိုအခါ.....

ထန်းလုံအဖွဲ့မှ ယွမ်စစ်ကျိုးက မျက်ခုံးဖြူပေါင်စုရှေ့၌ သူ၏ ကြီးမားသောလက်ဝါးကြီးကို ဖြန့်လိုက်သည်။

မျက်ခုံးဖြူပေါင်စု၏ ဖြူဖွေးသောမျက်ခုံးကြီးများသည် အပေါ်သို့ တွန့်တက်သွားသည်။

"ဒါက ဘာသဘောလဲကွ"

ယွမ်စစ်ကျိုးက.....

"ဘာဘာသဘောမှ မဟုတ်ဘူး။ ကျုပ်တို့ ထန်းလုံအဖွဲ့က အစဉ်အဆက် သိမ်းဆည်းခဲ့တဲ့ သံသေတ္တာကို ပြမှုတောင်း တဲ့သဘောပါပဲ၊ ကဲ.....ကျုပ်တို့သံသေတ္တာ ပြန်ပေးပါတော့ဗျာ"

သိုင်းသမားများသည် အသက်အန္တရာယ်အတွက် စိုးရိမ်ထိတ်လန့်နေရသည့်ဘဝက ကျော်လွှန်လာပြီဖြစ်၍ သံသေတ္တာ၌ ပြန်လည် တပ်မက်စိတ် ဝင်လာကြပြီဖြစ်သည်။

ထို့ပြင်.....

ဤသံသေတ္တာကို သိုင်းသမားများ အစဉ်အဆက် မပျောက်မပျက် သိမ်းဆည်းခဲ့ကြသည် ဟူသော အသိဖြင့် မက်မက်မောမော ယူယက်ခဲ့ကြခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဓားတစ်ချောင်း တွေ့ရှိကြသော်လည်း သာမန် ဓားကော
တစ်လက်အဖြစ်သာ ထင်မှတ်ခဲ့ကြသည်။

သိပ်တန်ဖိုးရှိမည့်ပစ္စည်းဟု မယူဆခဲ့ကြပေ။

ယခုသော်.....

ဤဓားသည် ကေရာဇ်ကြီး လီချွမ့်ဝှမ်၏ လက်သုံးတော်
ဖြစ်ကြောင်းကိုလည်း သိရှိခဲ့ကြရပြီ။

ဤဓား၌ အရေးပါသော ရတနာမြေပုံလည်း ရှိနေကြော
သိခဲ့ကြရပြီ။

အဘယ်မှာလျှင် ဤဓားကို မပက်မောဘဲ ရှိကြရပေအံ့
မည်နည်း။

❦ ❦ ❦

---



အခန်း (၂၄)

## ကြောက်လန့်နေသော ယုန်သူငယ်

မြေပုံမှ ရရှိမည့် ရတနာများသည် နည်းနည်းနောနော
ရတနာများ ဖြစ်လိမ့်မည်ကား မဟုတ်၊ တောင်ပုံရာပုံ အဖိုးအနဂ္ဃ
ထိုက်တန်သော ရတနာများသာ ဖြစ်လိမ့်မည်။

ထိုရတနာများရှိသည့်နေရာကို ညွှန်ပြမည့် မြေပုံအညွှန်းသည်
ကေရာဇ်ကြီးလီချွမ့်ဝှမ်၏ သမိုင်းဝင်ဓားထဲ၌ ရှိနေပြီဖြစ်၍ ယခုအချိန်၌
ဤဓားနှင့် ဤသံသေတ္တာသည်သာ အဖိုးအတန်ဆုံး၊ တန်ဖိုးအရှိဆုံး
ဖြစ်ခဲ့နေပေပြီ။

ပေါင်စုသည် သိုင်းသမားအားလုံးကို ထိမထင်သောရယ်သံဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ရယ်လေတော့၏။

သူ၏ သိုင်းပညာကလည်း ထိုလူအားလုံးထက် အဆမတ[ော]သာလွန်နေသည်ကိုး။

"ငါ မေးစမ်းပါရစေကွ၊ ဒီလက်သုံးတော်ဓားဟာ မင်းတ[ို့]ထန်းလုံသိုင်းအဖွဲ့ရဲ့ ကိုယ်ပိုင်ပစ္စည်းလားကွ"

ယွမ်စစ်ကျုံးမှာ ဘာပြန်ဖြေရမှန်းမသိ ဖြစ်သွား၏။

စင်စစ် ဤလက်သုံးတော်ဓားမှာ ထန်းလုံသိုင်းအဖွဲ့၏ ကိုယ်ပိ[ုင်]ပစ္စည်း မဟုတ်ပေ။

"မင်းတို့ကိုယ်ပိုင်ပစ္စည်း မဟုတ်ဘဲနဲ့ ဒီလက်သုံးတော်ဓား[ကို]အပိုင်စီးချင်လို့ ရမလားကွ၊ မင်းတို့ တာဝန်ယူ သိမ်းဆည်းခဲ့ရတ[ဲ့]အချိန်အတော်ကြာပါပြီကွာ၊ ဒီနောက်ပိုင်း ငါကပဲ တာဝန်ယူ ထိန်းသိ[မ်း]ပေးပါတော့မယ်"

မျက်ခုံးဖြူပေါင်စု၏ အပိုင်စီးသောစကားလုံးများသည် ယွမ်[စစ်]ကျုံး၏နားထဲသို့ လုံချွန်များပမာ တိုးဝင်သွားသည်။

သူသာမက ယင်ကြည်၊ ချောင်ယွင်ချီနှင့် ကျိုးယွင်ကန်[တ]ို့သည်လည်း ထိတ်လန့်သွားသည်။

ထို့ကြောင့် သံသေတ္တာအား အဆုံးအရှုံး မခံနိုင်သည့်စိတ်ဓာတ်က သူတို့၏ခြေထောက်များကို ရှေ့သို့ တိုးလာစေတော့၏။

"ဟားဟားဟား.....မင်းတို့က ငါ့ကို တိုက်ခိုက်ကြမယ်ပေ[ါ့]ဟုတ်လား။ ဟားဟားဟား.....ရယ်ချင်သကွာ၊ မင်းတို့ပညာ ဘ[ယ်]



လောက်များ ရှိနေလို့ ဒီစိတ်ကူးစိတ်သန်း ပေါ်လာရတာလဲ၊ မတူရင် မတုနဲ့ကွ၊ ဟားဟားဟား....."

မျက်ခုံးဖြူပေါင်စု၏ စော်ကားလှသည့်စကားများကို ကြားလိုက်ရသောအခါ ယွမ်စစ်ကျုံး၏တစ်ကိုယ်လုံး တုန်တက်လာသည်။

ပေါင်စုကို အပိုင်းပိုင်းအပြတ်ပြတ် ခုတ်ဖြတ်ပစ်ချင်သည့်စိတ်များ တဟုန်းဟုန်း ထလာသည်။

သို့သော် ဦးနှောက်ကမူ ပေါင်စုအား လက်ဖျားနှင့်ပင် သွား၍ မတို့လေနှင့်ဟု သတိပေးနေလေ၏။

ထို့ကြောင့် ယွမ်စစ်ကျုံးမှာ ဒေါသ ထွက်ပင်ထွက်ငြားသော်လည်း ပေါင်စု၏လက်ထဲမှ သံသေတ္တာကို မလုယူရဲဘဲ ရှိရလေ၏။

သို့သော် သူ၏မျက်လုံးများကမူ ညအချိန်၌ မြင်ရသည့် သားရဲတစ်ကောင်၏ မျက်လုံးများကဲ့သို့ ဝင်းဝင်းတောက်လျက် ရှိနေလေ၏။

သူ့နည်းတူပင် မျက်ခုံးဖြူပေါင်စု၏မျက်လုံးများကလည်း အရောင်တောက်လျက် ရှိနေသည်။

ပေါင်စု၏ မျက်လုံးအရောင်တောက်ပုံမှာ ဒေါသကြောင့် မဟုတ်ပေ။

သူ၏ အတွင်းအား မည်မျှကောင်းသည်ကို ဖော်ပြနေသည့် တောက်ပခြင်းမျိုးသာဖြစ်သည်။

ယွမ်စစ်ကျုံးမှာ နောက်သို့ပင် ခြေတစ်လှမ်း ဆုတ်သွားမိ

www.burmeseclassic.com

www.burmeseclassic.com



လေ၏။

ငြိမ်သက်စွာ ရန်စောင်နေကြသဖြင့် နှင်းများ ဖုံးအုပ်နေသည့် တောင်ကလပ်ထိပ်မှာ လုံးဝ တိတ်ဆိတ်ငြိမ်သက်သွားတော့လေသည်။

ထိုစဉ်.....

''သခင်မလေး၊ လာကြည့်စမ်းပါဦး၊ တောင်အောက်က တက်လာတာ ဘယ်သူများလဲလို့''

ငြိမ်သက်စွာ ရန်စောင်နေသူများသည် ထိုအသံကြောင့် အလန့်တကြား ဖြစ်သွားကြလေ၏။

သူတို့အားလုံး တောင်ကျလပ်နှုတ်ခမ်းစွန်းသို့ ပြေးကြည့်ကြလေတော့သည်။

သူတို့ချည်နှောင်ထားသည့် ကြိုးစကို တွယ်လျက် လူတစ်ယောက် တက်လာနေသည်ကို သေးသေးကွေးကွေးကလေး မြင်နေရလေသည်။

ခပ်ဖြူဖြူကလေး တွေ့ရသဖြင့် ထိုလူသည် ဝတ်ရုံဖြူ ဝတ်ဆင်ထားနိုင်ကြောင်း တွေးဆမိကြသည်။

ထိုလူ တွယ်တက်လာပုံမှာ လွန်စွာပင် လျင်မြန်ဖျတ်လတ်ရလေသည်။

ဤမျှ မြင့်မားသောတောင်ထိပ်သို့ တော်ရုံတန်ရုံ သိုင်းပညာဖြင့် တက်လာနိုင်မည် မဟုတ်ကြောင်း အားလုံးက သိရှိကြသည်။

သာမန်လူတစ်ယောက်သည် တောင်တစ်ဝက်သို့ မရောက်မီပင်



အမောဆို့ လက်ပန်းကျပြီး ပြုတ်ကျ သေဆုံးသွားနိုင်ပေသည်။

ထန်ချင်ဝင်းက မြောင်ယိုလန်အား ရုတ်တရက် မေးမြန်းလိုက်၏။

''ညီမလေး.....အခု တက်လာတဲ့လူဟာ ညီမလေးရဲ့ဖေဖေ များလား ...''

မြောင်ယိုလန်က ခေါင်းကို ခပ်သွက်သွက်ခါယမ်းပြီး ပြန်ဖြေ၏။

''မဟုတ်ဘူးရှင်၊ ကျွန်မဖေဖေ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး''

''စောစောကပဲ ညီမလေး ပြောတယ် မဟုတ်လား။ တောင်ခြေမှာ ညီမလေးရဲ့ဖေဖေ ရောက်နေပြီဆို''

''ဒါက.....တောင်ထိပ်ပေါ်ကို ငွေမျိုင်းဖြူနဲ့ ကြိုးတစ်ချောင်း ပါလာလို့ ပြောတာပါ။ ကျွန်မဖေဖေဟာ ဘယ်တုန်းကမှ ဝတ်ရုံဖြူ ဝတ်လေ့ မရှိဘူးရှင်၊ သူဟာ အဖြူရောင်ကို မနှစ်သက်ဘူး။ ဒါကြောင့်မို့ အခု တက်လာတဲ့လူဟာ ဖေဖေ မဖြစ်နိုင်ဘူးလို့ ပြောတာပါ''

သူတို့ စကားပြောနေစဉ် အောက်မှ တွယ်တက်လာသည့် သူသည် အတော်ကလေး နီးလာသည်။

သို့သော် လူလုံး သဲကွဲရုံမျှသာ ရှိပေသေးသည်။

ဘဏ္ဍာစိုးကြီးယီက လှမ်း၍ အော်လိုက်၏။

''ဗျို့.....အဆွေတော်၊ ခင်ဗျား ဘယ်သူလဲဗျ။ ကျုပ်တို့ ကြားသိပါရစေ''

ထိုအခါ တွယ်တက်လာသူထံမှ ဟစ်၍ဟစ်၍ ရယ်မော

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည့်အသံသည် တောင်ထိပ်သို့ ကျယ်လောင်ပြည့်ဟည်းစွာ လွင့်ပျံလာသည်။

တောင်ထိပ်တစ်ခုလုံး ရယ်သံဖြင့် ပြည့်နှက်နေသကဲ့သို့ ထင်မှတ်ရတော့သည်။

ယွမ်စစ်ကျိုးသည် အောက်ဘက်မှ တက်လာသူကို ကြည့်မနေတော့ပေ။

မျက်ခုံးဖြူပေါင်စုဏ်လက်ထဲမှ သံသေတ္တာကိုသာ ကြည့်နေတော့သည်။

မျက်ခုံးဖြူပေါင်စုသည် ယွမ်စစ်ကျိုး ဂရုစိုက်နေသည်ကို သတိမပြုမိပေ။

တောင်အောက်မှ တက်လာသူထံသို့ အာရုံရောက်နေသည်။

ယွမ်စစ်ကျိုးသည် ချောင်ယွင်ချီ၏ တံတောင်ဆစ်ကို လက်ဖြင့် အသာလှမ်းတို့လိုက်၏။

ချောင်ယွင်ချီက လှမ်းကြည့်သည်။

ယွမ်စစ်ကျိုးက ပေါင်စုအား မေးငေါ့ပြပြီး ပခုံးဖြင့် တိုက်ချဟန် လုပ်ပြသည်။

ချောင်ယွင်ချီသည် ချက်ချင်း သဘောပေါက်သွား၏။ သူ့စိတ်ထဲ၌လည်း လွန်စွာကျေနပ်သွားသည်။

"ငါ့အဖွဲ့တူဦးလေးကတော့ ငါ့ကို တာဝန်ပေးနေပြီ၊ သူ့ကို ပခုံးနဲ့တိုက်ချရင် ဒီလူယုတ်မာကြီး ဘယ်လိုမှ ကာကွယ်နိုင်မှာ မဟုတ်ဘူး။



သူ့သိုင်းပညာဘယ်လောက်ကောင်းကောင်း ဒီလောက်မြင့်တဲ့ တောင်ထိပ်ကနေ မြေပြင်ပေါ်ကို ဘယ်လိုမှ ကြောင်ကျ ကျနိုင်မှာ မဟုတ်ဘူး။ ဒီအသူရာချောက်ကြီးထဲကျလို့မှ အရိုးတစ်ခြား အသားတစ်ခြား မဖြစ်ဘူးဆိုရင် သူဟာ နတ်ဒေဝါတစ်ပါးပါးပဲ ဖြစ်ရမယ်"

ချောင်ယွင်ချီသည် စိတ်ထဲမှ ကြိတ်၍ ပြောနေ၏။

သံသေတ္တာကို ရှာဖွေမည့်ကိစ္စသည် လွယ်မည်မဟုတ်မှန်း သိသည်။

သို့ရာတွင်.....

မျက်ခုံးဖြူပေါင်စု၏လက်ထဲ ပါသွားသည်နှင့်စာလျှင်မူ တောင်ခြေ၌ ပြန်ရှာရသည်က လွယ်ဦးမည်ဟု ချောင်ယွင်ချီ ယူဆသည်။

ချောင်ယွင်ချီနှင့် ယွမ်စစ်ကျိုးတို့သည် တစ်ယောက်နှင့် တစ်ယောက် အချက်ပေးပြီး မျက်ခုံးဖြူပေါင်စု၏ နောက်ကျောဆီသို့ တပြိုင်နက် ခုန်ဝင်လိုက်ကြတော့သည်။

အထူးသဖြင့် ချောင်ယွင်ချီက ပေါင်စု၏ပခုံးကို တိုက်ချရန် ကြိုးစားလိုက်သည်။

ပေါင်စုသည် တောင်၏အောက်ခြေမှ တက်လာသူကိုသာ အာရုံစိုက်နေသဖြင့် သူ့နောက်မှ တိုက်ခိုက်လာသူများကို လုံးဝ သတိမပြုမိဘဲ ရှိသည်။

သူ့နောက်ကျောမှ လေတိုးသံကြားလိုက်ရသည့်အခါ သူ့အား နောက်ကျောမှ ချောင်းမြောင်း လုပ်ကြံကြပြီကို သိရှိလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့တစ်သက်တာ၌ ဤကဲ့သို့ ထိတ်လန့်ရသည့် အချိန်မျိုး မရှိခဲ့ပေ။

စစ်စစ်ပေါက်ပေါက်ပြောရလျှင် လွန်ခဲ့သည့် နှစ်ဆယ့်ရှစ်နှစ်က သူချောင်းမြောင်း နားထောင်နေခိုက် မြောင်ရင်ဖုန့်က သူ့အား ရိုက်နှက်ခဲ့သည့်တစ်ချိန်သာလျှင် ဤကဲ့သို့ ထိတ်လန့်ခဲ့ဖူးသည်။

သူသည် တစ်ကြိမ်တစ်ခါမျှ အသုံးမပြုခဲ့ဖူးသည့် 'သံဘောင်ထိုးသိုင်းကွက်' ကို အသုံးပြုလျက် ခန္ဓာကိုယ်ကို လှဲချလိုက်ရသည်။

သာမန်အားဖြင့် လှဲချလိုက်ရသည်ဆိုသော်လည်း ပေါင်စုဆောင်ရွက်ရသည့်အမှုမှာ မလွယ်လှချေ။

သူ့ခြေထောက်များကို တောင်နှုတ်ခမ်းစွန်း၌ သံမယ်နဖြင့် ရိုက်တွယ်ထားသကဲ့သို့ အတွင်းအား စိုက်ထုတ်ထားရပြီး လေထဲ၌ ဝဲကျသွားသည့် ခန္ဓာကိုယ်အား လွင့်စဉ်ထွက်မသွားအောင် အနီးရှိကြိုးကြီးကို လက်တစ်ဘက်ဖြင့် ဖမ်းတွယ်လိုက်ရသည်။

ကျန်လက်တစ်ဘက်ကလည်း သံသေတ္တာကို ပိုက်ထားရသေးသည်။

ထိုသိုင်းကွက်ကား အသက်ကယ်သိုင်းကွက်တည်း။

နောက်မှ ပြေးဝင်တိုက်ခိုက်သူနှစ်ဦးအနက် အောက်ခြေကို တိုက်ခိုက်ရန် ကြိုးစားသည့် ယွမ်စစ်ကျိုးသည် သူ၏အတွေ့အကြုံရင့်ကျက်မှုအရ သူတို့ ဒုက္ခရောက်တော့မည်ကို ချက်ချင်း ရိပ်မိလိုက်သည်။

---



ထို့ကြောင့်.....

သူ့ခန္ဓာကိုယ်ကို လှဲချပစ်လိုက်ပြီး အရှိန်သတ်လိုက်၏။

ချောင်ပွင်ချီမှုကား.....

ချောင်ပွင်ချီသည် အခြေအနေအရ ထန်းလုံပေကျိုးအဖွဲ့၏ ခေါင်းဆောင်ချုပ်ဖြစ်နေသော်လည်း ယွမ်စစ်ကျိုးကဲ့သို့ အတွေ့အကြုံရော သိုင်းပညာပါ မြင့်မားထက်မြက်ခြင်း မရှိပါချေ။

သူသည် သူ့အရှိန်ကို လုံးဝမသတ်နိုင်ခဲ့ချေ။ အသံနက်ကြီးဖြင့် အားခနဲအော်ရင်း လေဟာနယ်ထဲသို့ ပျံဝဲကျသွားပါလေတော့သည်။

မျက်ခုံးဖြူပေါင်စုကား ဤလူသိုက်ထဲ၌ သိုင်းပညာ အထက်မြက်ဆုံး အမြင့်မားဆုံးဖြစ်သည်နှင့်အညီ သူ့ရန်သူများ လျှပ်တစ်ပြက် အချိန်အတွင်း ရှုံးနိမ့်သွားပြီဖြစ်ကြောင်း ရိပ်မိလိုက်လေသည်။

ခြေထောက်အားနှင့် လက်အားကို အသုံးပြုလျက် တောင်ကလပ် နှုတ်ခမ်းစွန်း၌ ရပ်ကာ 'ဘုရား ဘုရား' ဟု တတွတ်တွတ် ရေရွတ်ကာ သံဝေဂ ပွားများနေတော့၏။

သူတကယ် သံဝေဂ ပွား၊ မပွားကိုမူကား သူ့အတွင်းစိတ်ထဲသို့ ဝင်မကြည့်နိုင်သဖြင့် မည်သူမျှ မသိနိုင်ကြပေ။

ချောင်ပွင်ချီ ထိုးကျသွားသည်နှင့် တပြိုင်နက် တောင်ကလပ်ထိပ်၌ အော်သံများ ဆူညံသွားတော့၏။

ထန်ချင်ဝင်းမှာ အရုပ်ကြိုးပြတ်လဲကျသွားကာ ရုတ်တရက် သတိလစ်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထောင်ကြည့်အန်းသည် ထန်းချင်ဝင်း ဘေးနား၌ ရှိနေသည် ဖြစ်ရာ သူမကို ချက်ချင်း ပွေ့ပိုက်ပြုစုနေတော့၏။

ချောင်ယွင်ချီ တောင်ထိပ်မှ လွင့်စဉ်ကျလာသည်ကို မြင်လိုက်ရသော တောင်အောက်မှ ကြိုးဖြင့်တွယ်တက်လာသူသည် ကျောက်တောင်ကို ခြေထောက်ဖြင့် ကန်ထုတ်လျက် သူ့ခန္ဓာကိုယ်ကို လေထဲ၌ ဝဲသွားစေလိုက်သည်။

ထိုလူ၏လှုပ်ရှားမှုသည် ချောင်ယွင်ချီ သူ့နားရောက်လာသည့် အချိန်နှင့် အလွန်တရာ ချိန်သားကိုက်လှပေသည်။

သူသည် လက်တစ်ဘက်က ကြိုးကိုဆွဲကိုင်ထားပြီး လွတ်နေသည့် ကျန်လက်တစ်ဘက်ဖြင့် ချောင်ယွင်ချီ၏ ကျောကုန်းကို လှမ်းကုတ်ဆွဲလိုက်သည်။

သို့သော်.....

ချောင်ယွင်ချီသည် ခန္ဓာကိုယ် ကြီးမားထွားကျိုင်းပြီး အလွန်တရာ အလေးချိန်စီးသူဖြစ်သည်။

ထို့ပြင်.....

အမြင့်မှ ကျလာသူဖြစ်ရာ သူကျလာသည့် အရှိန်နှုန်းသည် အတော်လျင်မြန်ပါသည်။

ထို့ကြောင့် ဝတ်ရုံဖြူလူငယ်က ကျောကုန်းကို ဖမ်းဆွဲလိုက်သည့်တိုင်အောင် အရှိန်နှုန်းသည် လုံးဝ ရပ်တန့်ခြင်းမရှိဘဲ ကျောမှအကျီ ပြဲခနဲပြဲသွားကာ ဆက်လက်ထိုးဆင်းသွားပြန်တော့သည်။

❀



ဝတ်စုံဖြူလူငယ်၏ သိုင်းပညာမှာ လက်ဖျားခါလောက်အောင် ကောင်းမွန်လှသည်။

သူကိုင်ထားသည့် ကြိုးစကို လက်မှလျှော့ပေးရင်း ချောင်ယွင်ချီနောက်သို့ ထက်ကြပ်မကွာ လိုက်ပါ ကျဆင်းသွားလေသည်။

နောက်ဆုံး၌ ချောင်ယွင်ချီ၏ခြေဖျားကို ဆုပ်ကိုင် ဖမ်းမိသွားလေသည်။

သို့သော်.....

ချောင်ယွင်ချီကျသည့် အရှိန်နှုန်းမှာ အလွန်တရာ ပြင်းထန်လှသဖြင့် ဝတ်စုံဖြူလူငယ်သည် ချောင်ယွင်ချီနှင့်အတူ လိုက်၍ကျသွားပြန်လေသည်။

လူငယ်သည် တစ်ဘက်မှကြိုးကို ခပ်တင်းတင်း ပြန်ဆုပ်ကိုင်ကာ တဖြည်းဖြည်း အရှိန်သတ်သည်။

တောင်ကလပ်ထိပ်ပေါ်မှ ကြည့်နေသူများ၏ မြင်ကွင်း၌မူ ထိုလူငယ်နှင့် ချောင်ယွင်ချီတို့သည် ယင်ကောင်ကလေးများသဖွယ် သေးငယ်သွားပြီး နောက်ဆုံး မြင်ကွင်းမှ လုံးဝ ပျောက်ကွယ်သွားလေတော့သည်။

လူငယ်သည် ကြိုးကို တင်းတင်းဆုပ်လိုက်သဖြင့် လေထဲ၌ ဝဲမျှမနေတော့ဘဲ ကြိုးနှင့်အတူ တောင်နံရံဘေးသို့ တဖြည်းဖြည်းကပ်လာသည်။

သူသည် တစ်ဘက်မှ ချောင်ယွင်ချီကို ပေးမရင်း တောင်နံရံကို

❀

www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်ဖြင့် ကန်ထား၏။

လူငယ်၏ ကိုယ်ဖော့ပညာစွမ်း ကောင်းမွန်လှသဖြင့် နောက်ဆုံး၌ မြေပြင်သို့ ဘေးမသီ ရန်မခ ရောက်ရှိသွားကြရသည်။

ချောင်ယွင်ချီမှာ သူ့တစ်သက်တာ၌ သည်းအူပြောင်းပြန် လှန်ဖွယ်ရာ အဖြစ်အပျက်ကြီးကို အသက်နှင့်ရင်း၍ ကြုံတွေ့လိုက်ရခြင်းပင် ဖြစ်တော့သည်။

သူတစ်ပါးအား တိတ်တခိုး လုပ်ကြံခြင်း၏ ခါးသီးဖွယ်ရာ အကျိုးဆက်ကို ကြုံတွေ့ရခြင်းဖြစ်သည်ဟု တစ်နည်းအားဖြင့် ဆိုနိုင်သည်။

ချောင်ယွင်ချီသည် သာမန် သိုင်းသမားတစ်ယောက် မဟုတ်ချေ။ အဆင့်မြင့်သိုင်းပညာတတ်ထားပြီး ထန်းလုံပေကျုံးသိုင်းအဖွဲ့ကြီး၏ ခေါင်းဆောင်ချုပ်ကြီး တာဝန်ကို ယူထားသူဖြစ်သည်။

ယင်ကြည့်တို့ ယွမ်စစ်ကျုံးတို့လောက် သိုင်းပညာ အတွေ့အကြုံ မကြွယ်ဝသေးသော်လည်း သူ့အိုးနှင့်သူ့ဆန် တန်ရုံတော့ အဆင့်ရှိသူ ဖြစ်သည်။

သို့သော်.....

သေလုနီးပါး ဖြစ်ပျက်ခဲ့ရခြင်းက သူ့အား အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားစေခဲ့၏။

လူငယ်သည် တုန်တုန်ရင်ရင်ဖြစ်နေသည့် ချောင်ယွင်ချီ၏ ကျောပြင်ကို အသာအယာပုတ်ကာ.....

❀



"မိတ်ဆွေ၊ ဘာတွေငေးနေတာလဲ၊ ခင်ဗျား သေဘေးက လွတ်သွားပြီဗျ၊ တောင်ထိပ်မှာ ခင်ဗျား မိတ်ဆွေတွေ စောင့်နေလိမ့်မယ်၊ မြန်မြန်တက်တော့လေဗျာ"

ချောင်ယွင်ချီသည် သူ့အသက်ကို ကယ်တင်သည့် အသက်သခင် ကျေးဇူးရှင်၏ ရုပ်သွင်ကိုပင် သေချာစွာ စေ့စေ့ငုခြင်းမရှိတော့ဘဲ ခေါင်းတစ်ချက်ညိတ်ကာ ကြိုးစကို ဆွဲကိုင်လျက် တောင်ထိပ်သို့ လျင်မြန်စွာ တက်လေတော့၏။

တောင်ကလပ်ထိပ်မှလူများသည် အင်္ကျီဖြူဝတ်ဆင်ထားသည့် လူ၏စွန့်စားခန်းကို ရင်သပ်ရှုမော ငေးကြည့်နေမိကြလေ၏။

မည်သူမျှ စကားမပြောနိုင်ကြတော့ပေ။

အင်္ကျီဖြူဝတ်ထားသည့် လူသည် လူငယ်လော၊ လူရွယ်လော၊ အဘိုးကြီးလော ဆိုသည့်အချက်ကို တောင်ကလပ်ထိပ်မှ လူများ ခန့်မှန်း၍ မရခဲ့ကြချေ။

ထိုလူသည် သူတို့အားလုံး သဲကွဲပီပြင်စွာ တွေ့ရှိနိုင်သည့် နေရာအထိ ရောက်မလာခဲ့သောကြောင့်ဖြစ်ပါသည်။

ထန့်ချင်ဝင်းမှာမူ သတိလစ်နေသဖြင့် အင်္ကျီဖြူဝတ်ဆင်ထားသည့် လူ၏စွန့်စားခန်းကို လုံးဝ မတွေ့မြင်ခဲ့ရချေ။

တောင်ကလပ်ထိပ်မှ လူများသည် တောင်ကလပ် နှုတ်ခမ်းစွန်း အသီးသီး၌ ဒူးထောက်ထိုင်ကာ တောင်ခြေသို့ စိုးရိမ်ကြီးစွာ စောင့်ကြည့်နေကြသည်။

❀

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ကြည့်နေစဉ်မှာပင် တလှုပ်လှုပ်ဖြင့် တစ်စုံတစ်ရာ တက်လာနေကြောင်း သိရှိလာကြရတော့၏။

မကြာမီ ယင်ကောင်တစ်ကောင်၏ ပမာဏမျှရှိသော တစ်စုံ တစ်ခုကို မြင်လာကြ၏။

ထို့နောက်.....

ထိုတစ်စုံတစ်ခုသည် လူတစ်ယောက်ဖြစ်ကြောင်း သိလာကြရ ပေတော့၏။

အသည်းတထိတ်ထိတ် ရင်တဖိုဖို စောင့်ကြည့်နေသဲမှာပင် ထိုလူသည် တောင်ကလပ်ထိပ်ပေါ်မှ ကျသွားသည့် ချောင်ယွင်ချိုဖြစ် ကြောင်း အံ့သြဖွယ်ရာ တွေ့မြင်လာကြရသည်။

"ဟေး"

ယင်ကြည်၊ ယွမ်စစ်ကျုံးနှင့် ကျိုးယွင်ကန်တို့သည် ဝမ်းသာ အားရ ဟစ်အော်ကြွေးကြော်လိုက်ကြလေသည်။

သူတို့လူသည် သေရွာမှပြန်ခဲ့ပြီ မဟုတ်ပါလော။

သူတို့သည် ဝတ်စုံဖြူဝတ်ဆင်ထားသည့် ကယ်တင်ရှင်အား ကျိတ်၍ ကျေးဇူးတင်လိုက်ကြသည်။

တောင်ကလပ်ထိပ်နားသို့ ရောက်ရှိလာသောအခါ ယွမ်စစ်ကျုံး သည် သူ၏အဖွဲ့တူ တူတော်မောင်အား လှမ်းယူဆွဲတင်လိုက်သည်။

ချောင်ယွင်ချိုသည် မောဟိုက်စွာဖြင့် တောင်ကလပ်ထိပ် မြေပြင်သို့ အောင်မြင်စွာ ရောက်ရှိလာလေတော့၏။

❀



"ချောင်ယွင်ချို မင်းကို ကယ်တင်လိုက်တဲ့ ဝတ်စုံဖြူနဲ့လူဟာ ဘယ်သူလဲ"

"လူစိမ်းဟာ ဘယ်သူလဲ"

"အဖြူရောင်အင်္ကျီဝတ်ထားတဲ့ ဧည့်သည်ဟာ ဘယ်သူလဲ"

"သူ ဘယ်သူလဲ"

"ဒီလူ ဘယ်သူလဲ"

ချောင်ယွင်ချို၏နားထဲသို့ မြောက်မြားစွာသော မေးခွန်းများ သည် ဆူညံစွာဖြင့် တိုးဝင်သွားလေ၏။

ချောင်ယွင်ချိုက 'နေကြပါဦး'ဟူသော အမှတ်အသားဖြင့် လက် ကာပြလိုက်သည်။

သူသည် မောဟိုက်နေသဖြင့် ရုတ်တရက် စကားမပြောနိုင်ချေ။

ယွမ်စစ်ကျုံးက ချောင်ယွင်ချို၏ ရင်ဝကို လက်ဖြင့်ဖြည်းညင်းစွာ ထောက်ပေးပြီး ခပ်တိုးတိုး ထပ်မေးလိုက်၏။

"ချောင်ယွင်ချို သူ ဘယ်သူလဲ"

ချောင်ယွင်ချိုသည် ယွမ်စစ်ကျုံးကို မျက်လုံးလှန်ကြည့်လိုက်ပြီး–

"ဟုတ်တယ်၊ ဒီလူက ကျွန်တော့်အသက်ကို ကယ်လိုက်ပါတယ်၊ ကျွန်တော့်ကို တောင်ပေါ်ပြန်တက်နိုင်းလိုက်ပါတယ်"

"မင်းကို ငါမေးနေတာက သူ ဘယ်သူလဲဆိုတဲ့ မေးခွန်းကွ"

"ပြောပါ့မယ်၊ သူ့က ကျွန်တော့်ကျောကို အသာအယာပုတ်ပြီး တောင်ပေါ်ပြန်တက်နိုင်းပါတယ်၊ နှင်းတောင်မြေခွေး ရှိစန်းဟူဖေး

❀

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာပြီဆိုတဲ့အကြောင်း တက်ပြောလိုက်ပါလို့ ကျွန်တော့်ကို မှာကြားလိုက်ပါတယ်ခင်ဗျာ''

''ဘာ.....ရှိစန်းဟူဖေး ဟုတ်လား''

''ရှိစန်းဟူဖေး''

''ရှိစန်းဟူဖေး''

''ရှိစန်းဟူဖေး''

အလန့်တကြားအော်လိုက်သည့် အာမေဋိတ်သံများသည် တောင်ထိပ်၌ ပဲ့တင်ထပ်သွားလေတော့၏။

ထို့နောက်.....

ထောင်ပိုင်ချွေ၊ ရှုံးယွမ်ရှန့်နှင့် လိုယွမ်ဟို့တို့သည် ခန်းမဆောင်ကြီးရှိရာ အိမ်ကြီးဆီသို့ အလုအယက် ထွက်ပြေးသွားကြလေ၏။

သူတို့နောက်မှ မျက်ခုံးဖြူပေါင်စု ပြေးလိုက်သွားသည်။

မျက်ခုံးဖြူပေါင်စုနောက်မှ တောင်ကာလပ်ရှိ အစေခံများက တဝုန်းဝုန်းဖြင့် ပြေးလိုက်သွားတော့သည်။

ဘဏ္ဍာစိုးကြီးယီကမူ ထိပ်သီးသိုင်းသမားများလောက် ကြောက်ရွံ့ခြင်း မရှိခဲ့ချေ။

သူသည် မြောင်ယိုလန်အား အခြေအရုံမလေး ခင်နှင့်အတူ ဖေးမကူတွဲ၍ ခန်းမဆောင်ရှိရာသို့ လျှောက်သွားလေ၏။

တောင်ကာလပ်နှုတ်ခမ်းစွန်း၌ ကျန်ရစ်ခဲ့သူဆို၍ အနည်းငယ်သာ ရှိတော့သည်။



ထောင်ကြည်အန်းနှင့် ချောင်ယွင်ချီတို့သည် ထန်ချင်ဝင်းအား ယူသယ်မည် ငါသယ်မည် ဟူ၍ အငြင်းပွားနေကြ၏။

ယွမ်စစ်ကျုံးနှင့် ယင်ကြည်တို့က ထောင်ကြည်အန်းကို မျက်မှောင်ကြုတ်၍ ကြည့်သည်။

ထောင်ကြည်အန်းသည် သူ့အနေဖြင့် ထန်ချင်ဝင်းအား ကကယ်တမ်း တရားဝင်ပတ်သက်ခြင်း မရှိသေးကြောင်း သတိရမိသဖြင့် အသာ ကိုယ်ရှိန်သတ်၍ နောက်ဆုတ်သွားသည်။

ချောင်ယွင်ချီက ထန်ချင်ဝင်းအား ချီပိုး၍ ခန်းမဆောင်ကြီးရှိရာသို့ လျှောက်သွားသည်။

သူတို့ ခန်းမဆောင် တံခါးဝသို့ ရောက်သောအခါ ထောင်ပိုင်ချွေက မြန်မြန်ဝင်ရန် လက်ဖြင့်အချက်ပြသည်။ လူအားလုံး စုံသည်နှင့် ခန်းမဆောင်၏ ကြီးမားလှသောတံခါးကြီးကို ပိတ်လိုက်တော့သည်။

ယင်ကြည်နှင့် ယွမ်စစ်ကျုံးတို့က ကြီးမားရှည်လျားသော မင်းတုပ်ကြီးကို ယူလာပြီး တံခါးမကြီးကို ကန့်လန့်ဖြတ် ပိတ်ဆို့လိုက်ကြသည်။

ထိုအချိန်ကျမှ ထန်ချင်ဝင်းသည် ပြန်လည်သတိရလာတော့သည်။

ချောင်ယွင်ချီက သူ၏အဖြစ်သနစ်များကို ပြန်ပြောင်းပြောပြနေ၏။

ချောင်ယွင်ချီ၏စကားဆုံးသောအခါ ထန်ချင်ဝင်းက ပြန်လည်၍

www.burmeseclassic.com

www.burmeseclassic.com



၍မေးခွန်းထုတ်လိုက်လေ၏။

"နေစမ်းပါဦးရှင်၊ ကျွန်မ မသိလို့ မေးစမ်းပါရစေ၊ စော
တုန်းက ကျွန်မတို့အားလုံး တောင်ကလပ် နတ်ခမ်းစွန်းမှာ ရှိနေပါတယ်
အခုဘယ်လိုဖြစ်ပြီး ခန်းမကြီးထဲ ပြန်ရောက်နေရတာလဲ"

ချောင်ယွင်ချီက.....

"ဘာဖြစ်လို့လဲဆိုတော့ နှင်းတောင်မြေခွေး ရှိစန်းဟူ
ဒီတောင်ပေါ် တက်လာမယ်ဆိုတဲ့ သတင်းကို ငါက ပြောပြလိုက်လို့

ထန်ချင်ဝင်းက ရုတ်တရက် ထရပ်ရင်း.....

"အောင်မယ်လေးရှင်၊ ဒီနှင်းတောင်မြေခွေးဆိုတဲ့လူ
ဘာကောင်မို့လဲ၊ ကျွန်မတို့နဲ့ ရန်ငြိုးမရှိ ဘာမရှိနဲ့၊ ကျွန်မတို့ကို ဘယ်
ဒုက္ခပေးနိုင်မှာမို့လဲ၊ ဒုက္ခပေးတော့ကော ကျွန်မတို့ လူစုက ကြောက်
လား"

လိုယွမ်ဟိုက ထန်ချင်ဝင်းကို မျက်စောင်းထိုးကာ လှမ်းပြေ
သည်။

"ဟင်း.....စကားကို အရမ်းမပြောနဲ့ မိန်းကလေးရဲ့၊ ဒီတော
ကလပ်က သခင်ကြီးက ရှိစန်းဟူဖေးကို မကြောက်ရွံ့ဘဲနဲ့ မိုးအော
မြေပြင် ပြိုင်ဘက်ကင်း မြောင်ရင်ဖုန့်နဲ့ တခြား သိုင်းအကျော်အမော်
တွေကို သွားပြီး ပင့်ဖိတ်ပါ့မလား မိန်းကလေးရဲ့၊ နောက်ပြီး"

သူသည် ချောင်ယွင်ချီကို မေးငေါ့ပြပြီး.....

"မင်းလူက ဖိန်အာစစ်ကို သွေးအန်လောက်အောင် လက်သီ

❀



ထိုးထားတဲ့ကိစ္စကို မေ့မထားပါနဲ့ဦး။ ရှိစန်းဟူဖေးက ဒီအချက်ကို ကျေနပ်
မယ်ထင်သလား"

မှန်ပါသည်။

သူတို့သည် ချောင်ယွင်ချီက ဖိန်အာစစ်အား လက်သီးဖြင့်
ထိုးထားသည့်အချက်ကို မေ့လျော့ခြင်း မရှိခဲ့ကြပေ။

ထို့ကြောင့်ပင် ဤသို့ ဂရုန်းသုန်းကား ပြေးဝင်လာခဲ့ကြခြင်း
ဖြစ်ပါသည်။

ထောင်ကြည်အန်းက တံခါးမကြီးကို လက်ညှိုးထိုးပြပြီး
သိုင်းသမားအားလုံးကို လှမ်းပြောသည်။

"ကျုပ်တို့ တံခါးမကြီးကို သေသေချာချာ ပိတ်ဆို့ပြီးပြီဗျာ၊
ဒီနှင်းတောင်မြေခွေးက ဘယ်အပေါက်က ဝင်လာဦးမှာလဲဗျ၊ ခင်ဗျားတို့
ဒီလောက်လဲ ကြောက်မနေစမ်းပါနဲ့"

ထိုအခါ ယွမ်စစ်ကျိုးက ခပ်ငေါ့ငေါ့ ပြောလေ၏။

"လုံခြုံပါပေ့ဗျာ၊ လုံခြုံပါပေ့၊ သည့်ထက်လုံခြုံအောင် မောင်ရင်
ကပဲ ခပ်မြင့်မြင့်တစ်နေရာကပဲ ကင်းစောင့်ပေးပါလား။ ရှိစန်းဟူဖေး
လာတဲ့အခါ ကြိုတင်သိမြင်ပြီး ကြိုတင်ကာကွယ်နိုင်အောင်ပေါ့"

"ဟားဟားဟား..... ကျုပ်က ဦးလေးယွမ်စစ်ကျိုးလောက်
သိုင်းပညာ မထက်မြက်ပါဘူးဗျ၊ ဦးလေး ယွမ်စစ်ကျိုး ကင်းစောင့်ပေးရင်
ပိုမကောင်းပေဘူးလား"

ထောင်ကြည်အန်း၏ စကားဆုံးသည်နှင့် တပြိုင်နက် တံခါးမ

❀

www.burmeseclassic.com

www.burmeseclassic.com



ကြီးအား တဝုန်းဝုန်းထုရိုက်သံများ ထွက်ပေါ်လာလေတော့၏။

ခန်းမထဲရှိ သိုင်းသမားကြီးများသည် ကြောင်နံ့ရသော ကြွက်များပမာ တဖြည်းဖြည်း နောက်ဆုတ်သွားကြပြီး အခန်းနံရံများ၌ ကျောကပ် ရပ်နေကြရလေတော့၏။

ယခုအချိန်၌ တဝုန်းဝုန်း လာရောက်ထုရိုက်သူသည် မည်သူနည်း။

ရှိစန်းဟူဖေးကို ကြောက်ရွံ့ကြသဖြင့် ရှိရှိသမျှ လူများသည် ခန်းမကြီးထဲ၌ လာရောက်စုဝေးနေမိကြပြီးပြီ။

သူတို့သည် ခပ်စောစောပိုင်း အတိတ်၏သမိုင်းကြောင်းကို နားထောင်နေစဉ်အခါ သနားစဖွယ် ကလေးငယ်ကလေးကို တွေ့မြင်လိုခဲ့ကြသည်။

ယခု ထိုသနားစဖွယ်ကလေးငယ်ကလေးကို တကယ်တမ်းမြင်ရမည်ဆိုသောအခါ၌ မမြင်ရဲကြတော့ပေ။

ထိုကလေးငယ်သည် ပီဘိကလေးငယ်တစ်ဦး မဟုတ်ရုံမျှမက သိုင်းလောကတစ်ဝန်းလုံးမှ သိုင်းသမားအားလုံးကို စိန်ခေါ်နိုင်သူတစ်ဦး ဖြစ်နေကြောင်း သူတို့ သိနေခြင်းက သူတို့၏ အကြောက်တရားကို ပိုမိုပွားများစေတော့သည်။

ဘဏ္ဍာစိုးကြီးယီသည် ဤလူသိုက်ထဲ၌ သိုင်းပညာအရင့်ကျက်ဆုံးသူဖြစ်သော မျက်နှံးဖြူပေါင်စုအား အကူအညီ တောင်းခံလိုသည်။

ထို့ကြောင့် ပေါင်စုအား လိုက်လံရှာဖွေသောအခါ ခန်းမကြီး၏



နောက်တက်တံခါးပေါက်ကို အားကြီးမာန်တက် ဖွင့်နေသော ပေါင်စုအား တွေ့လိုက်ရသည်။

''ဟာင်''

ဘဏ္ဍာစိုးကြီးယီမှာ စိတ်ပျက်လက်ပျက် ဖြစ်သွားသည်။

တစ်ကိုယ်လုံးမှအင်အားများ လျော့ကျသွားသကဲ့သို့ နွမ်းလျသွားသည်။

သူအကူအညီတောင်းခံလိုသော မျက်နှံးဖြူပေါင်စုသည် ယုန်သူငယ်လေးတစ်ကောင်အလား ကြောက်လန့်နေချေသည်တကား။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၅)
## နှင်းတောင်မြေခွေး

မကြာမီ ခန်းမဆောင်ကြီး၏ နောက်ဘက်မုတ်ခါးသည် ဝုန်းခ ပွင့်သွားပြီး နံရံ၌ ကပ်နေသည့် သိုင်းသမားများသည် အလုအယက် ပြေးထွက်သွားကြပြန်လေ၏။

ထိုလူစုထဲ၌ ရှေ့ဆုံးမှ ပြေးထွက်သွားသူမှာ မျက်ခုံးဖြူ ပေါ် ပင်ဖြစ်တော့သည်။

ကျယ်ဝန်းသော ခန်းမကြီးထဲ၌ ကျန်ရစ်ခဲ့သူများမှာ ဘဏ္ဍာစိုးကြီးယီ၊ မြောင်ယိုလန်၊ ထန်ချင်ဝင်းနှင့် ကျင့်စန်နန်တို့ပင် ဖြစ်သည်။

ဘဏ္ဍာစိုးကြီးယီသည် မြောင်ယိုလန်အနီးသို့ ဖြည်းညင်းစွာ ပြန်လျှောက်လာ၏။

❀



"သခင်မလေး မြောင်ယိုလန်၊ ဟောဒီ အရှေ့ဘက်တံခါးက ထွက်သွားပါ။ သခင်ကြီးရဲ့ မယ်တော်ကြီးနေထိုင်တဲ့အဆောင်အောက်မှာ မြေတိုက်ခန်းတစ်ခု ရှိပါတယ်၊ အဲဒီမြေတိုက်ခန်းမှာ မယ်တော်ကြီးနဲ့အတူ ပုန်းလျှိုးနေပါ။ ဘာဆိုဘာမှ အသံမပြုဖို့ မေတ္တာရပ်ခံလိုပါတယ်ခင်ဗျာ"

မြောင်ယိုလန်မှာ မည်သည့်စကားမျှ မပြောနိုင်ဘဲ ဖြစ်နေရှာတော့သည်။

ဘဏ္ဍာစိုးကြီးယီက တည်ငြိမ်စွာ ပြောကြားပြန်သည်။

"ဟောဒီခန်းမထဲ ရောက်လာတဲ့လူတွေကတော့ ဘုရားရှူးရခေရဲ့ တစ်ယောက်မှ လူကောင်းသူကောင်း မဟုတ်ပါဘူးဗျာ၊ ဒါကြောင့်မို့ စိတ်ကောင်း စေတနာကောင်းရှိတဲ့ သခင်မလေးကိုတော့ အချည်းအနှီး မသေစေချင်ပါဘူး။ ကျုပ်ပြောတဲ့အတိုင်း မယ်တော်ကြီးနဲ့အတူ မြေတိုက်ခန်းထဲ သွားပုန်းနေပါ"

မြောင်ယိုလန်သည် ခေတ္တမျှ စဉ်းစားတွေးတောပြီး.....

"ကောင်းပါပြီ၊ ဒီလိုဆိုရင် ဟောဒီက မမနှစ်ယောက်ကိုပါ မြေတိုက်ခန်းထဲ ခေါ်သွားပါမယ်၊ သူတို့လဲ မိန်းမသားတွေပဲ"

ဘဏ္ဍာစိုးကြီးယီက သူ၏ဦးခေါင်းကို သွက်သွက်ခါအောင် ယမ်းလိုက်သည်။

"မဖြစ်နိုင်ပါဘူးဗျာ၊ လုံးဝ မဖြစ်နိုင်ပါဘူး"

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲရှင့်၊ ကျွန်မနဲ့ မယ်တော်ကြီး

❀

www.burmeseclassic.com

www.burmeseclassic.com



တောင် ပုန်းနိုင်ရင် သူတို့က ဘာဖြစ်လို့ မပုန်းနိုင်ရမှာလဲ''

''ဘယ်လိုလုပ် ဖြစ်နိုင်မလဲ၊ သူတို့နှစ်ယောက်ဟာ မိန်းမသား ဖြစ်တယ်ဆိုပေမယ့် သခင်မလေးလို လူကောင်းသူကောင်း ဟုတ်ချင်မှ ဟုတ်မှာမို့လို့ပဲ၊ နောက်ပြီး သူတို့ဟာ သခင်မလေးနဲ့ လုံးဝ မတူပါဘူး။ သူတို့ဟာ သိုင်းသမားတွေပါ။ သခင်မလေးကတော့ သိုင်းပညာ ဗလာနတ္ထိ ဖြစ်တဲ့ လူပြိန်းသက်သက် ဖြစ်နေပါတယ်''

ယီက ဖြည်းညင်းစွာ ဆက်ပြော၏။

''ကျုပ်ပြောတာ နားထောင်စမ်းပါ သခင်မလေး။ သခင်မလေးနဲ့မယ်တော်ကြီးဟာ တန်ဖိုးရှိတဲ့ မိန်းမသားတွေပါ၊ တန်ဖိုးမရှိတဲ့ မိန်းမသားတွေအတွက် ထည့်မစဉ်းစားပါနဲ့''

မြောင်ယိုလန်က.....

''ကဲ.....ထားပါတော့ရှင်၊ အခုလာမယ့် ရှိစန်းဟူဖေးက လူတွေကို သတ်ရုံမကဘူး၊ အဆောက်အအုံတွေကိုပါ မီးရှို့ရင် ဘယ့်နှယ်လုပ်မလဲ၊ မြေတိုက်ထဲ ပုန်းနေတဲ့လူလဲ ဘယ်လွတ်မလဲ၊ ရှင်တစ်ယောက်တည်း ခုခံကျန်ရစ်လို့ကော ဘာထူးမှာလဲ''

ဘတ္တာစိုးကြီးယီ၏ မျက်နှာ၌ ကြေကွဲလွမ်းဆွတ်သော အရိပ်အရောင်များ ထွက်ပေါ်လာသည်။

သူသည် ခါး၌ချိတ်ဆွဲထားသည့် ဓားရိုးကို လက်ဖြင့်ပွတ်သပ်ပြီး လှိုက်လှဲတုန်ယင်စွာ ပြောကြားလေသည်။

''ကျုပ်အဖို့တော့ ဒီနေ့ဒီရက်ဟာ ကျုပ်ဘဝရဲ့ နောက်ဆုံးရက်ပဲပေါ့ဗျာ၊ ကျုပ်သခင်ကြီးဟာ ကျုပ်အပေါ်မှာ အမြဲတမ်းကောင်းခဲ့ပါတယ်၊ ဒီကျေးဇူးတွေကို ကျုပ်ပြန်ဆပ်ရမယ်ဗျာ၊ ကျုပ်ရဲ့ အသက်ခန္ဓာကို စတေးပြီး သခင်ကြီးရဲ့ကျေးဇူးကို ပြန်ဆပ်ရမယ့်နေ့ပါ၊ ကဲကဲ..... သခင်မလေး မြောင်ယိုလန်သာ မြေတိုက်ခန်းဆီ သွားပါတော့၊ မယ်တော်ကြီးကိုလဲ စောင့်ရှောက်လိုက်ပါ၊ မယ်တော်ကြီးနဲ့ သခင်မလေးတို့ သက်တော်ရာကျော်ရှည်ဖို့ ကျုပ် ဆုတောင်းလိုက်ပါတယ်ဗျာ''

မြောင်ယိုလန်သည် သူ့သခင်ကြီးအပေါ် သစ္စာကြီးလှသော ဘတ္တာစိုးကြီးယီအား ငေးမောကြည့်နေမိ၏။

သူမသည် အသက်အရွယ် ငယ်လှသေးသော်လည်း လူကောင်းနှင့်လူဆိုး၊ မွန်မြတ်သူနှင့် နိမ့်ကျသူ စသည်တို့ကို ကွဲကွဲပြားပြား သိရှိခဲ့ရလေပြီ။

သူမသည် အတန်ကြာ ငေးမောတွေးတောနေပြီးနောက် တည်ကြည်လေးနက်သောအသံဖြင့် ဘတ္တာစိုးကြီးယီအား လှမ်းပြောလိုက်လေ၏။

''ကောင်းပါပြီ၊ အခုပဲ ကျွန်မ ဆုံးဖြတ်ချက် ချလိုက်ပြီရှင့်၊ အခုရောက်လာမယ့်လူကို ဘတ္တာစိုးကြီးနဲ့အတူ ထွက်ပြီး ကျွန်မလဲ ရင်ဆိုင်ပါ့မယ်ရှင်''

''ဗျာ''

ဘတ္တာစိုးကြီးယီမှာ အံ့သြလွန်းသဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် တုန့်ယင်လိုက်လှဲ့စွာ လှမ်းပြောသည်။

''သခင်မလေး မြောင်ပယိုလန်၊ စောစောက ဟိုမျက်ခုံးဖြူ တရုတ်တုန့်ကြီးပြောသွားတဲ့စကားနဲ့ ဟို ဖိန့်အာစစ်ဆိုတဲ့လူ ပြောသွားတဲ့ စကားတွေကို ခင်ဗျား မကြားလိုက်ဘူးလား''

မြောင်ပယိုလန်က ပြုံးရွှင်သောမျက်နှာကလေးဖြင့် ပြန်မေး လေ၏။

''သူတို့ ဘာတွေများ ပြောခဲ့ပါသလဲရှင်''

ဘဏ္ဍာစိုးကြီးယီ၏မျက်ခုံးကြီးများမှာ မြင့်တက်သွားလေသည်။

သူသည် မြောင်ပယိုလန်အား မျက်လုံးပြူး မျက်ဆန့်ပြူးကြည့်၍ အာလုပ်သံကြီးဖြင့် လှမ်းပြောတော့သည်။

''သခင်မလေး၊ အခုရောက်ရှိလာမယ့် ရန်သူရဲ့အဖေကို သခင်မလေးရဲ့ ဖခင်ကြီးက သတ်ပစ်ခဲ့တာဆိုတာ မေ့သွားပြီလား၊ ရန်ငြိုးလေ ရန်ငြိုး၊ အခုလာမယ့်ရန်သူဟာ သခင်မလေးကို သူ့ဖခင် သတ်သူရဲ့ သမီးဖြစ်မှန်းသိရင် တွေးတောင် မတွေးဝံ့တော့ပါဘူးဗျာ''

''ဘာမှ မတွေးဝံ့စရာ မရှိပါဘူးရှင်''

''သခင်မလေးရယ်၊ ဘာများ အတွေးပေါက်သွားလို့လဲဗျာ၊ ခုကိစ္စက မြွေပွေးမြွေဟောက်နဲ့ အသက်စွန့်ကစားရမယ့်ကိစ္စမျိုးပါ''

''ကျွန်မဘာမှ အတွေးမပေါက်ပါဘူးရှင်၊ ဖေဖေဟာ ကျွန်မ ငယ်ငယ်ကတည်းက ကျွန်မကို ဘဘကြီးဟူရဲ့ဇာတ်ကြောင်းကို ပြောပြခဲ့ ပါတယ်၊ အဲဒီကတည်းက ဘဘကြီးဟူရဲ့သားကလေးကို တွေ့ချင် မြင်ချင်စိတ် ပေါက်ခဲ့ပါတယ်''

''ဩော်.....ကျုပ်နားလည်ပါပြီ၊ သခင်မလေးအနေနဲ့ ဟူယီတောင်းရဲ့သားကလေးကို တွေ့ချင်မြင်ချင်စိတ် ရှိနေတယ် ဆိုပါတော့''

''မှန်ပါတယ်၊ ကျွန်မတို့ သားအဖဟာ ဒီကလေးအပေါ်မှာ တကယ်သနားစင်တဲ့ မေတ္တာစေတနာထားခဲ့ကြပါတယ်၊ သူ့ကို တွေ့ခွင့်ရ လျက်နဲ့ မတွေ့လိုက်ရရင် ကျွန်မတို့ အသက်ရှင်ရကျိုး မနပ်ဘူးလို့ ထင်ပါတယ်''

''ဒီလိုတွေ့တဲ့အတွက် သခင်မလေး ဒုက္ခရောက်နိုင်တယ်ဆို တာကော သိရဲ့လား''

မြောင်ပယိုလန်က ပြုံးလိုက်၏။

''ကျွန်မ ပြောခဲ့ပြီးသားပဲရှင်၊ လူဆိုတာ သေတစ်နေ့ မွေးတစ်နေ့ ပါ၊ သေရမယ့်ကိစ္စကို တွေးကြောက်နေဖို့ မလိုပါဘူး။ ဘဘကြီးဟူရဲ့ သားကလေးကို တွေ့ပြီးပြီဆိုရင် ကျွန်မ သေပျော်ပါပြီ ကျွန်မအနေနဲ့သူ့ကို တွေ့ကိုတွေ့ရပါမယ်ရှင်''

သူမ၏ စကားသံသည် ပျော့ပျောင်းသည်။

သို့သော် ခိုင်မြဲမှု ရှိသည်။

သူမ၏ ဆုံးဖြတ်ချက်ကို မည်သူကမျှ ဝင်ရောက်ပြင်ဆင် နိုင်မည် မဟုတ်ကြောင်း အခိုင်အမာ ပြောကြားနေဟန်ရှိသည်။

ထို့ကြောင့် ဘဏ္ဍာစိုးကြီးယီသည် သူမ၏ စကားကို ငြင်း



www.burmeseclassic.com

www.burmeseclassic.com



နိုင်စွမ်းမရှိဘဲ ဖြစ်သွားခဲ့ရသည်။

"အင်း .....ဒီမိန်းကလေးရဲ့ ပုံပန်းသဏ္ဌာန်က ပန်းဝတ်မှုန်ကလေး လို နူးညံ့ပျော့ပျောင်းတယ်၊ ဒါပေမယ့် သူ့ရဲ့အတွင်းစိတ်ဓာတ်က သံမဏိလိုမာကြောတယ်၊ သူ့ကို မြင်စက မြောင်ရင်ဖုန့်ရဲ့သမီး ဖြစ်လိမ့်မယ်လို့ ဘယ်လိုမှ မှန်းဆလို့မရဘူး။ တကယ်တော့ သူဟာ သိုင်းလောကပြိုင်ဘက်ကင်း မြောင်ရင်ဖုန့်ရဲ့ သမီးစစ်စစ်ပဲ၊ သူ့သွေးဟာ မြောင်ရင်ဖုန့်ရဲ့သွေးလို ရဲရဲနီတာတော့ သေချာနေပါပြီ"

သူသည် မြောင်ယိုလန်၏သတ္တိကို တွေးတောစဉ်းစားလိုက်မိသလို ယောက်ျားရင့်မကြီးများဖြစ်သည့် ထွက်ပြေးပုန်းလျှိုးနေကြသော သိုင်းသမားကြီးများကိုလည်း အလွန်တရာ အထင်သေးသွားသည်။

"မြင့်မြတ်တဲ့စိတ်ဓာတ်ဟာ သိုင်းပညာတော်တယ် တတ်တယ်ဆိုတာနဲ့ ဘာမှမဆိုင်ဘူး၊ အခုကြည့်စမ်း မျက်နှံဖြူပေါင်စုလို သိုင်းသမားကြီးမျိုးတောင် ကြွက်ကလေးတစ်ကောင် ထွက်ပြေးသလို ပြေးနေရတယ်၊ မြင့်မြတ်တဲ့ စိတ်ဓာတ်လဲ မရှိဘူး၊ ရဲရင့်တဲ့ သတ္တိလဲ မရှိဘူး"

ယီသည် ထိုသို့တွေးလိုက်မိသဖြင့် ထွီခနဲ တံတွေးတစ်ချက် ထွေးလိုက်မိသည်။

ဘဏ္ဍာစိုးကြီးယီသည် သူ့သခင်အတွက် အသက်စွန့်ရန် ရည်ရွယ်ထားခဲ့သော်လည်း နှင်းတောင်မြေခွေးဟု အမည်တွင်သော ရှိုစန်းဟူဖေးကိုတော့ စိုးရွံ့မှု ရှိခဲ့သည်သာ။

ယခု.....။

---



မြောင်ယိုလန်၏ ရဲရင့်တည်ကြည်မှုကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရသောအခါ ထိုရဲရင့်တည်ကြည်မှုသည် ဘဏ္ဍာစိုးကြီးယီ၏ နှလုံးသားအတွင်းသို့ ကူးစက်စီးဆင်းသွားလေတော့သည်။

ယီ၏စိုးရွံ့မှုများသည်လည်း ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ်ကုန်တော့သည်။

မြောင်ယိုလန်သည် ထန်ချင်ဝင်းအား ကျွင့်စန်နန်ကို သယ်ယူ၍ သွားပုန်းနေရန် မေတ္တာရပ်ခံလိုက်သည်။

ထန်ချင်ဝင်းသည် သူမ၏စကားအတိုင်း ဆောင်ရွက်ရှာလေ၏။

ထိုအခိုက်မှာပင် ခန်းမကြီး၏တံခါးမကြီးကို ပိတ်ဆို့ထားသော မင်းတုပ်ကြီးသည် ဝုန်းခနဲ မြည်ဟည်းကာ ကျိုးကျသွားလေတော့၏။

တံခါးမကြီးသည်လည်း ဒိုင်းခနဲ ပွင့်သွားပြန်၏။

တံခါးဝ၌.....

ဝတ်စုံဖြူဝတ်ဆင်ထားသည့် လူငယ်တစ်ယောက်သည် မားမားမတ်မတ်ရပ်လျက်ရှိနေသည်။

သူ့နောက်ကျော၌ ဓားတစ်ချောင်းကို သိုင်းလွယ်ထားသည်။

ဘဏ္ဍာစိုးကြီးယီသည် အကြမ်းပန်းကန်လုံးတစ်လုံးထဲသို့ လက်ဖက်ရည်ကြမ်းများ ငှဲ့ထည့်ကာ မြောင်ယိုလန်၏ နောက်ပါးမှ ကပ်လိုက်သွားသည်။

လူငယ်၏အနီးသို့ရောက်သောအခါမှ မြောင်ယိုလန်အား ကျော်တက်ပြီး ညှေ့သည်အား ပဋိသန္ဓာရစကားဖြင့် ကြိုဆိုနှုတ်ဆက်လေ

www.burmeseclassic.com

www.burmeseclassic.com



၏။

"ရှိစန်းဟူဖေး ထင်ပါ့ခင်ဗျာ၊ ခရီးဝေးက ရောက်လာတဲ့လူကို တောင်ထိပ်မှတ်ခမ်းဗွန်းမှာကတည်းက မကြိုမိတဲ့အတွက် ခွင့်လွှတ်ပေးချင်ပါတယ်၊ ရှိစန်းဟူဖေးကို နှင်းတောင်ထိပ် တောင်ကလပ်က ကြိုဆိုပါတယ်ခင်ဗျာ"

ရှိစန်းဟူဖေးသည် သူ့အား အပြင်းအထန် ယှဉ်ပြိုင်တိုက်ခိုက်မည့် ရန်သူတော်များနှင့် တွေ့ဆုံရန် လာခဲ့သော်လည်း သူမျှော်လင့်ထားသည့် ရန်သူများကို မတွေ့ရဘဲ နုနယ်ပျိုမျစ် ချစ်ချင့်စဖွယ်ကောင်းလှသော မိန်းမပျိုကလေးတစ်ဦးနှင့် အိမ်ထိန်းကြီးတစ်ဦးကို တွေ့လိုက်ရသောအခါ အလွန်တရာ အံ့အားသင့်သွားလေတော့၏။

မြောင်ယိုလန်သည်လည်း မှတ်ဆိတ်မွေး ထိုးထိုးထောင်ထောင်ဖြင့် သေသပ်မှု လုံးဝ မရှိသော လူငယ်တစ်ယောက်ကို မြင်တွေ့နေရသည်။

လူငယ်သည် သေသပ်မှုမရှိသော်လည်း ခန့်ညားမှု အပြည့်အဝရှိသည်။

သူ့ခန္ဓာကိုယ်တည်ဆောက်ပုံသည် သူ့ဖခင် ဟူယီတောင်း၏ ခန္ဓာကိုယ်တည်ဆောက်ပုံနှင့် ထပ်တူနီးပါး တူလိမ့်မည်ဟု မြောင်ယိုလန် တွေးနေသည်။

သူမ၏ဖခင် မြောင်ရင်ဖုန့်က ဘာဘာကြီးဟူ၏ ရုပ်ဆင်း၊ သွင်ပြင်ကို သေချာပြည့်စုံစွာ ရှင်းပြခဲ့သဖြင့် ဟူယီတောင်း မည်သည့်





ပုံသဏ္ဌာန်ရှိမည်ကို သူမ၏မျက်စိထဲ၌ မြင်ယောင်မိပြီးဖြစ်သည်။

ယခုလူငယ်၏ ပုံပန်းသဏ္ဌာန်နှင့် ထပ်တူညီနေလေ၏။

သူမစိတ်ထဲ၌ တွေးမိပြီးဖြစ်သော်လည်း တကယ်တမ်း တွေ့လိုက်မှ အံ့သြရသောအချက်မှာ ရှိစန်းဟူဖေး၏ အသက်အရွယ်ပင်ဖြစ်သည်။

ရှိစန်းဟူဖေးဆိုသည်မှာ ကလေးငယ်လေးတစ်ယောက် မဟုတ်တော့ချေ။

သူမသည် ယဉ်ကျေးသိမ်မွေ့သူ ဖြစ်သည့်အတိုင်း အဆင်မပြေလိုက်လျောစွာ ကြိုဆိုနှုတ်ဆက်လေ၏။

"အစ်ကိုလေး နေကောင်းပါရဲ့နော်"

ရင်းနှီးခင်မင်စွာ နှုတ်ဆက်လိုက်သည့် မြောင်ယိုလန်၏စကားသံကို ကြားလိုက်ရသောအခါ ရှိစန်းဟူဖေးမှာ ပို၍အံ့အားသင့်သွားလေ၏။

ရှိစန်းဟူဖေးသည် သူ၏ဖခင်ကဲ့သို့ ဉာဏ်ထက်မြက်သူဖြစ်သည်။

တစ်ပါးသူအပေါ် လွယ်ကူစွာ မယုံကြည်တတ်ပေ။

သူသည် ဤတောင်ထိပ်သို့ ရောက်လျှင်ရောက်ချင်း ထိပ်သီးသိုင်းသမားများက သူ့အား နည်းမျိုးစုံဖြင့် ဒုက္ခပေးကြတော့မည်ဟု ကြိုတင်မျှော်လင့်ထားခဲ့သည်။

ယခုသော် .....

ဘီလူးသဘက်နှင့်တူသည့်လူကြမ်းကြီးများကို မတွေ့ရဘဲ



www.burmeseclassic.com

www.burmeseclassic.com



နတ်မိမယ်နှင့်တူသော မိန်းမချောလေးတစ်ယောက်ကို တွေ့နေရသည်။

ဤဖြစ်စဉ်မျိုးမှာ သွေးရိုးသားရိုး မဟုတ် ဟု သူ ခန့်မှန်းလိုက်သည်။

ထို့ကြောင့်.....

သူသည် သတိဝီရိယ အထူးထားလျက် မြောင်ယိုလန်အား ပြန်လှန်နှုတ်ဆက်လေ၏။

\+ + +

"ကျုပ်နာမည်ကတော့ ရှိစန်းဟူဖေးပါ၊ ညီမကကော ဘယ်သူများပါလိမ့်"

ဘဏ္ဍာစိုးကြီးယီမှာ အကြီးအကျယ် ထိတ်လန့်သွား၏။

မြောင်ရင်ဖုန့်၏သမီးဖြစ်ကြောင်း မည်သည့်နည်းနှင့်မျှ အသိခံ၍ မဖြစ်ပါ။

"သခင်ကလေး ရှိစန်းဟူဖေး၊ ကျုပ် တစ်ခုလောက် မြောပါရစေဗျာ"

ရှိစန်းဟူဖေးက ယီကို လှမ်းကြည့်ပြီး ဘာများပါလိမ့်ဟူသောသဘောဖြင့် မေးဆတ်ပြသည်။

"သခင်လေး ရှိစန်းဟူဖေးလဲ တောင်ကလပ်ထိပ် တက်လာတာ ပင်ပန်းပါတယ်ဗျာ၊ ဒီတော့ အေးအေးဆေးဆေး စားပွဲဝိုင်းမှာ ထိုင်ပါဦးလား၊ လက်ဖက်ရည်ကြမ်း သောက်ပါဦးလား၊ တော်ကြာ ကျုပ်တို့ အိမ်သည်တွေအနေနဲ့ ဧည့်သည်ကို ဧည့်ဝတ်မကျေပွန်ရာ ကျပါ့မယ်ဗျာ"



ရှိစန်းဟူဖေးက မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီး.....

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ်အတွက်တော့ ဒုက္ခများမနေပါနဲ့တော့၊ ကျုပ်က လာခြင်းကောင်းတဲ့လူ မဟုတ်ဘူး"

ဘဏ္ဍာစိုးကြီးယီသည် မြောင်ယိုလန်အနေဖြင့် အမည်ရင်း မပြောမိစေရန်အတွက် စကားလမ်းကြောင်း လွှဲပြောင်းပေးရန် ကြိုးစားမှုခြင်းဖြစ်သည်။

မြောင်ယိုလန်မှာ သိလိုက်လျှင် မြောင်ရင်ဖုန့်၏သမီးဖစ်ကြောင်း ဆက်စပ်သွားနိုင်သည် မဟုတ်ပါလော။

သို့သော်.....

သတိ၊ ဝီရိယရှိသော ရှိစန်းဟူဖေးသည် စကားအပြတ် မခံချေ။

ဘဏ္ဍာစိုးကြီးယီအား လှမ်းပြောပြီးသည်နှင့် မြောင်ယိုလန်ဘက်သို့ လှည့်ကာ ထပ်မံ၍ မေးမြန်းလေ၏။

"စောစောက စကားပြတ်သွားတယ်၊ ဒီက ညီမရဲ့ နာမည်လေးကို တဆိတ်လောက် သိပါရစေ"

ဘဏ္ဍာစိုးကြီးယီသည် စိတ်ထားမြင့်မြတ်သော မြောင်ယိုလန်အား တူမကလေးတစ်ယောက်သဖွယ် ချစ်ခင်နေမိသဖြင့် တစ်စုံတစ်ခုသော အန္တရာယ်ကျရောက်မည်ကို အလွန်စိုးရိမ်နေ၏။

"အဟမ်း....."

ဘဏ္ဍာစိုးကြီးယီ၏ ချောင်းဟန့်သံကို ကြားလိုက်ရသောအခါ

www.burmeseclassic.com

www.burmeseclassic.com



ရှိစန်းဟူဖေးက ယီအား မျက်မှောင်ကြုတ်၍ ကြည့်လေ၏။

ယီကမူ ဣန္ဒြေမပျက် လှမ်း၍ မေးသည်။

"လုံမလေး.....လုံမလေးရဲ့အမည်က 'တင်ယိုလန်' ဆိုလား 'ကြူယိုလန်' ဆိုလား ဘယ်နာမည်လဲကွယ့်"

ယီသည် မြောင်ယိုလန်အား အခြားနာမည်တစ်ခု လိုး၍ ပြောရန် စကားရိပ် ပြလိုက်ခြင်းသာ ဖြစ်သည်။

သို့သော်.....

မြောင်ယိုလန်သည် သူ ခင်းပေးထားသည့်လမ်းကို လုံး၀ မလျှောက်ချေ။

"ဩော်.....ဟုတ်ပေသားပဲ၊ အစ်ကိုလေး ဟူဖေးအနေနဲ့က ကျွန်မကို ဘယ်သိနိုင်ပါ့မလဲလေ"

ရှိစန်းဟူဖေးသည် မြောင်ယိုလန်အား တအံ့တဩ ကြည့်နေလေ၏။

"ကျွန်မတို့နဲ့ အစ်ကိုလေးဟူဖေးတို့က ရှေးဘိုးစဉ်ဘောင်ဆက်ကတည်းက ရင်းနှီးလာခဲ့တဲ့သူတွေပဲရှင်၊ ဒါဆိုရင် အစ်ကိုလေးဟူဖေး စဉ်းစားနိုင်မလား"

ရှိစန်းဟူဖေး ဦးနှောက်ချောက်သွားသည်။

ဉာဏ်ထက်သူဖြစ်သော်လည်း ယခုမှ တွေ့ဖူးသည့် မိန်းမချောကလေး၏ ထူးဆန်းသောစကားများကိုမူ လုံး၀ နားမလည်ဘဲ ဖြစ်နေသည်။

---



ဟူဖေးသည် ဦးခေါင်းကို ဖြည်းညင်းစွာ ခါပြလေ၏။

မြောင်ယိုလန်က ရှိစန်းဟူဖေးကို အနည်းငယ် စိတ်ရှုပ်သွားအောင် လုပ်နိုင်လိုက်သဖြင့် အားပါးတရ ရယ်မောလိုက်ပါသည်။

"အစ်ကိုလေး စဉ်းစားလို့ မရဘူးလား။ ဒါဆိုရင် ကျွန်မ အဖြေပေးပါတော့မယ်၊ ကျွန်မအမည်က 'မြောင်ယိုလန်' ပါတဲ့ရှင်"

ရှိစန်းဟူဖေးသည် သတ္တိကြောင်သူ မဟုတ်ပါ။

ကြောက်တတ်သူ မဟုတ်ပါ။

သို့သော်.....

မြောင်ယိုလန်၏နာမည်ကို ကြားလိုက်ရသောအခါ သူ၏ ဆံပင်များ ထောင်သွားသကဲ့သို့ ခံစားလိုက်ရ၏။

သူသည် မြောင်ယိုလန်အား ကမန်းကတန်း မေးမြန်းလိုက်လေသည်။

"ညီမဟာ သူ့ရဲ့ကောင်းကြီးမြောင်ရင်ဖုန်နဲ့ ဘယ်လိုပတ်သက်ပါသလဲ။ ကျေးဇူးပြု၍ သိပါရစေ"

ဘဏ္ဍာစိုးကြီးယီ၏မျက်နှာသည် ဖြူရော်သွား၏။

သူ စိုးရိမ်သည့်အဆင့်သို့ ရောက်ရှိလာပြီ မဟုတ်ပါလား။

သူသည် မြောင်ယိုလန်၏ အင်္ကျီလက်စကို အသာဆွဲကာ သူ့နောက်၌ လာရပ်ရန် သတိပေး၏။

သို့သော် ရှိစန်းဟူဖေးက ရုတ်တရက် တိုက်ခိုက်လာလျှင် သူက ရှေ့မှ အသေခံ ကာကွယ်နိုင်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



မြောင်ယိုလန်က ပြုံး၍ အင်္ကျီကိုဆွဲထားသည့် ယီ၏လက်ကို အသာအယာ ပုတ်ချလိုက်သည်။

ထို့နောက် အေးအေးတည်ငြိမ်သောအသံဖြင့် ခပ်အေးအေး အဖြေပေးလိုက်လေ၏။

"ကျင်းမြို့မှမြောင်ရင်ဖုန့်ဟာ ကျွန်မရဲ့ ဖေဖေပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်မနာမည်ကို မြောင်ယိုလန်လို့ ခေါ်တာပါပဲရှင်"

ထိုသို့ တိတိလင်းလင်း သိလိုက်ရသောအခါတွင် ရှိုစန်းဟူဝေသည် ကောင်းကင်ကြီးကို မော့ကြည့်လျက် တဟားဟား အော်ဟစ်ရယ်မောလေတော့၏။

"ကောင်းလိုက်လေ၊ ကျုပ် တစ်ခု မေးစမ်းပါရစေဦး။ ညီမရဲ့ ဖခင်ကြီးက သူကိုယ်တိုင် ဒီတောင်ထိပ်ကို မလာဘဲ ဘာဖြစ်လို့ သူ့သမီးကို လွှတ်ရတာလဲ"

ဘဏ္ဍာစိုးကြီးယီသည် မားမှိုးခေါ် လက်တင်လိုက်၏။

ရှိုစန်းဟူဝေကို သူ မနိုင်နိုင်ကြောင်း ကောင်းကောင်းကြီး သိ၏။

သို့သော် နိုင်ခြင်း၊ မနိုင်ခြင်းသည် အဓိကမဟုတ်၊ ကြက်ခေါင်း ဆိတ်မခံ အညှံ့မခံခြင်းနှင့် အားနွဲ့သော မိန်းကလေးတစ်ယောက်ကို အကူအညီပေးခြင်းသည်သာ ယောက်ျားကောင်းတို့၏ အဓိကတာဝန် ဖြစ်သည်ဟု သူ ခံယူသည်။

မြောင်ယိုလန် ကြောက်လန့်နေမည်လားဟု ယီက အကဲခတ်လိုက်သည်။

မြောင်ယိုလန်ကမူ အကြောက်အရွံ့ လုံးဝမရှိဘဲ တည်ငြိမ်စွာ ရပ်ကြည့်နေလေသတည်း။

မြောင်ယိုလန်၏အသံက ပေါ်လာသည်။

"ကျွန်မဖေဖေက ကျွန်မကို လွှတ်လိုက်တယ်လို့ အစ်ကိုလေး ထင်နေသလား"

"ကျုပ်က ထင်နေတာမဟုတ်ပါဘူး။ ညီမကိုယ်တိုင် ဒီတောင်ထိပ်ပေါ် ရောက်နေတာပဲဥစ္စာ"

"ကျွန်မဖေဖေက ဒီတောင်ထိပ်ကို ရောက်မလာသေးဘူးရှင့်၊ ဒါပေမယ့် အစ်ကိုလေး မပူပါနဲ့ သူ ရောက်လာမှာပါ။ သူ့မိတ်ဆွေဟောင်းကြီးရဲ့သားသာ ဒီတောင်ထိပ်ပေါ်ရောက်နေတာသိရင် ဘယ်လောက်အရေးကြီးတဲ့ကိစ္စဖြစ်ဖြစ် ပစ်ချပြီး ဒီတောင်ထိပ်ကို ပြေးလာမှာ သေချာပါတယ်"

"ဘာ.....ဘာဖြစ်လို့"

"ကျွန်မပြောတာ ရှင်းပါတယ်ရှင်၊ အစ်ကိုလေးကို လာတွေ့ချင်လို့ပါပဲ"

"ဘာကြောင့် သူက ကျုပ်ကို တွေ့ချင်ရတာလဲ"

"ဟင်.....ဒါတွေကို ရှင် မသိသေးဘူးလား၊ ရှင် သိပြီးပြီလို့ ရှင့်မိတ်ဆွေကြီးဖိန်အာစစ်က ပြောခဲ့တာပဲရှင့်၊ ကျွန်မတို့ နားကြားလွဲတာတော့ မဖြစ်နိုင်ပါဘူး။ ဟောဒီက ဘဏ္ဍာစိုးကြီးယီလဲ ဖိန်အာစစ်ပြောတာ



www.burmeseclassic.com

www.burmeseclassic.com



တွေကို ကြားတာပဲရှင့်"

"ခြော်"

ရှိစန်းဟူဖေးသည် 'ခြော်'တစ်လုံးသာ အသံထွက်မိတော့သည်။ သူသည် အတန်ကြာစကားမပြောနိုင်ဘဲ ဖြစ်သွားရသည်။

အတန်ကြာမှ.....

"ဦးလေးဖိန်အာစစ်က ဒီတောင်ထိပ် ရောက်နေတာကို။ သူ ဘာကြောင့် ရောက်နေတာပါလိမ့်"

ထိုစကားများကို မြောင်ယိုလန်အား လှမ်းပြောခြင်း မဟုတ်ပါ။ သူ့ဘာသာ တစ်ကိုယ်တည်း ရေရွတ်ခြင်းပင် ဖြစ်ပါ၏။

ဟူဖေးသည် ခန်းမကြီးအား ပတ်ပတ်လည်အကဲခတ်လိုက်၏။

"အခု သူ ဘယ်မှာလဲ"

ဘဏ္ဍာစိုးကြီးယီက ဝင်မေးလိုက်၏။

"ဘယ်သူ့ကို မေးတာလဲ"

"ဦးလေးဖိန်အာစစ်ကို"

သူသည် စကားကိုပြောရင်း ခန်းမတစ်နေရာရှိ သွေးကွက်ကြီးကို မြင်သွားသည်။

ထိုသွေးကွက်ကြီးမှာ ချောင်ယွင်ချီ၏လက်သီးချက်ကြောင့် ဖိန်အာစစ် အန်ထုတ်လိုက်ရသည့် သွေးများပင် ဖြစ်တော့သည်။

\+ + +



အခန်း (၂၆)

## မုန်းသူအားလုံး စိန်ခေါ်မှာ

ရှိစန်းဟူဖေး၏မျက်ခုံးများ ကြုတ်သွားသည်။

သူသည် သွေးကွက်ရှိရာသို့ လျှောက်သွားပြီး သွေးကွက်ကို ဖိနပ်ဖြင့် ပွတ်သပ်လိုက်သည်။

ဘဏ္ဍာစိုးကြီးယီသည်လည်း ခန်းမကြီးတစ်ခုလုံးအား မျက်လုံးဝေ့ကြည့်သည်။

ဖိန်အာစစ်ကို သူ လုံးဝ မေ့လျော့ခဲ့ခြင်းအတွက် သူ့ကိုယ်သူ စိတ်ဆိုးမိသည်။

ဖျိုင်းဖြူကြီးပြတင်းပေါက်မှ ဝင်လာချိန်၌ ခန်းမထဲရှိ သိုင်းသမားအားလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မြောင်ယပိုလန်က ဗျိုင်းကြီး၏ခြေထောက်မှကြိုးကို တဖြည်းဖြည်းချင်း ဆွဲယူနေချိန်၌ ဖိန်အာစစ် ခုန်ဝင်လာခဲ့သည်။

ဖိန်အာစစ်ကို ယင်ကြည်က တွန်းလွှတ်ခဲ့၏။

ထိုအချိန်က ယင်ကြည်သာ တစ်ဆုံးတစ်ဆ လုပ်လိုက်လျှင် ဖိန်အာစစ် မှချသေနိုင်သည်။

ထို့နောက်ပိုင်း၌ ဖိန်အာစစ်ကို မည်သူမျှ သတိမပြုမိကြတော့ချေ။

ယီကိုယ်တိုင်လည်း သတိမပြုမိချေ။

ယီ တွေးနေ၏။

"ဖိန်အာစစ်ဟာ ဟူဖေးရဲ့ အသက်သခင် ကျေးဇူးရှင်ပဲ၊ ဒါကို ဟူဖေး မသိဘဲနေမှာ မဟုတ်ဘူး။ ဖိန်အာစစ်သာ မတော်တဆ သေသွားရင်တော့ ဟူဖေးဟာ ဟောဒီတောင်ထိပ်က ရှိရှိသမျှလူတွေကို သတ်ရုံတင် မကဘူး ဒီတောင်ကလပ်ကြီးပါ မြို့ချပစ်မှာ သေချာတယ် ဒီကိစ္စဟာ အတော့်ကို မလွယ်တဲ့ကိစ္စပဲ"

ယီသည် စိတ်ပျက်လက်ပျက် တွေးတောရင်း သွေးကွက်ကို ခြေထောက်ဖြင့် ဖျက်နေသည့်ဟူဖေးကို ငေးကြည့်နေသည်။

မကောင်းသော ကံကြမ္မာသည် တစ်ဦးတည်းမလာဘဲ အပေါင်းအဖော်နှင့်မှ လာမှ လာတတ်ပလေဟု ယီက ခပ်တိုးတိုးရေရွတ်လိုက်၏။

ဟူဖေးသည် သွေးကွက်ကို ဖျက်နာပျက်ပျက်ဖြင့် ကြည့်ရင်း



"ဒါ ဘယ်သူ့သွေးတွေလဲ၊ ဦးလေးဖိန်အာစစ်ရဲ့သွေးတွေ မဟုတ်လား။ မြန်မြန်ပြောစမ်းပါဗျ"

ဟူဖေးသည် သူလူ့ဘဝရောက်၍ ရက်သတ္တပတ်မပြည့်မီမှာပင် မိဘမဲ့ကလေး ဖြစ်ခဲ့ရသည်။

ဖိန်အာစစ် ပြုစုပျိုးထောင်ပေး၍သာ သူသည် ဤသို့ လူလား မြောက်ခဲ့ရခြင်းဖြစ်သည်။

ထို့ပြင် ဖိန်အာစစ်သည် ဟူဖေးအား မည်ကာမတ္တ ဝတ္တရား ကျေရုံကလေး ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့ခြင်း မဟုတ်ပေ။

သူ၏ရင်သွေးကဲ့သို့ အစစအရာရာ ဂရုစိုက်စောင့်ရှောက်၍ ပြုစုခဲ့ခြင်းဖြစ်သည်။

ဖိန်အာစစ်သည် ကလေးငယ်၏ရှေ့ရေးနှင့်ပတ်သက်၍ သူ့စိတ်ကူးဖြင့် ပျိုးထောင်ခြင်း မပြုပေ။

သူ၏ ကျေးဇူးရှင်သခင်ကြီးဟူယိတောင်း၏ စိတ်ကူးအတိုင်း ပြုစုပျိုးထောင်ခဲ့ခြင်းဖြစ်၏။

ဟူယိတောင်း၏ မိရိုးဖလာ သိုင်းကျမ်းစာအုပ်ကို အရယူနိုင်ခဲ့ခြင်းက သူ့ကျေးဇူးရှင် ဟူယိတောင်း၏ အလိုဆန္ဒကို ပြည့်စုံစေခဲ့လေသည်။

ထိုအချက်များကြောင့် ဟူဖေးသည် ဖိန်အာစစ်ကို အလွန်ချစ်ခင်၏။

www.burmeseclassic.com

www.burmeseclassic.com



ဖိန်အာစစ်သည် ဟူဖေးအဖို့ ကျေးဇူးဖခင်ဖြစ်ခဲ့သည် မဟုတ်ပါ လော။

ဘဏ္ဍာစိုးကြီးယီသည် ထိုသွေးကွက်နှင့်ပတ်သက်၍ လိမ်ညာ ပြောဆို၍ မဖြစ်ကြောင်း နားလည်၏။

ထို့ကြောင့် ဖိန်အာစစ်၏သွေးများဖြစ်ကြောင်း မကွယ်မဝှက် ဝန်ခံလိုက်သည်။

ယီ၏စကားဆုံးသည်နှင့် ဟူဖေးသည် လျှပ်ပြက်သကဲ့သို့ ဝုန်းခနဲ ခုန်အုပ်ကာ ယီ၏ပခုံးကို ဆုပ်ကိုင်လိုက်သည်။

ဖိန်အာစစ်၏သွေးများဖြစ်ကြောင်း သိလိုက်ရသည်နှင့် ဟူဖေး ၏ စိတ်ထဲ၌ အလွန်တရာ နာကျင်သွားသည်။

စိတ်ထိခိုက်သွားသည်။

ဖိန်အာစစ်အား ဒဏ်ရာအနာတရ ရစေသူကို အမုန်းချေပစ် ချင်စိတ်ပေါက်သွားသည်။

သူ့ဒေါသသည် ယာယီအားဖြင့် ယီအပေါ်၌ လွှမ်းခြုံသွား လေ၏။

"သူ.....သူ.....အခုဘယ်မှာလဲ၊ ဦးလေးဖိန်အာစစ် ဘယ်မှာလဲ မြန်မြန်ပြောစမ်း"

ဟူဖေး၏ လက်ချောင်းများဆုပ်အားမှာ သံမဏိပြုတ်တူကြီး ကဲ့သို့ သန်မာလှသဖြင့် ယီ၏ကိုယ်တစ်ခြမ်းမှာ ထုံကျဉ်သွားလေသည်၊



ထို့ကြောင့် သူ့ခမျာ ရုတ်တရက် စကားမပြောနိုင်ဘဲ ဖြစ်သွား ရှာ၏။

"ခင်ဗျား ဘာဖြစ်လို့ ပါးစပ်ပိတ်နေတာလဲ၊ ကျုပ်ရဲ့ဦးလေး ဖိန်အာစစ် ဘယ်မှာလဲဆိုတာ ခပ်မြန်မြန်ပြောစမ်း။ ခင်ဗျား ပါးစပ်ထဲက စကားတစ်လုံးမှ ထွက်မလာရင် ခင်ဗျားတစ်ကိုယ်လုံး ကြေမွသွားအောင် ချေပစ်လိုက်မယ်"

ဘဏ္ဍာစိုးကြီးယီမှာ ပိုမိုထိတ်လန့်သွားသည်။

နဖူးမှ ဆီးကင်းခန့် ချွေးလုံးကြီးများ စီးကျလာ၏။

သို့သော် ဖိန်အာစစ် မည်သည့်နေရာသို့ ရောက်နေမှန်း မသိသဖြင့် ဟူဖေး၏အမေးစကားကို လုံးဝ မဖြေနိုင်ဘဲ ဖြစ်နေလေသည်။

ထိုစဉ်မြောင်ယိုလန်က ရုတ်တရက် ဝင်ရောက်ပြောကြားလေ၏။

"အစ်ကိုလေး ဟူဖေး၊ ဒီလောက်လဲ စိုးရိမ်မနေပါနဲ့ရှင်၊ ရှင့်ဦးလေးဖိန်အာစစ်ဟာ ဟိုဘက်အခန်းထဲမှာ ရှိနေပါတယ်"

သူမသည် ခန်းမဆောင်ကြီး၏ အရှေ့ဘက်အခန်းတစ်ခန်းဆီ သို့ မေးငေါ့ပြလေ၏။

ဟူဖေး၏ သံမဏိလက်ချောင်းများသည် ယီ၏ပခုံးပေါ်မှ ပြုတ်ကျသွား၏။

ယီကို သူ လုံးဝ ဂရုမစိုက်တော့ပေ။

ယီသည် သူ၏ညာဘက်ပခုံးကို သွေးသွားသွေးလာကောင်း

www.burmeseclassic.com

www.burmeseclassic.com



အောင် နှိပ်နယ်နေရတော့၏။

ဟူဖေးသည် အရှေ့ဘက်အခန်းရှိရာသို့ ခုန်ထွက်သွားသည်။ တံခါးကို လက်ဖြင့် မဖွင့်ဘဲ ခြေထောက်ဖြင့် ကန်ဖွင့်၏။

ဟူဖေး၏ လှုပ်ရှားမှုမှာ လျှပ်ပြက်သလို လှစ်ခနဲလှစ်ခနဲ ဖြစ်နေသဖြင့် သူ၏သိုင်းပညာအဆုံးအစကို မည်သူမျှ မခန့်မှန်းရဲလောက်အောင်ဖြစ်နေကြရသည်။

ထိုအရှေ့ဘက်အခန်းသည်ကား သိပ်မကျယ်ဝန်းလှပေ။

ထိုအခန်းထဲရှိ ကုတင်တစ်လုံးပေါ်၌ ဖိန့်အာစစ် လဲလျောင်းလျက် ရှိနေသည်။

ဟူဖေးသည် ခုတင်ဘေးသို့ အမောတကော ပြေးဝင်သွားပြီး ဒူးထောက်ထိုင်လိုက်၏။

ဖိန့်အာစစ်၏လက်မောင်းကို ဆုပ်ကိုင်လျက် အရေးတကြီး မေးမြန်းနေလေ၏။

"ဦးလေး ဦးလေးဖိန့်အာစစ်၊ ဘာဖြစ်သွားတာလဲ၊ ဘာဖြစ်သွားသေးလဲဟင်"

ဖိန့်အာစစ်၏မျက်နှာမှာ ဖြူရော်နေသည်။

သူသည် ချောင်ပယ်ချီကြောင့် ရင်ထဲ၌ပြင်းထန်သော ဒဏ်ရာတစ်ချက် ရရှိခဲ့လေသည်။

နောက်တစ်ကြိမ် မြောင်ယိုလန့်ထံသို့ ခုန်ဝင်စဉ်တွင်လည်း ယင်ကြည့်က သူ့ကိုတွန်းဖယ်ပုတ်ထုတ်ခဲ့သဖြင့် အကျနာခဲ့ရသေးသည်။

ယင်ကြည့်၏ သိုင်းပညာသည် ဖိန့်အာစစ်ထက် များစွာအဆင့်မြင့်သဖြင့် ယင်ကြည့်က မည်မျှသက်ညှာစွာ ပုတ်ထုတ်ခဲ့သည်ဖြစ်စေ ဖိန့်အာစစ်အဖို့ ဆင်ကျိုးစားရာ ဆိတ်မခံသာဆိုသလို ဒဏ်ရာပိုပြင်းထန်သွားသည်။

သို့သော်.....

ဖိန့်အာစစ်က ခပ်မာမာပင် ပြန်ပြောသည်။

"ငါ ဘာဖြစ်ရမှာလဲကွ၊ ငါ ဘာမှမဖြစ်ပါဘူး"

"ဦးလေးကသာ ဘာမှမဖြစ်ဘူးပြောတယ်၊ မျက်နှာကတော့ သွေးဆုတ်လို့ပါလား"

"အောင်မယ် ဒီဒဏ်ရာလေးကြောင့် ငါက သွေးဆုတ်ရမှာလားကွ၊ ငါငယ်ငယ်က ဓားနဲ့ လက်အဖြတ်ခံရတာတောင် မသေတဲ့ကောင်ကွ"

ဟူဖေးသည် ဖိန့်အာစစ်အား စကားနိုင်လုမနေတော့ချေ။

သူ့စကားကိုနင်း၍ မေးခွန်းထုတ်လိုက်၏။

"ဟုတ်ပါပြီ၊ ဦးလေး ခံနိုင်ရည်ရှိတယ်ဆိုတာ ကျွန်တော်ကောင်းကောင်းကြီး သိပါတယ်၊ စောစောက ဦးလေး ပြောသွားတယ်၊ 'ဒီဒဏ်ရာလေးကြောင့်'တဲ့၊ အဲဒီ ဒဏ်ရာလေးက ဘယ်လိုရလိုက်တာလဲ"

ဖိန့်အာစစ်မှာ မငြင်းသာတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



သူ ဒဏ်ရာရရှိခဲ့သည့်စကားကို သူ့ဘာသာ ထုတ်ဖော်ဝန်ခံခဲ့ပေပြီ။

"အေး.....ငါ ဒဏ်ရာရခဲ့တယ်ကွ၊ ဒီအကြောင်းတွေ ပြန်ပြောရရင်တော့ အတော့်ကိုရှည်မှာပဲ၊ ဟောဟိုက သခင်မလေး မြောင်ယိုလန်သာ ငါ့ကို မကယ်ခဲ့ရင်တော့ ငါဟာ သေမှာပဲကွ၊ ဒီခန်းမကြီးထဲမှာ သခင်မလေး မြောင်ယိုလန်ကလွဲလို့ လူကောင်းဆိုတာ တစ်ယောက်မှ မရှိပါဘူးကွာ၊ အုံ့ရော ဘယ့်နှယ် လူယုတ်မာတွေချည်း လာစုနေမိကြသလဲ မသိပါဘူးကွာ"

ဖိန်အာစစ်သည် ယင်ကြည်၏ ပုတ်ဖယ်တွန်းထုတ်ခြင်း ခံရပြီးကတည်းက လဲကျသည့်နေရာမှ လုံးဝ မထနိုင်တော့ပေ။

တောင်ခြေမှ ကြိုးကိုဆွဲတင်ရန် သိုင်းသမားများ ပြေးထွက်သွားသည့်အခါ မြောင်ယိုလန်နှင့် ခင်သည် ဖိန်အာစစ်အား မနိုင့်တနိုင် မချီရင်းက အရှေ့ဘက်အခန်းထဲရှိ ကုတင်ပေါ်သို့ ပို့ဆောင်ပေးပြီး သူတို့ထံမှ ပါလာသည့် ဆေးအနည်းငယ်ကို တိုက်ကျွေးထားခဲ့ပေသည်။

မြောင်ယိုလန် ထိုသို့ ပို့ဆောင်ပေးခြင်းက ဖိန်အာစစ်၏ အသက်ကို ကယ်တင်ပေးလိုက်ခြင်းဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ချောင်ယွင်ချီက တောင်ထိပ်သို့ ကြိုးဖြင့်ပြန်တက်လာသည့်အချိန်အတွင်း ပေါင်စုသည် ခန်းမဆောင်ကြီးထဲသို့ တိတ်တဆိတ် လျှို၍ ပြန်သွားခဲ့၏။



ဖိန်အာစစ် လဲကျသည့်နေရာ၌ ဖိန်အာစစ်ကို ပြန်ရှာသည်။

မတွေ့သောအခါ တစ်ခန်းဝင် တစ်ခန်းထွက် လိုက်ရှာလေတော့သည်။

ထိုအရှေ့ဘက်အခန်းတံခါးကို ဖွင့်ခါနီးအချိန်၌ တောင်နှုတ်ခမ်းမှ အော်ဟစ်ကြွေးကြော်သံများ ကြားလိုက်ရသဖြင့် ထိုအခန်းထဲသို့ မဝင်ဖြစ်တော့ပဲ အပြင်သို့ ပြေးထွက်ခဲ့ရသည်။

ဖိန်အာစစ်လည်း အသက်ဘေးမှ လက်မတင်ကလေး လွတ်မြောက်သွားခဲ့ရသည်။

ပေါင်စု တောင်နှုတ်ခမ်းစွန်းသို့ ပြန်ရောက်သောအခါ ချောင်ယွင်ချီ အသက်ဘေးမှ လွတ်မြောက်လာသဖြင့် သူတို့၏ ထန်းလုံ အဖွဲ့သားများ အော်ဟစ်ကောင်းချီးပေးနေခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

ဖိန်အာစစ်အနေဖြင့် ပေါင်စုက သူ့အား သတ်ရန် လိုက်ရှာခြင်းကို လုံးဝ မသိရှိပေ။

မြောင်ယိုလန်နှင့်ခင်တို့က သူ့အား ဤကုတင်ပေါ်သို့ ပို့ပေးခဲ့ခြင်းကိုသာ ရည်ရွယ်၍ ပြောနေခြင်းဖြစ်သည်။

ဟူဖေးသည် ကုတင်ဘေးတွင် ဒူးထောက်ထိုင်နေရာမှ အခန်းတံခါးဝ၌ရပ်နေသော မြောင်ယိုလန်အား ကျေးဇူးတင်သော အကြည့်ဖြင့် သမင်လည်ပြန် လှည့်ကြည့်သည်။

မြောင်ယိုလန်ကမူ ထူးထူးခြားခြား ကူညီခြင်း မပြုခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com



လေဟာနယ်ဖြင့် အေးအေးဆေးဆေး ကြည့်နေ၏။

ထို့နောက် သူ့အိတ်ထဲသို့ လက်နှိုက်သည်။

သူ့လက် ပြန်ထုတ် လိုက်သောအခါ ဆေးလုံးနီနီကလေး တစ်လုံး ပါလာသည်။

ဟူဖေးသည် ဆေးလုံးကလေးကို ဖိန်အာစစ်၏ ပါးစပ်ထဲသို့ ထည့်လိုက်၏။

"ဦးလေး ဖိန်အာစစ်၊ ဒါကလေးက ဒဏ်ကြေဆေးပါ၊ သိ အစွမ်းထက်တယ်၊ ဦးလေးရဲ့ အတွင်းဒဏ်တွေအားလုံး ပျောက်သွား လိမ့်မယ်"

"ငါ သိပါတယ်ကွာ"

ဖိန်အာစစ်သည် ဆေးလုံးကို မျိုချပြီး ထိုစကားကို လှမ်းပြော၏။ ဟူဖေးသည် သူ၏ကျေးဇူးရှင် ဒဏ်ကြေဆေး သောက်ပြီးသွား ဖြစ်၍ စိတ်အေးသွားသည်။

"ဦးလေး ဖိန်အာစစ် ကျွန်တော်ခန်းမကြီးထဲ ပြန်သွားဦးမယ်"

"သွားလေကွာ၊ ငါ့အတွက် ပူစရာမရှိပါဘူး။ မင်း ဒဏ်ကြေ ဆေးလဲ သောက်ပြီးပြီပဲဥစ္စာ"

ခန်းမဆောင်ထဲသို့ ရောက်သောအခါ ဟူဖေးသည် မြောင်ယ လန်အား ရှိသေစွာ ဦးညွှတ်ဂါရဝပြုလေ၏။

"ညီမလေး မြောင်ယိုလန်ကို အထူးပဲ ကျေးဇူးတင်ပါတယ်၊

ညီမရဲ့ ကူညီမှုနဲ့ ဦးလေးဖိန်အာစစ် အသက်ရှင်ခဲ့ရတယ်ဆိုတာ သိရတော့ ဒီဝ်ကို ကျေးဇူးတင်မိပါတယ်၊ ဦးလေးဖိန်အာစစ်ဟာ ကြံကြံဖန်ဖန် တောင်ထိပ်ကို တက်လာခဲ့တာပဲ၊ မသေကောင်း မပျောက်ကောင်း ပဲပဲချာ"

မြောင်ယိုလန်က ဦးညွှတ်၍ ပြန်လည် ဂါရဝပြုလေ၏။

"ဒီလောက်လဲ ကျွန်မ ကူညီခဲ့ရတာ မဟုတ်ပါဘူးရှင်၊ ဦးလေး ဖိန်အာစစ်ဟာ အင်မတန် အကြင်နာတရားပြည့်ဝပြီး ကျေးဇူးတရားကို သိတတ်တဲ့လူပါပဲရှင်၊ ကျွန်မ အခု ကူညီလိုက်တာကလေးဟာ သေးအဖွဲ့ကလေးပါ၊ ဘာမှ ပြောပလောက်အောင် ကြီးမားတာ မဟုတ်ပါဘူး"

မြောင်ယိုလန်၏စကားကို ကြားလိုက်ရသောအခါ ဟူဖေး ပြုံသွား၏။

"ညီမလေး မြောင်ယိုလန်က ဦးလေးဖိန်အာစစ်ကို ဘယ်တုန်း က သိခဲ့ဖူးလို့လဲ"

"ဟင့်အင်း၊ ဒီတောင်ထိပ်ရောက်မှ တွေ့ဖူးတာပါရှင်၊ သည့် အရင် ဘယ်တုန်းကမှ မသိခဲ့ဖူးပါဘူး"

"ဒါဖြင့်များ ညီမမြောင်ယိုလန်က ဦးလေး ဖိန်အာစစ်အကြောင်း ဘယ်လိုများ သိနိုင်ခဲ့တာလဲ"

မြောင်ယိုလန်မှာ ဟက်ဟက်ပက်ပက်ကလေး ရယ်မောမိရ



www.burmeseclassic.com

www.burmeseclassic.com



လေတော့သည်။

''ဒါက မဆန်းပါဘူးရှင်၊ ဒီတောင်ကလပ်ထိပ်ပေါ်ကို အစ်ကို လေးဟူဖေး မရောက်ခင်က အတိတ်ဇာတ်ကြောင်းတွေအကြောင်း တော်တော်လေး ပြောခဲ့ဆိုခဲ့ကြပါတယ်၊ ဦးလေး ဖိန်အာစစ်ဟာ ကျွန်မရဲ့ ကျွန်မရဲ့ဖေဖေနှစ်ယောက်စလုံး မေတ္တာစေတနာထားတဲ့ ကလေးငယ် တစ်ယောက်ကို ရင်ဝယ်သားလို စောင့်ရှောက်ခဲ့တာပဲဥစ္စာ၊ ဒီတော့ ကျွန်မကလဲ တတ်နိုင်သမျှ ပြန်စောင့်ရှောက်ရမှာပေါ့ရှင်''

ဟူဖေးသည် မြောင်ယိုလန်၏ အပြုအမူနှင့် အပြောအဆိုများကို လေးစားလာသည်။

သူသည် ထိုင်ခုံတစ်ခုံ၌ ဝင်ထိုင်ပြီး ခန်းမဆောင်အထက်၌ ရေးသားထားသည့် ပိတ်စကို လက်ညှိုးထိုးပြ၏။

''ဟိုစာက ဘာအဓိပ္ပာယ်လဲ ညီမမြောင်ယိုလန်ရဲ့၊ 'မွေးသတ်လျ ယင်ရှုံး' ဆိုတာ ဘာလဲ''

မြောင်ယိုလန်က ပြုံး၍.....

''ဒါကတော့ ဒီတောင်ကလပ်ထိပ်က သခင်ကြီး ရေးထားတဲ့ စာတန်းပါပဲရှင်၊ နောက်စာသားတစ်ခုကတော့ ဖေဖေကြီးရဲ့ နာမည် ကမ္ဘည်းစာတန်းပါ၊ အဲဒီ စာတန်းကို ဦးလေးဖိန်အာစစ်ရဲ့ ရင်ဘတ်မှာ ချည်နှိုင်းထားပါတယ်၊ ဒါတောင် သူ့ခမျာ တစ်ချက် အထိုးခံလိုက်ရပါ သေးတယ်ရှင်''

---



''ဘာကမ္ဘည်းစာတန်းများလဲ ညီမရဲ့''

''ဪ.....တခြားတော့ မဟုတ်ပါဘူး၊ 'မိုးအောက်မြေပြင် ပြိုင်ဘက်ကင်း ကျင်းမြန်ဖူ' လို့ ရေးထားတဲ့စာတန်းပါ၊ ဒီတောင်ကလပ် ထိပ်က သခင်ကြီး ရေးသားထားတာပါပဲ''

''မိုးအောက်မြေပြင် ပြိုင်ဘက်ကင်း ဆိုတဲ့စကားဟာ သိပ်ကျယ် ပြန့်တယ်လို့ထင်ပါတယ်၊ ညီမလေး မြောင်ယိုလန် ဘယ်လိုသဘော ရသလဲ''

မြောင်ယိုလန်သည် ဟူဖေးအား သိုင်းပညာ၌ ထက်မြက် ကောင်း ထက်မြက်မည်ဖြစ်သော်လည်း စာပေအရာ၌ သိပ်ကျွမ်းကျင် နှံ့စပ်မည်မဟုတ်ဟု ထင်ခဲ့သည်။

ယခု.....

ဟူဖေးသည် စာပေအရာ၌ပင် နှံ့နှံ့စပ်စပ် ရှိနေပုံရကြောင်း တွေ့လာရတော့သည်။

''အစ်ကိုလေးဟူဖေးက စာပေဝါသနာပါတယ်ထင်တယ်၊ ဟုတ်လား''

ဟူဖေးက ပြုံးရယ်ရင်း.....

''ဦးလေးဖိန်အာစစ်ရဲ့ ကျေးဇူးပဲဆိုပါတော့ ညီမရယ်၊ ဒါပေမယ့် သိပ်ပြောပလောက်အောင်တော့ မဟုတ်ပါဘူး''

''ဒီလောက်လဲ ကိုယ့်ကိုယ်ကို ဖုံးကွယ်မနေပါနဲ့လေ၊ ကဲပါ

www.burmeseclassic.com

www.burmeseclassic.com



ကဗျာတစ်ပုဒ်လောက် ရွတ်ပြစမ်းပါ၊ ကျွန်မကလဲ ဆက်ပြီးရွတ်ပြမှာပေါ့၊ ဒါဆိုရင် အစ်ကိုလေးဟူဖေးနဲ့ ကျွန်မတို့ တစ်ယောက်အကြောင်း တစ်ယောက် ပိုသိသွားမယ်လို့ ထင်ပါတယ်''

ဟူဖေးက ခေါင်းညိတ်လိုက်၏။

''ကောင်းပြီ၊ ဒါဆိုရင် ကျုပ် ကဗျာရေးပြမယ်''

မြောင်ယိုလန်က အံ့ဩစွာ ပြော၏။

''အစ်ကိုလေး ကဗျာရေးချင်ပေမယ့် ဒီမှာ စာရွက်နဲ့ စုတ်တံ မရှိဘူးရှင့်''

''ဟားဟားဟား..... ညီမမြောင်ယိုလန် စိတ်ထင်လို့ပါ၊ ဒီမှာ စာရွက်ရော စုတ်တံပါ ရှိနေပါတယ်''

''ရှင်''

''ဟုတ်တယ်လေ၊ ဟောဒီစားပွဲကြီးဟာ စာရွက်ပေါ့၊ စုတ်တံလဲ ဒီစားပွဲထဲမှာ ရှိနေတာပဲ''

ဟူဖေးသည် ပြောပြောဆိုဆိုဖြင့် စားပွဲခုံကို လက်ဖြင့် ခပ်ဆတ်ဆတ် ပုတ်လိုက်၏။

ဖြန်းခနဲ အသံတစ်သံ ခပ်အုပ်အုပ် ထွက်ပေါ်လာသည်။

စားပွဲပျဉ်ပြားပေါ်၌ ရိုက်ထားသည့် သံတစ်ချောင်း အနည်းငယ် ရူထွက်လာ၏။

ဒုတိယအကြိမ်မြောက် ဖြန်းခနဲ အသံထွက်လာသောအခါတွင်မူ



သံချောင်းသည် တစ်ချောင်းလုံး ကျွတ်ထွက်လာလေတော့၏။

သံချောင်းကျွတ်ထွက်လာအောင် အတွင်းအားကို ထိန်း၍ ရိုက်နိုင်သောပညာကို ဟူဖေး တတ်ကျွမ်းထားကြောင်း ဘက္ကာစိုးကြီး ယီက အံ့ဩစွာ တွေ့ရှိခွင့် ရသွားလေတော့သည်။

ဟူဖေးသည် သံချောင်းကို ဆွဲယူလိုက်ပြီး စားပွဲပေါ်၌ သံချောင်းဖြင့် လျှောက်ခြစ်တော့၏။

သံချောင်းသည် အလွန်တရာ မာကျောလှသော ပျဉ်းကတိုးပြားပေါ်၌ နစ်ဝင်သွားပြီး စာလုံးများကို ပုံဖော်နေသည်။

ဟူဖေး ရေးနေပုံမှာ စာရွက်တစ်ရွက်ပေါ်၌ စုတ်တံတစ်ချောင်းဖြင့် ရေးသားနေသကဲ့သို့ အခက်အခဲမရှိ လွယ်ကူချောမောလှပေသည်။

ဟူဖေး၏ အတွင်းအားပညာကို ကိုယ်တွေ့မျက်မြင် တွေ့နေရသော ဘက္ကာစိုးကြီးယီမှာ ကြက်သီးတဖြန်းဖြန်း ထလာလေ၏။

ဖအေထက် သားတစ်လကြီးသည် ဟူသည့် သားမျိုးပေတကား ဟု စိတ်ထဲမှ တွေးနေလေ၏။

သိုင်းပညာ လုံးဝ မတတ်ကျွမ်းသော မြောင်ယိုလန်မှာမူ ဟူဖေး၏ အတွင်းအားပညာကို ထူးခြားလေးနက်မှန်းလည်း မသိပေ။

ဟူဖေးရေးသားသည့် ကဗျာကိုသာ လိုက်ဖတ်နေသည်။

ဟူဖေး အရေးရပ်သွားသောအခါတွင် မြောင်ယိုလန်သည် ဘက္ကာစိုးကြီးယီကို ပြန်ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးယီ.....အစ်ကိုလေးဟူဖေးက ဒီလောက် မာကျောတဲ့ သစ်သားပြားကြီးပေါ် သံချောင်းနဲ့ စာရေးနိုင်တယ်နော်၊ သိပ်အံ့သြစရာ ကောင်းတာပဲ၊ ကျွန်မကတော့ သူလို ရေးနိုင်မှာ မဟုတ်ဘူးရှင့်"

ယီက တုန့်ယင်စွာ ပြောလေ၏။

"သခင်မလေး။ ဒါ.....ဒါ.....ဟာ အင်မတန် ထူးခြားတဲ့အတွင်းအားနဲ့ ရေး.....ရေးထားတဲ့စာပါ.....သူ့သိုင်း.....သိုင်းပညာက....."

မြောင်ယိုလန်က.....

"ဟုတ်လား။ ဒါ သိုင်းပညာနဲ့ ရေးတာလား။ မသိပါဘူးရှင်၊ ဒီလို သိုင်းပညာမျိုးလဲ ရှိသေးသကိုး၊ ကျွန်မတော့ ဒါတွေ နားမလည်ဘူးရှင်၊ ကျွန်မအတွက် စုတ်တံနဲ့မှင် မရနိုင်ဘူးလား"

ယီက ခေါင်းခါပြ၏။

"မရနိုင်ပါဘူး သခင်မလေး"

ယီသည် တစ်စုံတစ်ခုကို သတိရသွား၏။

"ဩော် .....ရနိုင်ပါသေးတယ်၊ သခင်ကြီး ရေးသွားလို့ကျန်တဲ့ မင်များ ရှိနေရင်တော့ ရနိုင်ပါတယ်၊ တကယ်လို့ မြေဖြူခဲများ ရရင်ကော မဖြစ်ဘူးလား"

မြောင်ယိုလန်က လက်ခုပ်လက်ဝါးတီး၍ ပြောလေ၏။

"ခစ်ခစ်ခစ်.....မြေဖြူခဲရရင် ပိုကောင်းတာပေါ့ ဦးလေးရဲ့၊ သစ်သားပြားပေါ်မှာ မြေဖြူခဲနဲ့ ရေးရတာ ပိုကောင်းတာပေါ့၊ စုတ်တံနဲ့မင် ဘယ်လိုတော့မလဲ"

ယီသည် ပြေးထွက်သွား၏။ သိပ်မကြာမီအချိန်အတွင်း မြောင်ယိုလန်၏လက်ထဲသို့ ထည့်ပေးလေ၏။

မြောင်ယိုလန်သည် ဟူဖေး ရေးသားထားသည့် ကဗျာ၏ အောက်၌ မြေဖြူနှင့် ဆက်လက်ရေးသား၏။

သူမ၏ကဗျာက ဟူဖေး၏ ကဗျာလောက် မရှည်လျားပေ။ ဟူဖေးက မြောင်ယိုလန်ရေးသားထားသည့်ကဗျာကိုဖတ်ပြီး ရယ်လေ၏။

"ညီမ မြောင်ယိုလန်ရေးထားတဲ့ကဗျာကလဲ မှန်တာပါပဲဗျာ"

သူ၏ မှတ်ချက်ချသံကို မြောင်ယိုလန်က မည်သို့မျှ မတုံ့ပြန်ပေ။ မြေဖြူခဲများကို ဘဏ္ဍာစိုးကြီးယီလက်ထဲသို့ ပြန်ထည့်ပေးနေသည်။

ဟူဖေး၏ ကဗျာစာသားမှာ-

" လူဆိုတာ ခေါင်းမာရမှာ
သုံးပေရှည်တဲ့ဓားနဲ့ ကိုးကြိမ်ကိုးခါ
အသေခံတိုက်၍ အသက်ကို ရင်းပါ
ရွှေငွေဆိုတာ အချည်းနှီးဗလာ
မုန်းသူအားလုံး စိန်ခေါ်မှာ"

မြောင်ယိုလန်၏ ကဗျာစာသားမှာ-



www.burmeseclassic.com

www.burmeseclassic.com



"အရပ်လေးမျက်နှာ ညှော်သည်များစွာ
တွေ့ကြုံဆုံကွဲ တွေ့ရခမ္မတာ
ရန်ငြိုးရှိမရှိ ဆန်းစစ်ရှေဦးစွာ"

မြောင်ယိုလန်သည် ယီဇ၏လက်ထဲသို့ မြေဖြူခဲများ ထည့်ပေးပြီးနောက် ဟူဖေးအား လှမ်းပြော၏။

"အစ်ကိုလေးဟူဖေး၊ ဒီတောင်ကာလပ်ထိပ်မှာတော့ စားစရာဆိုလို့ ဘာမှ မရှိတော့ပါဘူး။ ဒါပေမယ့် အစ်ကိုလေးဟူဖေးက ခရီးဝေးကလာရသူဖြစ်တဲ့အတွက် တစ်ခုခုနဲ့ ညှော်ခံသင့်တယ်"

သူမသည် မလှမ်းမကမ်း၌ ရောက်ရှိနေသည့် သူမ၏ အခြွေအရံ ခင်အား လှည့်၍ အမိန့်ပေးလိုက်သည်။

"ခင်ရေ ဟောဒီက အစ်ကိုလေး ဟူဖေးအတွက် ငါတို့ယူလာတဲ့ အရက်တွေထဲက အရက်တစ်အိုးလောက် ယူခဲ့ပါကွယ်"

"ဟုတ်ကဲ့ သခင်မလေး။ ကျွန်မ အခုပဲ ယူခဲ့ပါ့မယ်"

ခင်သည် လျှင်မြန်သွက်လက်စွာ ထွက်သွားသည်။

ဟူဖေးသည် မြောင်ယိုလန်ကိုလည်းမကြည့်၊ ခင်ကိုလည်းမကြည့်ချေ။

ပြတင်းပေါက်မှ အဝေးသို့မျှော်ကြည့်ရင်း သက်ပြင်းချသည်။ ထို့နောက် ခပ်တိုးတိုး ညည်းညူလေ၏။

"ဒီကနေ့တော့ တကယ့်ကို အချည်းအနှီးပါပဲ၊ ဟောဒီ



တောင်ကာလပ်ထိပ်က သခင်ကြီးက ဒီနေ့နေ့လယ်မှာ တွေ့ဆုံမယ်လို့ ချိန်းထားတယ်၊ ဒီကနေ့ နေ့လယ်လာတော့ အိမ်ရှင်လဲ မရှိတော့ဘူး၊ ဒီသခင်ကြီးက ဘယ်များ သွားအိပ်နေပါလိမ့်ကွာ"

သူက ခပ်တိုးတိုး ညည်းညူခြင်းဖြစ်သော်လည်း ထိုစကားကို မြောင်ယိုလန်ကော ဘဏ္ဍာစိုးကြီးယီပါ ကြားလိုက်ကြသည်။

ဘဏ္ဍာစိုးကြီးယီ မဖြေမီ မြောင်ယိုလန်က ကြားဖြတ်ဖြေကြားလိုက်၏။

"ဒီတောင်ကာလပ်ထိပ်က သခင်ကြီးဟာ အခု ဒီအပေါ်မှာ ရှိမနေပါဘူးရှင်"

"ဟင်.....ဟုတ်လား။ သူ့ကပဲ ကျုပ်ကို ချိန်းတယ်၊ သူပဲ ပျောက်သွားနေတယ်၊ တော်ရော့လားဗျာ"

"သူ တမင်သက်သက် ပျောက်သွားနေတာ မဟုတ်ပါဘူးရှင်၊ သူ့မိတ်ဆွေတွေဆီ ခေတ္တသွားတာပါ၊ အမှန်ကတော့ အချိန်မီ ပြန်ရောက်ဖို့ပါပဲ၊ သူ့မိတ်ဆွေတွေနဲ့ မတွေ့သေးလို့ ကြန့်ကြာနေတာလဲ ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်၊ ဒါကြောင့်မို့လဲ ကျွန်မက ဒီအိမ်ရှင် သခင်ကြီးအစား ညှော်ဝတ်ပြုတာပါပဲရှင်"

ဟူဖေးသည်မြောင်ယိုလန်၏ ပြောစကားများကို တိတ်ဆိတ်ငြိမ်သက်စွာ နားထောင်နေ၏။

မည်သည့်စကားမျှ ပြန်မပြောသော်လည်း သူ့အတွေးများကမူ

www.burmeseclassic.com

www.burmeseclassic.com



အနားမနေ ပျံဝဲနေသည်။

"မြောင်၊ ဖန့်နဲ့ ထန်မိသားစုတွေထဲမှာ သိုင်းပညာထူးချွန်တဲ့ လူစွမ်းကောင်းတွေ အများကြီး ရှိကြတယ်လို့ ဆိုကြတယ်၊ အခု ဘယ်မှာလဲ သိုင်းလူစွမ်းကောင်းတွေ၊ ဘယ်မှာ ရှောင်ပုန်းပြီး ဘယ်မှာ သွားအိပ်နေကြသလဲ မသိဘူး၊ ထားပါတော့၊ အားနွဲ့တဲ့ မိန်းကလေး တစ်ယောက်ကို အခုလို ထုတ်ပြီး ရင်ဆိုင်ခိုင်းတာကတော့ လုံးဝ မဆီလျော်တဲ့အလုပ်ကြီးပဲ"

သူသည် မြောင်ယိုလန်ကိုကြည့်ပြီး ဆက်၍ တွေးနေ၏။

"အင်း.....ဒီမိန်းကလေးဟာ ငါ့ကို တွေ့ကတည်းက လုံးဝ ကြောက်ရွံ့ပုံ မရဘူး၊ မကြောက်တဲ့အပြင် သူဟာ မြောင်ရင်ဖုန့်ရဲ့ သမီးဖြစ်တဲ့အကြောင်း၊ မြောင်မျိုးဆက် ဖြစ်တဲ့အကြောင်းတောင် ခပ်ပြောင်ပြောင် ဖွင့်ပြောလိုက်သေးတယ်၊ ကောင်းရောကွာ၊ ဟူမျိုးဆက် ငါက ဘာလုပ်ရတော့မှာလဲ"

သူသည် သတိဝီရိယကြီးသူဖြစ်၍ သူ့ကိုယ်သူ ဆက်၍ သတိပေးနေပြန်သည်။

"ငါ သတိထားရမယ်၊ ဒီမိန်းကလေး ငါ့ကို မကြောက်ပုံ ထောက်ရင် သိုင်းပညာ သိပ်အစွမ်းထက်နေလို့ပဲ ဖြစ်ရမယ်၊ ကြောင် လက်သည်းဝှက်သလို ဝှက်တတ်တဲ့လူတွေဟာ ဒီလောကကြီးထဲမှာ အနမတဂ္ဂ ရှိနေတယ် ဆိုတာတော့ ငါ သတိလစ်လို့ မဖြစ်ဘူး၊ သူ



ဟန်ဆောင်ချင် ဟန်ဆောင်နေမှာ"

သူ့အတွေးမဆုံးမီ ခင် ပြန်ရောက်လာ၏။

သူမ၏လက်ထဲ၌ သစ်သားဗန်းတစ်ချပ် ပါလာသည်။

ထိုဗန်းပေါ်၌ အရက်အိုးတစ်လုံး ပါသည်။

မြောင်ယိုလန်သည် ဗန်းပေါ်မှ အရက်အိုးကို စားပွဲပေါ် မှလိုက်ပြီး ပန်းကန်လုံးတစ်လုံးထဲသို့ လောင်းငှဲ့ထည့်သည်။

"အစ်ကိုလေးဟူဖေး၊ ဒီတောင်ထိပ်ကလူတွေက ရယ်စရာ ဖြစ်နေတယ်ရှင့်"

ဟူဖေး အံ့ဩသွားသည်။

"ဘာများပါလိမ့်ဗျာ"

"ဒီတောင်ထိပ်မှာ အစတုန်းကတော့ ကြက်၊ ဘဲ၊ ဝက် အကုန်ရတယ်ရှင့်၊ အသီးအနှံကအစ ဆိုပါတော့ရှင်"

"ဘာလဲ.....အခု မရတော့ဘူးလို့ ဆိုလိုတာလား"

'မှန်ပါတယ်ရှင်၊ အခု မရတော့ပါဘူး၊ ဒါကြောင့်မို့ ကျွန်မတို့ ယူလာတဲ့ ကိုယ်ပိုင်အရက်နဲ့ အစ်ကိုလေး ဟူဖေးကို ဧည့်ခံရတာပေါ့ရှင်"

"ဘာဖြစ်လို့လဲ ညီမရဲ့၊ အဲဒီရိက္ခာတွေ ဘယ်ရောက်သွားလို့လဲ"

"အစ်ကိုလေးရဲ့ ဦးလေး ဖိန်အာစစ်က ဖျက်ဆီးပစ်လိုက် ပြီလေ၊ ဒါကြောင့် အခု–အရက်ချည်းသက်သက်ပဲ ရှိတော့တာလို့၊

www.burmeseclassic.com

www.burmeseclassic.com



ဒါတောင် ကျွန်မကိုယ်ပိုင်မို့လို့နော်''

ဟူဖေးသည် အရက်အိုး ထည့်လာသည့် သစ်သားဗန်းကလေး ကို ကြည့်လိုက်၏။

ထိုဗန်းကလေးသည် သူနှင့် မြောင်ယိုလန်တို့၏ အကြား၌ တည်ရှိနေသည်။

သူသည် သစ်သားဗန်းကိုကြည့်ပြီး တစ်စုံတစ်ခုကို ပြုလုပ်ရန် ဆုံးဖြတ်ချက်ချလိုက်သည်။

မြောင်ယိုလန်သည် အရက်ကို ပန်းကန်လုံးထဲ ငှဲ့ပြီးနောက် ဟူဖေး၏ လက်လှမ်းမီရာ၌ ချထားပေးလိုက်သည်။

ထို့နောက် သူမ၏ခါးစည်းကြိုးကို ပြင်စည်းသည်။

ထိုအချိန်မှာပင် ဟူဖေးက သူ့ရှေ့ရှိ သစ်သားဗန်းကို သူ၏ လက်ချောင်းကလေးများဖြင့် ဆတ်ခနဲ တွန်းထုတ်လိုက်သည်။

သစ်သားဗန်းသည် ပြင်းထန်သော အရှိန်အဟုန်ဖြင့် မြောင်ယို လန်၏ လည်ပင်းဆီသို့ ခုန်ပျံပြေးဝင်သွားတော့သည်။

သစ်သားဗန်း စတင်ပြေးထွက်လာချိန်မှာပင် မြောင်ယိုလန်၏ ဆတ်ခနဲ ခေါင်းငုံ့လိုက်သဖြင့် သစ်သားဗန်းသည် မြောင်ယိုလန်၏ ခေါင်းပေါ်မှ ဖြတ်ကျော်သွားကာ ခန်းမဆောင်ကြီး၏နံရံသို့ 'ဖြန်း' ခနဲ ဝင်ထိုက်တော့၏။

နံရံမှ သစ်သားစများ ဖွာထွက်သွားရာ မြောင်ယိုလန်၏



လည်ပင်းကိုသာ ထိမိလျှင် မည်သို့ဖြစ်မည်ကို တွေးဝံ့စရာ မရှိတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

## ပြတ်သွားသော ဇျပ်စောင်းကြိုး

ဘဏ္ဍာစိုးကြီးယီသည် ဟူဖေး၏တိုက်ကွက်ကို မြင်လိုက်သည်။ သို့သော်.....

သူ့ပညာမှာ ဟူဖေး၏ ခြေဖျားကိုပင် မမီကြောင်း သိသဖြင့်-

"သခင်မလေး"ဟု စိုးရိမ်တကြီး အော်မိရုံမှအပ ဘာမျှ မတတ်နိုင်ခဲ့ပေ။

သူ့အသက်နှင့်လဲ၍ ဝင်တိုက်ခိုက်သော်လည်း မြောင်ယိုလန်၏ အသက်ကို ကယ်နိုင်မည်မဟုတ်ကြောင်း သူ သိသည်။

ယီ စိုးရိမ်နေသည့်အချိန်မှာပင် မြောင်ယိုလန်က ဆတ်ခနဲ ခေါင်းငုံ့ခါးညွတ်သွားသဖြင့် သေမင်းသည် သူမ၏ဦးခေါင်းပေါ်မှ



ဖြတ်ကျော်သွားခဲ့သည်။

မြောင်ယိုလန်သည် ယီ၏ 'သခင်မလေး'ဟူသော အော်သံ၊ ဖြန်းခနဲ မြည်ဟည်းသွားသံများကို ကြားသိလိုက်ရသဖြင့် ချက်ချင်း ခေါင်းထောင်လာ၏။

သူမ သေရွာမှပြန်ခဲ့ပြီဖြစ်ကြောင်း သူမ အလျှဉ်းသိပုံမရပါ။

"ဦးလေးယီ ဘာဖြစ်လို့လဲ"

"သ.....သခင်.....သခင်မလေး"

"ဘာဖြစ်လို့လဲရှင့်၊ စောစောက ဖြန်းခနဲအသံက ဘယ်က ပေါ်လာတာလဲ"

"သခင်မလေး ဘာဖြစ်လို့ ခေါင်းငုံ့လိုက်တာလဲ၊ သစ်သားဖန်း ပျံလာတာ တွေ့လို့လား"

"ဘယ်က သစ်သားဖန်းလဲရှင့်၊ သစ်သားဖန်းက ဘယ်လိုလုပ် ပျံနိုင်မှာလဲ၊ ဒီမှာလေ ကျွန်မယပ်တောင်လေး ခါးစည်းကြိုးထဲက ပြုတ်ကျ သွားလို့ ငုံ့ကောက်လိုက်တာပါ"

သူမသည် ယပ်တောင်လေးကို ယီမြင်အောင် ထောင်ပြပြီး သူမ၏ခါးစည်းကြိုးကြား၌ ပြန်လည်ထိုးထည့်လိုက်လေ၏။

ဟူဖေးမှာ ပါးစပ်အဟောင်းသား မျက်လုံးအပြူးသားဖြင့် မြောင်ယိုလန်ကို ငေးကြည့်နေ၏။

သေနေ့မစေ့သူအတွက် သေမင်းသည် မည်သည့်အခါမျှ

www.burmeseclassic.com

www.burmeseclassic.com



ထိုလူ့အနီးသို့ ကပ်လာခြင်း မရှိပေ။

ဟူဖေးမှာ သူ၏စမ်းသပ်မှုသည် အလွန်အကျွံ စမ်းသပ်မှု ဖြစ်ကြောင်း နောင်တ ရသွားလေ၏။

ကံကြမ္မာသာ စောင်မခြင်းမရှိပါက သိုင်းပညာလုံးဝ မတတ် မြောက်သည့် မြောင်ယိုလန်သည် ယခုအချိန်၌ ခေါင်းပြတ်၍ သေဆုံးနေလေပြီ။

\+ + +

ဟူဖေးက ထစ်ငေါ့စွာ မေးလေ၏။

"ညီ.....ညီ.....ညီမလေး မြောင်ယိုလန်၊ ညီ.....ညီမရဲ့ အဖေဟာ မိုးအောက်မြေပြင် ပြိုင်ဘက်ကင်း ကျင်းမြန်ဖူ့ မြောင်ရင်ဖုန့် ဟုတ်ပါတယ် နော်"

မြောင်ယိုလန်က နားမလည်နိုင်စွာ ပြန်ကြည့်ကာ.....

"ဟုတ်ပါတယ်၊ ဖေဖေ့ကို တစ်ချို့က 'သိုင်းလောက ပြိုင်ဘက် ကင်း'လို့ ခေါ်ကြတယ်၊ တစ်ချို့ကတော့ 'မိုးအောက်မြေပြင် ပြိုင်ဘက်ကင်း'လို့ ခေါ်ကြတယ်၊ တစ်ချို့ကတော့ 'ရွှေမျက်နှာ တန်နိုးရှင်' လို့ခေါ်ကြတယ်၊ တစ်ချို့ ရင်းနှီးတဲ့လူတွေကတော့ မြောင်ရင်ဖုန့်လို့ နာမည်ရင်းကို ခေါ်ကြပါတယ်၊ ဘာဖြစ်လို့လဲရှင့်"

"ညီမရဲ့ဖခင်က ကျင်းမြန်ဖူ့ မြောင်ရင်ဖုန့်ဖြစ်လျက်နဲ့ ညီမက ဘာဖြစ်လို့ သိုင်းပညာသင်မပေးတာလဲ၊ မြောင်မိသားစုရဲ့ သိုင်းပညာဟာ



ထိပ်ကောင်းတယ်လို့ ကျော် ကြားဖူးထားခဲ့ပါတယ်"

"ဪ.....ဪ ဒါလား၊ ဖေဖေက ကျွန်မကို သိုင်းပညာ သင်မပေးတာက ရန်ငြိုးရန်စအားလုံး ပြေပျောက်သွားစေချင်လို့ပါပဲရှင်၊ ဖေဖေ့ရည်ရွယ်ချက်ကတော့ ဒါပါပဲ"

"ရန်ငြိုးရန်စတွေ ပျောက်သွားစေချင်လို့ ဟုတ်လား"

"ဟုတ်ပါတယ်ရှင်၊ ရန်ငြိုးတွေ ပျောက်ကွယ်သွားစေချင်လို့ပါ။ ဒါကြောင့် ဒီသိုင်းပညာကို ကျွန်မကိုလဲ သင်မပေးဘူး။ ဘယ်တပည့်ကို မှလဲ လက်မခံဘူး။ ဖေဖေဟာ မြောင်မိသားစုရဲ့ သိုင်းပညာကို ဘတ်ကျွမ်းထားတဲ့ နောက်ဆုံးပုဂ္ဂိုလ်ပဲ၊ ဖေဖေသေသွားပြီဆိုရင် မြောင် မိသားစုရဲ့ သိုင်းပညာလဲ ဒီလောကထဲက ပျောက်ကွယ်သွားပါပြီ"

ဟူဖေးမှာ ငေးကြောင်ကြောင်ကြီး ဖြစ်သွားလေတော့သည်။

ဒီစကားမျိုးကို သူ့တစ်သက်နှင့်တစ်ကိုယ် တစ်ကြိမ်မျှ မကြား ဖူးချေ။

အတန်ကြာ ငေးကြောင်နေပြီးမှ လက်ထဲရှိ အရက်ပန်းကန် လုံးကို ပါးစပ်၌တေ့ကာ တရှိန်ထိုး မော့ချလိုက်လေတော့သည်။

"သူရဲကောင်းကြီး မြောင်ရင်ဖုန့်.....မြောင်ရင်ဖုန့်၊ ဒီလောက ထဲမှာ မြောင်ရင်ဖုန့်ဟာ တစ်ယောက်တည်းပဲ ရှိတယ်၊ တကယ်လဲ မိုးအောက်မြေပြင် ပြိုင်ဘက်ကင်းလို့ ခေါ်ဆိုလောက်ပါပေရဲ့ဗျာ၊ သစ္စာ ဘက်တော်သားကြီးလို့ သိုင်းလောကက သတ်မှတ်တာလဲ သွေး

www.burmeseclassic.com

www.burmeseclassic.com



ထွက်အောင် မှန်လှပါပေ့ဗျာ''

သူသည် တတွတ်တွတ်ရွတ်ရင်းအရက်ကို တစ်ခွက်ပြီးတစ်ခွက် ငုံ့သောက်လေတော့၏။

သူသည် အရက်သောက်ရင်း တွေးနေသည်။

မည်သည့်လူသားသည် မိမိတို့၏ မျိုးရိုးစဉ်ဆက်သိုင်းပညာကို စွန့်လွှတ်နိုင်ပါအံ့နည်း။

ရိုးရိုးစွန့်လွှတ်ခြင်းက မထူးဆန်းချေ။

မြောင်ရင်ဖုန့်၏ စွန့်လွှတ်နိုင်ခြင်းက အလွန်ထူးဆန်းနေပေသည်။

ဟူ၊ မြောင်၊ ဖန့် နှင့် ထန်ဟူသော မိသားစုကြီးများဖြင့် အသက်ရှင်သန်ရေး၊ နှစ်ကာလကြာရှည်စွာ မျိုးဆက်တည်တံ့ရေးမှာ သိုင်းပညာထူးချွန်မှုအပေါ်၌ လုံးဝ တည်မှီနေသည်။

သိုင်းပညာ အနည်းငယ် ပျောက်လျော့သည်နှင့် ရန်သူမိသားစုက လာရောက်သတ်ဖြတ်မည်မှာ သေချာနေသည်။

ယခု မြောင်ရင်ဖုန့် ပြုလုပ်လိုက်သည့် အပြုအမူကြီးမှာ သတ်လိုက သတ်ကြတော့၊ သေချင်သေပါစေတော့၊ မျိုးဆက်ပြတ်လျှင် ပြတ်စေတော့၊ ရန်ငြိုးပြေလျှင် တော်ပြီဟူသည့် အံ့ဖွယ်သရဲ လေးနက်သော အဓိပ္ပာယ်ရှိနေလေတော့သည်။

မြောင်ယိုလန်ကမူ သူ့ဖခင် အစီအစဉ်ကို သာမန်အားဖြင့်သာ

———❀———



ပြောပြသည်။

''အစ်ကိုလေး ဟူဖေး အစ်ကိုလေး အရက်သောက်တာ မြင်မှ ဖေဖေပြောခဲ့တာတွေ ပြန်သတိရလာတယ်''

''ဘာများလဲ ညီမမြောင်ယိုလန်''

''ဟိုတစ်ချိန်တုန်းကလဲ ကျွန်မရဲ့ဖေဖေကို အစ်ကိုလေး ဟူဖေးရဲ့ဖေဖေက တိုက်ပွဲမစခင် အရက်တိုက်ခဲ့သေးသတဲ့''

''ညီမ မြောင်ယိုလန်ရဲ့ဖေဖေက သောက်တာပဲလား''

''သောက်တာပေါ့၊ အဲဒီလို သောက်လို့ ဘေးကပါလာတဲ့ လူတွေကတောင် မသောက်ဖို့ ဝိုင်းတားကြသေးသတဲ့၊ အဆိပ်ခတ်ထားမှာစိုးလို့တဲ့လေ''

''အဲဒါကတော့ ကျုပ်အဖေကို စော်ကားတာပဲ၊ ကျုပ်အဖေက ဒါမျိုး ဘယ်တော့မှမလုပ်ဘူး''

''မှန်ပါတယ်၊ ဖေဖေကလဲ အဲဒီလိုပဲပြောပါတယ်၊ ဟူယိတောင်းဟာ အောက်တန်းကျတဲ့အလုပ်မျိုးကို ဘယ်တော့မှ လုပ်မှာ မဟုတ်ဘူးလို့ပြောပြီး ဟူယိတောင်းပေးတဲ့အရက်တွေကို တစ်ခွက်ပြီးတစ်ခွက် မော့သောက်တာပဲတဲ့ရှင်''

ဟူဖေးသည် သောက်မည့်ဆဲဆဲ အရက်ခွက်ကို စားပွဲပေါ်သို့ ပြန်တင်လိုက်၏။

''ဒါတော့ ကျုပ် ယုံပါတယ်၊ မိုးအောက်မြေပြင် ပြိုင်ဘက်ကင်း

———❀———

www.burmeseclassic.com

www.burmeseclassic.com



ကျွင်းမြန့်ဖူးဟာ သူ့အသက်သေတာတောင် သူတစ်ပါးကို အမှုအရာ၊ အပြောအဆိုနဲ့ စော်ကားမှာ မဟုတ်ပါဘူး''

မြောင်ယိုလန်က ရယ်ရင်း.....

''အခု အစ်ကိုလေးဟာ ကျွန်မတိုက်တဲ့ အရက်ကို တစ်ခွက်ပြီး တစ်ခွက်သောက်နေတယ်၊ ကျွန်မ အဆိပ်ခတ်ထားမှာကိုရော မကြောက်ဘူးလား''

''ဟားဟားဟား.....''

ဟူဖေးသည် တဟားဟား အော်ရယ်တော့၏။

သူသည် ပါးစပ်ထဲမှ တစ်စုံတစ်ခုကို သူ့လက်ဝါးပေါ်သို့ ပြန်လည်ထွေးထုတ်လိုက်၏။

ဆေးနီလုံးကလေးတစ်လုံးကို မြောင်ယိုလန် မြင်တွေ့နေရလေသည်။

''ဒီမှာ တွေ့လား။ ဒါ ဘာလို့ ထင်သလဲ''

''ဆေးလုံးပဲ၊ ကျွန်မတော့ ဒါပဲ သိတယ်''

''ဟုတ်တယ်၊ ဒီဆေးလုံးက အဆိပ်ပြေစေတယ်၊ ဘယ်လောက်ပြင်းတဲ့အဆိပ်ပဲဖြစ်ဖြစ် ဒီဆေးလုံးနဲ့ထိသွားရင် အဆိပ်ပြေသွားတာပဲ''

မြောင်ယိုလန်က ပြုံး၍ပြောလေ၏။

''အစ်ကိုလေး ဟူဖေးက ကျွန်မအပေါ် အယုံအကြည် မရှိဘူး ဆိုပါတော့ရှင်''



''ဟားဟားဟား..... ဒါတော့ ကျုပ်ကို အပြစ်မတင်နဲ့ ညီမရဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်ဖခင်ကြီးက သူများ လုပ်ကြံလို့ သေသွားရတာမဟုတ်လား။ အဖေတစ်ယောက်လုံး သေဆုံးသွားခဲ့ရတဲ့ သင်ခန်းစာကိုမှ ကျုပ် မယူတတ်ရင် ကျုပ်လောက် မိုက်တဲ့လူ ရှိပါဦးမလား။ ဒါပေမယ့် ဒီတစ်ကြိမ်မှာတော့ ချွင်းချက်ထားရလိမ့်မယ်''

''ဘာချွင်းချက်လဲ''

''မိုးအောက်မြေပြင် ပြိုင်ဘက်ကင်း ကျွင်းမြန့်ဖူးဟာ အဆိပ်ဖြေဆေးသောက်မထားဘဲနဲ့ ဖေဖေ့အပေါ် ယုံကြည်မှု အပြည့်အဝနဲ့ ဖေဖေတိုက်တဲ့အရက်ကို သောက်ခဲ့တယ်၊ ကျုပ်က ကျွင်းမြန့်ဖူးရဲ့ သမီးအပေါ်မှာ ယုံကြည်မှု မရှိဘူးဆိုရင် တရားမျှတမှု ဘယ်ရှိတော့မလဲ''

သူသည် အဆိပ်ဖြေဆေးလုံးကို အိတ်ထဲသို့ ထည့်လိုက်၏။ ထို့နောက် အရက်များကို တစ်ခွက်ပြီးတစ်ခွက် မော့သောက်လေတော့သည်။

\+ + +

မြောင်ယိုလန်က ပြုံး၍ ပြောသည်။

''ဒီတောင်ပေါ်မှာ အစ်ကိုလေးဟူဖေး မြည်းလို့ ရနိုင်တဲ့ အစားအစာဆိုလို့ ဘာမှမရှိပါဘူး။ ကျွန်မတော့ သိပ်အားနာတာပါပဲရှင်၊ ကျွန်မဖေဖေကြီးတုန်းကတော့ ဘဘကြီးဟူဟာ အရက်နဲ့လဲ ဧည့်ခံခဲ့သတဲ့၊ အစားအသောက်တွေနဲ့လဲ အလျှံပယ် ဧည့်ခံခဲ့သတဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ကျွန်မဆီမှာ အစ်ကိုလေး ဟူဖေးကို ဧည့်ခံစရာပစ္စည်း တစ်မျိုးတော့ ရှိပါတယ်၊ အဲဒါကို တောင်အောက်ကတည်းက ယူလာခဲ့ပါတယ်''

''ဘာပစ္စည်းလဲ ညီမမြောင်ယိုလန်ရဲ့''

''တရုတ်ဗျပ်စောင်းလေ၊ အစ်ကိုလေးဟူဖေး နားထောင်မယ်ဆိုရင် ကျွန်မ တီးခတ်ဖျော်ဖြေပါ့မယ်၊ နားထောင်မလားဟင်''

ဟူဖေးက သူ့ပေါင်ကို လက်ဝါးဖြင့် ပုတ်လျက် အားရကျေနပ်စွာ ပြော၏။

''ကျုပ်က အရက်သောက်တာလဲ ဝါသနာပါတယ်၊ ခုန်တာပေါက်တာလဲ ဝါသနာပါတယ်၊ ဟားဟားဟား..... ပျော်စရာ ရွှင်စရာ မှန်သမျှ အကုန်ဝါသနာပါတယ် ညီမရဲ့၊ တီးသာတီးပါ၊ ကျုပ်ကောင်းကောင်းကြီး နားထောင်ပါ့မယ်''

ရှိစန်းဟူဖေးသည် သူ့ဖခင် ဟူယီတောင်းနှင့် အလုံးအရပ် အသွင်အပြင် တူသည်သာမက အကျင့်စရိုက်ပါ တူသည်။ ပွင့်ပွင့်လင်းလင်း ရှိသည်။

ပျော်ပျော် နေတတ်သည်။

မတရားမှုကို မလုပ်။

ဟူဖေး၏ဖခင် ဟူယီတောင်း လုယက်တိုက်ခိုက်ခဲ့သူများမှာ တောင်သူလယ်သမားများ၊ ဆင်းရဲသားနှင့် နင်းပြားများ မဟုတ်ပေ။



မန်ချူး အရာရှိဆိုးများ၊ မြေရှင်ဆိုးများနှင့် လူဆိုးလူယုတ်မာပြုများသာ ဖြစ်ပေသည်။

ဟူဖေးသည်လည်း လူကောင်းသူကောင်းများကို လုံးဝ အန္တရာယ်မပြုခဲ့ပေ။

မြောင်ယိုလန်က အတီးအမှုတ်နှင့် ဧည့်ခံမည်ဆိုသောအခါ သူ၏စိတ်ရင်း သဘာဝတွင် ဘွင်းဘွင်းကြီး ပေါ်လာတော့၏။

မြောင်ယိုလန်၏စကားကို ကြားပြီးသည်နှင့် ခင်သည် ဗျပ်စောင်းကြီးကို ယူလာပြီး သူ့သခင်မလေး၏လက်ထဲသို့ ထည့်ပေးလိုက်၏။

မြောင်ယိုလန်သည် တရုတ်ရှေးဟောင်းတူရိယာကြီးကို ပွေ့ပိုက်လျက် ရှစ်လုံးစပ် တေးကဗျာတစ်ပုဒ်ကို တီးခတ်လေတော့၏။

ထိုတေးကဗျာမှာ အရက်သမား ဧည့်သည်တော် သက်တော်ရာကျော်ရှည်ပါစေသတည်းဟူသော အဓိပ္ပာယ် ပါရှိလေသည်။

မြောင်ယိုလန် တီးခတ်နေသည့်တေးမှာ မြူးကြွမှုရှိ၍ ဟူဖေးသည် စိတ်ဓာတ်တက်ကြွလာသည်။

''အရက်လဲ ရှိတယ်၊ တေးသီချင်းလဲ ရှိတယ်၊ ဗျပ်စောင်းလဲ ရှိနေမှတော့ ဓားတစ်စင်း မရှိရင် ဘယ်သဘာဝကျမလဲ၊ ကျုပ်က ဓားရှည်တစ်စင်းနဲ့ ကမယ်''

မြောင်ယိုလန်က ဗျပ်စောင်းကို တီးခတ်နေရင်းမှ ခေါင်းညိတ်

www.burmeseclassic.com

www.burmeseclassic.com



ပြုသည်။

ဟူဖေးသည် သူ့ကျောတွင် သိုင်းလွယ်ထားသည့် ဓားရှည်ကို ဆွဲထုတ်လိုက်၏။

ဓားအိမ်ကိုလည်း ခါး၌ ချိတ်လိုက်သည်။

ထို့နောက် မြောင်ယိုလန်၏ တီးကွက်အတိုင်း ဓားသိုင်းက ကလေတော့သည်။

ဟူဖေး၏ ဓားသိုင်းကပုံမှာ အလွန်ကောင်းကြောင်း ဘဏ္ဍာစိုး ကြီးယီက မှတ်ချက်ချ၏။

ဟူဖေးသည် သူ့ဖခင်ထက် တော်သည်မှာ ထင်ရှားသည်။

ဓားသိုင်းပညာသာမက အနုပညာ စာပေပညာဘက်ပါ အတော် ကလေး ထူးချွန်ပေသည်။

နှလုံးရည်ရော လက်ရုံးရည်ပါ စွယ်စုံထူးချွန်သူသည် သိုင်း လောက၌ ရှားပါးလှပေသည်။

မြောင်ယိုလန်သည် ဖျပ်စောင်းတူရိယာကို တီးခတ်ရင်း ဟူဖေးကို ကြည့်နေ၏။

"အစ်ကိုလေးဟူဖေးကို ဦးလေးဖိန်အာစစ်က အတော့်ကို ကြည့်ရှုစောင့်ရှောက်ခဲ့တာပဲ၊ ဖေဖေ ကျွေးမွေးစောင့်ရှောက်ရင်လဲ သူ့ကို သည့်ထက်ပိုကောင်းအောင် စောင့်ရှောက်နိုင်မှာ မဟုတ်ပါဘူး။ ဖေဖေသာ အစ်ကိုလေးဟူဖေးကို တွေ့ရင် သိပ်ပြီးချစ်မြတ်နိုးမှာ သေချာပါတယ်"



ဟူဖေးသည် ဓားသိုင်းကရင်း စိတ်ခါတ်တက်ကြွလာသဖြင့် သူကိုယ်တိုင် သီချင်းတကြော်ကြော် အော်ဆိုတော့သည်။

သူတစ်ပါးက သူ့ကို ကဲ့ရဲ့မည်ကိုလည်း မစိုးရိမ်၊ ချီးမွမ်းမည် ကိုလဲ ဂရုမစိုက်သော လူပျော်ကလေးတစ်ဦးပေတည်း။

သူပျော်မည်သာ ပျော်နေသည်။ သူရောက်ရှိလာသည့်ကိစ္စမှာ မိတ်ဆုံပျော်ပွဲ မဟုတ်ပေ။

သခင်ကြီးဆိုသူကို တိုက်ခိုက်ရန်၊ အခြားရန်ငြိုးရန်စ ရှိသူများ တွေ့မြင်ပါကလဲ တုံ့ပြန်ရန် ဤတောင်ကာလပ်ထိပ်သို့ ရောက်ရှိလာခြင်း ဖြစ်သည်။

မြောင်ယိုလန်သည် ပြုံးပြုံးရွှင်ရွှင်ပင် ဟူဖေး ကနိုင်မည့် တီးကွက်များကို တီးခတ်ပေးလျက်ရှိနေ၏။

ထိုစဉ် ဖျပ်စောင်းတူရိယာ၏ ကြိုးတစ်ချောင်းသည် ထောက်ခနဲ ပြတ်သွားလေတော့၏။

တေးသံရပ်သွားသဖြင့် ဟူဖေး၏ကကွက်လည်း ရပ်သွား၏။

ဟူဖေးက.....

"ညီမလေး မြောင်ယိုလန် ဘာဖြစ်သွားတာလဲ"

"စောင်းကြိုးပြတ်သွားတာ အစ်ကိုလေး။ အစ်ကိုလေး ဆက်က ချင်သေးလို့လား"

"နေပါစေတော့ ညီမလေးရာ၊ တော်လောက်ပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



သူသည် တးရှည်ကို ခါးကြားရှိ ဓားအိမ်အတွင်းသို့ ပြန်လည် ထိုးသွင်းလိုက်ပြီး.....

"ဒီတောင်ထိပ်က သခင်ကြီးကလဲ ခုထက်ထိ ပြန်မရောက် သေးဘူး။ သူမရောက်တဲ့နေ့တော့ သိုင်းပညာပြိုင်ဖို့ကိစ္စ ဘာမှ ဖြစ်မြောက် မှာမဟုတ်ဘူး။ ကဲ..... ခုတော့ ပြန်ဦးမယ်၊ သခင်ကြီးလာရင် ညီမကပဲ အမှာစကားပြောလိုက်စမ်းပါ၊ နက်ဖြန်ကျမှ တစ်ခေါက်လာခဲ့မယ်လို့"

မြောင်ယိုလန်သည် ဗျပ်စောင်းတွေရှိယာကို အောက်သို့ အသာ အယာချပြီး ဟူဖေးအား ဦးညွှတ်ဂါရဝပြုလိုက်သည်။

"စိတ်ချပါ အစ်ကိုလေး၊ သခင်ကြီး ပြန်လာရင် နှင်းတောင် မြေခွေး လာသွားတဲ့အကြောင်း။ မနက်ဖြန်ကျမှ တစ်ခေါက် ပြန်လာမယ် ဆိုတဲ့အကြောင်း ကျွန်မ ဆက်ဆက်ပြောလိုက်ပါ့မယ်ရှင်"

ဟူဖေးက ခေါင်းညိတ်ပြသည်။

"ကျေးဇူးပါပဲ ညီမရယ်၊ ကဲ ဒါဆိုရင် ဦးလေးဖိန်အာစစ်ကို ခေါ်ပြီး ပြန်ရုံပဲ ရှိတော့တာပေါ့"

ဟူဖေးသည် အရှေ့ဘက်အခန်းထဲသို့ ဝင်သွားကာ ဖိန်အာစစ် အား ထမ်း၍ ခေါ်ဆောင်လာ၏။

မြောင်ယိုလန်က လှမ်းမေးသည်။

"ဦးလေးဖိန်အာစစ်ကို ဒီအတိုင်း ချီပိုးပြီး အစ်ကိုလေး ဟူဖေး တောင်အောက် ဆင်းနိုင်ပါ့မလား"



ဟူဖေးက ရယ်လိုက်၏။

"ရပါတယ်၊ ဦးလေးဖိန်အာစစ်က လုံးဝ သတိမေ့နေတာမှ မဟုတ်တာ၊ သူက ကျုပ်ကို ထိန်းပြီး ဖက်ထားရင် ကြိုးကိုဆွဲပြီး ကောင်းကောင်း ဆင်းနိုင်ပါလိမ့်မယ်"

မြောင်ယိုလန်သည် ဟူဖေးနှင့် ဖိန်အာစစ်တို့အား တောင်နှုတ် ခမ်းစွန်းအထိ လိုက်ပို့သည်။

ဟူဖေး၏ သိုင်းပညာမှာ လွန်စွာထက်မြက်လှသဖြင့် ဖိန်အာစစ် ကို ချီပိုးထားလျက်နှင့် တောင်အောက်သို့ လွယ်ကူစွာ ဆင်းသက် သွားလေတော့သည်။

မကြာမီ အချိန်အတွင်းမှာပင် ဟူဖေးနှင့် ဖိန်အာစစ်တို့သည် မြောင်ယိုလန်၏ မြင်ကွင်းအတွင်းမှ လုံးဝပျောက်ကွယ်သွားလေတော့ သတည်း။

♛ ♛ ♛

(စာစဉ်-၃) ပြီး၏။

(စာစဉ်-၄)ကို ဆက်လက်ဖတ်ရှုပါရန်

တက္ကသိုလ်နေလင်းအောင်

www.burmeseclassic.com